မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily
■ ၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်    ၂၀၁၅ ခုနှစ်၊ ဇွန် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊    အတွဲ [၅၄]၊ အမှတ် [၂၄၈]

## နိုင်ငံတော်သမ္မတဦးသိန်းစိန် ပေါ်တူဂီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော်  ဇွန်  ၁၀**

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ ပါမောက္ခ အာနီဘယ် ကာဗာကို ဆီးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❁

# ရှမ်းပြည်နယ် အင်းလေးဒေသဖွံ့ဖြိုးရေးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတဦးသိန်းစိန် အင်းလေးဖောင်တော်ဦးဘုရားတွင် ဂေါပကအဖွဲ့၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်း၊ စာမျက်နှာ-၈) (ဓာတ်ပုံ-ပြန်/ဆက်)

**နိုင်ငံတကာ**

### အိန္ဒိယတွင် မုတ်သုံဝင်သော်လည်း အပူလှိုင်းကြောင့် လူ ၄၀ သေဆုံး

စာမျက်နှာ ❖ ၄

**တွေ့ဆုံမေးမြန်း**

### ဖိအားပေးမယ့်အစား သတင်းမီဒီယာတွေနဲ့ လွတ်လွတ်လပ်လပ် စကားပြောရဲအောင် နားလည်မှုနဲ့ ပံ့ပိုးမှုတွေ အများကြီးပေးသင့်

စာမျက်နှာ ❖ ၁၀

**ပြည်တွင်း**

### မိတ္ထီလာ(မြောက်ကန်) တူးဖော်နေရာမှ ပုံးသီးကြီးနှစ်လုံး တွေ့ရှိ

စာမျက်နှာ ❖ ၁၂



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငါးသယံဇာတပွားများအောင်ကြိုးပမ်း

ငါးစားသုံးမှုပုံစံများ တိုးတက်လာခြင်း၊ ခေတ်မီငါးဖမ်းလုပ်ငန်းများ ပိုမိုများပြားလာခြင်းတို့ကြောင့် ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းအင်းအိုင်များအတွင်း သဘာဝအလျောက် ရှင်သန်ပေါက်ပွားသော ငါးသယံဇာတမှာ တဖြည်းဖြည်းလျော့ပါးလာလျက်ရှိသည်။ လူတို့အနေဖြင့် ငါးကိုဖမ်းယူစားသုံးမှု သက်သက်မျှသာရှိခဲ့ကြသည်။ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ပွားများအောင် ပြန်လည်စိုက်ထည့်မွေးမြူမှုမှာ အလွန်ပင်နည်းပါးကြ၏။ သို့အတွက် ငါးသယံဇာတမှာ တဖြည်းဖြည်းရှားပါးလာလျက်ရှိ၏။ ငါးဖမ်းယူစားသုံးမှုနှင့် ပြန်လည်စိုက်ထည့်မွေးမြူမှုတို့ကို အချိုးညီမျှတအောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ငါးရှားပါးမှုပြဿနာကို ရင်ဆိုင်ရဖွယ်ရှိသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ငါးသယံဇာတ ပွားများအောင် အလေးထားဆောင်ရွက်နေပြီဖြစ်ပါသည်။ အထူးသဖြင့် မိုးရာသီကာလတွင် မြစ်ချောင်းအင်းအိုင်များအတွင်း ငါးသားပေါက်များစိုက်ထည့်ခြင်းလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်း၊ ဆည်တမံများနှင့် စပါးခင်းများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးကောင်ရေ ၄၂ ဒသမ ၂ သိန်း စိုက်ထည့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်(ငါးကဏ္ဍ) ကို ခွင့်ပြုချထားငွေကျပ် သန်း ၃၉၀၀ ကိုအသုံးပြု၍ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ စီဖြင့် ကျေးရွာပေါင်း ၁၃၀ တွင် ငါးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

တစ်ဖန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ငါးစားသုံးမှု ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးမွေးမြူသူ တောင်သူများအတွက် လိုအပ်သည့် ငါးသားပေါက်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ တစ်ပိုင်တစ်နိုင် ငါးသားပေါက်စခန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် သားပေါက်စခန်းတစ်ခုလျှင် ငွေကျပ် ၁၀ သိန်းနှုန်းစီဖြင့် ငါးသားပေါက်စခန်းစုစုပေါင်း ၆၀ ကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အမှန်စင်စစ် ဤသို့ငါးသယံဇာတများ ပွားများအောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံရုံမက ပြည်ပတင်ပို့မှုများအထိ အဆင့်မြှင့်တင်သွားနိုင်မည်ဖြစ်ပါသည်။ မျက်မှောက်ခေတ်သည် သဘာဝအရင်းအမြစ်များကို အားထားနေရာမှ လူတို့၏အစီအမံဖြင့် ဆောင်ရွက်သည့် အရင်းအမြစ်များကို ပြောင်းလဲဆောင်ရွက်သောခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ငါးများကို သဘာဝအင်းအိုင်၊ ချောင်း၊ မြောင်းများမှ ရရှိနိုင်သောအရင်းအမြစ်မှ မွေးမြူထုတ်လုပ်သောပုံစံသို့ ပြောင်းလဲနေပြီဖြစ်ပါသည်။ သို့ပါ၍ ငါးသယံဇာတများ ပွားများလာအောင် မြစ်ချောင်း အင်းအိုင်များအတွင်း ဒေသအလိုက်ငါးမျိုးများစိုက်ထည့်ခြင်း၊ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ခြင်းတို့ဖြင့် ငါးရှားပါးမှုပြဿနာကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

## မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။ ဘာများနေလဲ၊ ပြင်ဆင်ပါ။ သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။

## ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဆုရရှိသူများအား ဆုချီးမြှင့်


**နေပြည်တော် ဇွန် ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် ပန်းခင်းရပ်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ဇွန် ၇ ရက် မွန်းလွဲ ၁ နာရီက (၃၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ ကုသလထံမှ ငါးပါးသီလခံယူ၍ ယဉ်ကျေးမှုစာမေးပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဇောတိကမှ ဩဝါဒကထာမြွက်ကြားခဲ့သည်။ အခမ်းအနားတွင် စာမေးပွဲအောင်မြင်သူ ကျောင်းသား ကျောင်းသူများကို နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**




## လူကုန်ကူးမှု အန္တရာယ် ဝိုင်းဝန်းကာကွယ်

## ဘိန်းအစားထိုးသီးနှံပင်များ ပေးအပ်ပွဲကျင်းပ

**ကျိုင်းတုံ ဇွန် ၉**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အတွက် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြောပွဲနှင့် ဘိန်းအစားထိုးသီးနှံပင်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျာသီရိခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးနေဦးက အမှာစကားပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက မူးယစ်ဆေးဝါးဆိုင်ရာ ဆိုးကျိုးအန္တရာယ်အကြောင်းကို ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ စိုက်နည်းစနစ်အကြောင်း၊ နှစ်ရှည်သီးနှံပင်စိုက်ပျိုးနည်းစနစ်များအကြောင်း၊ မူးယစ်ဆေးဝါး ဥပဒေများအကြောင်းတို့ကို ဟောပြောခဲ့သည်။

ထို့နောက် ဘိန်းအစားထိုး သီးနှံပင်များဖြစ်သည့် သရက်ပင်များ၊ ပုလဲသွယ်မျိုးစပါးများ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ လက်ဖက်ပင်များ၊ တညင်းပင်များနှင့်ယူရီးယား မြေဩဇာများကိုတာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ အလားတူ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ဆင်မောင်းကျေးရွာအုပ်စု လွယ်အုပ်ကျေးရွာတွင် ဘိန်းအစားထိုးသီးနှံပင်များ ပေးအပ်ပွဲနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **အေးမောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၆-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၁၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၁၃.၆၁ |
| ထိုင်း | တစ်ဘတ် | ၃၂.၅၇၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၂၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၃၉ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါက်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၇၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၀၀-၄၉၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၁၀၀-၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၁၉၅၀ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၈၀-၈၂၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၅၀၀-၂၇၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၁၅၀-၁၁၈၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဇေ့ဒုတင်ပြသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်သတင်းအတတ်ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံဆွေးနွေး

သတင်း – ရိုရိုမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ – ဇော်မင်းလတ်

ရန်ကုန် ဇူန် ၉

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းရှိ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး သတင်းမီဒီယာနှင့်ပတ်သက်၍ ဆွေးနွေးသည်။**

ဆွေးနွေးပွဲသို့ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်တင်တင်ထွေး၊ သတင်းအတတ်ပညာဌာနပါမောက္ခတာဝန်ခံဌာနမှူး ဒေါက်တာ မာဂရက်ဝေါင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ပသတင်းအတတ်ပညာရှင်များ၊ ကထိက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၊ သတင်းအချက်အလက်ရယူခြင်း၊ ကျင့်ဝတ်လိုက်နာခြင်းများနှင့် ပတ်သက်ပြီး ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများ၊ လူမှုမီဒီယာကွန်ရက်များ၏ စာနယ်ဇင်းလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်သတင်းအတတ်ပညာ ကျောင်းသား ကျောင်းသူများအား သတင်းမီဒီယာဆွေးနွေးပွဲနှင့်ပတ်သက်ပြီး သတင်းအဖွဲ့က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



မခင်ဝတီဦး
(စတုတ္ထနှစ်ကျောင်းသူ)



မောင်လွှမ်းဆိုင်းအောင်
(တတိယနှစ်ကျောင်းသား)



မရွှေလမင်းအိမ်
(စတုတ္ထနှစ်ကျောင်းသူ)



မခိုင်ဝတ်ရည်ထက်
(စတုတ္ထနှစ်ကျောင်းသူ)

**မခင်ဝတီဦး (စတုတ္ထနှစ်ကျောင်းသူ)**

ပြန်ကြားရေးဝန်ကြီး တစ်ယောက်အနေနဲ့လာပြီး ဆွေးနွေးတာ ပထမဆုံးအကြိမ်ပါ။ အတိုင်းမသိဝမ်းသာပါတယ်။ ဆရာမတွေက စာတွေ့၊ လက်တွေ့အပိုင်းမှာ အတတ်နိုင်ဆုံး သင်ကြားပေးပါတယ်။ ခုလို တိုက်ရိုက်တွေ့ဆုံဆွေးနွေးခွင့်ရပြီး အမေး၊ အဖြေလုပ်ခွင့်ရတော့ ဗဟုသုတအတွေ့အကြုံတွေ အများကြီးရပါတယ်။ အရင်က ကိုယ်သိချင်တဲ့အရာတွေကိုသိရတယ်၊ ကျောင်းကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ကူညီထောက်ပံ့ပေးမယ်သိရတော့ နောက်ပိုင်းကလေးတွေအတွက် အများကြီးကောင်းလာနိုင်ပါတယ်၊ ဂျာနယ်လစ်ဇင် ဖွံ့ဖြိုးသွားဖို့အများကြီး ရှိလာနိုင်ပါတယ်၊ မီဒီယာလုပ်ငန်းက စိတ်ဝင်စားဖို့ကောင်းပါတယ်၊ မီဒီယာလုပ်ငန်းဖွံ့ဖြိုးလာဖို့ရှိတဲ့အလျောက် ဂျာနယ်လစ်ဇင်လုပ်ငန်းကို နားလည်တဲ့သူတွေ ပိုပြီးများလာရင် ပိုကောင်းလာမယ်လို့မြင်ပါတယ်၊ အဘက်ဘက်ကလည်း ဝိုင်းဝန်းပံ့ပိုးကူညီသင့်တယ်လို့ ထင်ပါတယ်။

**မောင်လွှမ်းဆိုင်းအောင် (တတိယနှစ်ကျောင်းသား)**

ဒီနေ့ ပြည်ထောင်စုဝန်ကြီးတွေ့ဆုံပြီးပြောသွားတာ အားရပါတယ်၊ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင်ကျောင်းကိုလာရောက်ခဲ့တာ ပထမဦးဆုံးဖြစ်ပါတယ်၊ အဓိကအနေနဲ့ ဝန်ကြီးက ကျွန်တော်တို့ မေဂျာအတွက် ဘာတွေ လုပ်ဆောင်ပေးမယ်၊ မီဒီယာအပေါ် ဘယ်လိုအမြင်ရှိလဲဆိုတာကို ဝန်ကြီးရဲ့ အသေးစိတ်အမြင်ကို ကြားသိခဲ့ရပါတယ်။ အလွန်ကောင်းမွန်ပါတယ်။ ကျောင်းက ဂျာနယ်လစ်ကောင်း တစ်ယောက်ဖြစ်ဖို့ သင်ကြားပေးပါတယ်။ တကယ့်ကိုတက်ကြွတဲ့ ဂျာနယ်လစ်တစ်ယောက်ဖြစ်ဖို့ စာနယ်ဇင်းကျင့်ဝတ်ကိုလည်း အဓိကသင်ကြားပေးပါတယ်။ ကျောင်းက ကျင့်ဝတ်ပိုင်းရော၊ မေဂျာပိုင်းပါ အဓိကကျွမ်းကျင်တဲ့ ကျောင်းသားတွေဖြစ်အောင် မွေးထုတ်ပေးနေတာပါ။

**မရွှေလမင်းအိမ် (စတုတ္ထနှစ်ကျောင်းသူ)**

သမီးတို့အရင်တုန်းက မီဒီယာနဲ့ ပတ်သက်ပြီး သိပ်မရှင်းဘူး။ ဒီကျောင်းဖွင့်တဲ့ရည်ရွယ်ချက်ကို ဝန်ကြီးက ရှင်းပြသွားတဲ့အတွက် အတော်နားလည်သဘောပေါက်လာတယ်။ ကိုယ်ဘယ်လမ်းသွားရမလဲ။ ဂိုက်လိုင်းတွေချပြပေးတဲ့အတွက် ရှင်းသွားတယ်။ ဝန်ကြီးက အခုလို ပွင့်ပွင့်လင်းလင်းနဲ့ မီဒီယာလုပ်ဆောင်ချက်တွေ၊ ကျင့်ဝတ်တွေကို ရှင်းပြပြီး ကိုယ်သိချင်တဲ့မေးခွန်းတွေကို ပွင့်ပွင့်လင်းလင်း မေးနိုင်တဲ့အတွက် အများကြီး အဖြေတွေရခဲ့ပါတယ်။ သမီးတို့ကျောင်းသူကျောင်းသားတွေ အမြင်မရှင်းတဲ့အချက်တွေ အမြင်ရှင်းသွားပါတယ်။ အင်တာဗျူးတွေလုပ်ရင် ကြောက်တယ်။ အဲဒါကို ဝန်ကြီးက စိတ်ကို တည်တည်ငြိမ်ငြိမ်ရှိဖို့ သင်ကြားပေးတဲ့အတွက် ကျေးဇူးတင်တယ်။ အဓိကကတော့ပုံနှိပ်ပိုင်းတင်မကဘူး၊ အနာဂတ် ဆိုရှယ်မီဒီယာပိုင်းကိုပါ သင်ပေးတဲ့အတွက် အနာဂတ်အတွက် ကောင်းပါတယ်။ သိချင်တာတွေ သိခွင့်ရပါတယ်၊ စာနယ်ဇင်းကျင့်ဝတ်တွေလည်း သိရပါတယ်။

**မခိုင်ဝတ်ရည်ထက် (စတုတ္ထနှစ်ကျောင်းသူ)**

ပြန်ကြားရေးဝန်ကြီးက ခုလိုလာပြီး ဆွေးနွေးပေးတာ အလွန်ပဲဝမ်းသာပါတယ်၊ သတင်းအတတ်ပညာနဲ့ပတ်သက်ပြီး နားမလည်တာတွေရှင်းပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အပြင် လက်တွေ့နယ်ပယ်ကို ရောက်ဖို့ဆိုတာ နည်းနည်း အခက်အခဲ ရှိနေသေးတယ်၊ ဒီအခက်အခဲတွေကို ဝန်ကြီးတစ်ယောက်အနေနဲ့လာပြီး ရှင်းပြအားပေးတဲ့အတွက် အားရဝမ်းသာဖြစ်မိပါတယ်။ သင်ကြားရတာ ပုံနှိပ်မီဒီယာနဲ့ အသံလွှင့်မီဒီယာ သင်ရပြီး နောက်ဆုံးနှစ်မှာ အသံလွှင့်ပိုင်းနဲ့ အွန်လိုင်းကို သင်ယူရပါတယ်။ နောက်ပိုင်း ယူနက်စကိုနဲ့ချိတ်ဆက်ပြီး ပြည်ပနိုင်ငံခြားသားပညာရှင်တွေကလည်း လာရောက်သင်ကြားပို့ချပေးတဲ့အတွက် ပိုပြီးတိုးတက်လာပါတယ်။ ဒီကျောင်းမှာ သတင်းစာတွေကို အုပ်စုခွဲပြီး ကိုယ်တိုင်လုပ်ရတယ်၊ လက်တွေ့ပိုင်းအနေနဲ့ အပြင်မှာ သတင်းလိုက်ယူရတယ်၊ Professional အပိုင်း ဝင်သွားတဲ့အခါ အများကြီး အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။

# မြန်မာ့ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ ပူးပေါင်းထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းအစီအစဉ်တွင်** အငြိမ့်ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးအငြိမ့်၊ မြခြေကျင်း မငွေမြိုင်အငြိမ့်၊ လေဘာတီမမြရင်အငြိမ့်၊ ဩဘာသောင်းအငြိမ့်၊ ဥက္ကလာ မအေးကြည်အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံခင်လှကြည်အငြိမ့်တို့ကို အပိုင်း (၇)ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။



ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြားသတင်းအစီအစဉ်တွင် အပတ်စဉ် သောကြာနေ့တိုင်း ည ၉ နာရီခွဲတွင် ပထမအကြိမ်နှင့် တနင်္လာနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ည ၈ နာရီခွဲ နှင့် နံနက် ၂ နာရီ ခွဲတို့ တွင် လေးကြိမ် ထုတ်လွှင့်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်ကျောင်းသားများအတွက် ဂျပန်သို့ သွားရောက်လည်ပတ်သည့်အစီအစဉ် ကမ်းလှမ်းထား

**ရန်ကုန် ဇွန် ၉**

မြန်မာ-ဂျပန်အသင်း (MJA) သည် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သောကျောင်းသားများအား ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်မည့်အစီအစဉ်အတွက် လျှောက်လွှာတင်သွင်းရန် ကမ်းလှမ်းထားခဲ့ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်စွာအောင်မြင်ခဲ့သောကျောင်းသား ၂၀ ကို ယခုနှစ် စက်တင်ဘာလအတွင်း ဂျပန်နိုင်ငံသို့ ရှစ်ရက်ကြာ သွားရောက်လည်ပတ်သည့် အစီအစဉ်အရ လျှောက်လွှာတင်သွင်းနိုင်ကြောင်း မြန်မာ-ဂျပန်အသင်း၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ပြီးခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသူကျောင်းသား ၉၅ ဦးခန့်အနေဖြင့် အဆိုပါအလည်အပတ်ခရီးစဉ်အတွက် ဇူလိုင် ၁၀ ရက်တွင် လျှောက်ထားနိုင်ကြပြီး မြန်မာ-ဂျပန်အသင်းအနေဖြင့် ဆန်ခါတင် စာရင်းဝင်သူများကို အင်တာဗျူးပြုလုပ်သွားမည်ဖြစ်ကြောင်း ဆိုသည်။

မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌဖြစ်သူ ဦးစောလှမင်းက အပြန်အလှန် သွားရောက်လည်ပတ်သည့် ခရီးစဉ်များရည်ရွယ်ချက်မှာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်ရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြန်မာကျောင်းသားများကို ဂုဏ်ပြုချီးမြှင့်ရေးတို့ဖြစ်ကြောင်း ပြောကြားသည်။

ယခုအစီအစဉ်အရ ရွေးချယ်ခံရသည့် မြန်မာကျောင်းသားများသည် တိုကျိုမြို့သို့ရောက်ရှိစဉ် တိုကျိုမြို့ပေါ်ရှိ တက္ကသိုလ်တစ်ခုနှင့် အထွေထွေသိပ္ပံပြတိုက်သို့ သွားရောက်လည်ပတ်ခွင့်နှင့်အတူ ဂျပန်နိုင်ငံမြောက်ပိုင်းဒေသ၌ လေးရက်တာ အနားယူအပန်းဖြေခွင့် ရရှိမည်ဖြစ်သည်။

မြန်မာ-ဂျပန်အသင်းသည် ဇွန် ၂ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ရွှေမြယာဘုန်းတော်ကြီးကျောင်းနှင့် ဖူးကြီးတိုက်နယ် အခြေခံပညာမူလတန်းကျောင်းများရှိ ကျောင်းသားများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်သဲအိမ်**

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။**

# ကလေးသူငယ်ထိမ်းမြားလက်ထပ်ခြင်းကို ဖျက်သိမ်းရန် ဘင်္ဂလားဒေ့ရှ်တိုက်တွန်း



**ဒါကာ ဇွန် ၉**

သဘာဝဘေးဒုက္ခများနှင့် တစ်ခုပြီးတစ်ခု ရင်ဆိုင်နေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကလေးသူငယ်များ ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဖျက်သိမ်းရန် အားထုတ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

လူ့အခွင့်အရေး စောင့်ကြည့်သူများအဖွဲ့က ယင်းနိုင်ငံတွင် အမျိုးသမီးငယ်များ၏ တရားဝင်ထိမ်းမြားလက်ထပ်နိုင်သည့် အသက်အပိုင်းအခြားကို ၁၆ နှစ်မှ ၁၈ နှစ်အထိ ပြောင်းလဲသတ်မှတ်ရန် အစိုးရကို တောင်းဆိုထားသည်။ ကလေးသူငယ်ထိမ်းမြားလက်ထပ်မှုကို တားမြစ်ရန် ဝန်ကြီးချုပ်ကလည်း ကတိပေးထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကလေးသူငယ်များ ထိမ်းမြား လက်ထပ်မှုနှုန်း အမြင့်ဆုံးနိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံ၏ အမျိုးသမီးငယ် သုံးပုံနှစ်ပုံခန့်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် သတို့သမီးဘဝများကို ခံယူနေကြရသည်။

အဆိုပါ မိန်းကလေးများ၏ အသက် ၁၅ နှစ်မတိုင်ခင် ကျင်းပသောမင်္ဂလာပွဲပေါင်းမှာ ၃၀ ရာခိုင်နှုန်း နီးပါးခန့်ရှိပြီး အများစုမှာ ထိုအသက်ထက်ပင် ငယ်သေးကြောင်း တွေ့ရသည်။

ကလေးသူငယ် ထိမ်းမြားလက်ထပ်ခြင်းကို ဥပဒေအရ တရားဝင်ခွင့်မပြုထားသော်လည်း ဌာနဆိုင်ရာများက သတို့သမီးငယ်လေးများအသက်မပြည့်မီ ထိမ်းမြားလက်ထပ်မှုအတွက် အသက်လိမ်၍ မွေးစာရင်းအတုများပြုလုပ်ပေးခြင်း စသည်ဖြင့် ဥပဒေကို လက်တစ်လုံးခြားပြုလုပ်ခြင်းများတွေ့ရကြောင်း လူ့အခွင့်အရေး စောင့်ကြည့်သူများ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူဦးရေ သိပ်သည်းထူထပ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေကြီးခြင်းနှင့် အခြားသဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ ရေကြီးခြင်း၊ ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်ခြင်း၊ မြစ်ရေတိုက်စားမှုခံရခြင်းနှင့် အထက်ပါ ကလေးသူငယ်များ ထိမ်းမြားလက်ထပ်ခြင်း စသော အကြောင်းအရာများက မိသားစုဘဝများ၏ ဆင်းရဲတွင်းကို ပိုမိုနက်စေခဲ့သည်။ **(ရိုက်တာ)**

## အိန္ဒိယတွင် မုတ်သုံဝင်သော်လည်း အပူလှိုင်းကြောင့် လူ ၄၀ သေဆုံး

**နယူးဒေလီ ဇွန် ၉**

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် အရှေ့ပိုင်း၌ လွန်ခဲ့သည့်ရက်များအတွင်း အပူလှိုင်းကျရောက်မှုကြောင့် အနည်းဆုံးလူ ၄၀ သေဆုံးသွားခဲ့ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ထိုအတောအတွင်း နယူးဒေလီမြို့တော်၌ တနင်္လာနေ့က ပျမ်းမျှအပူချိန် ၄၂ ဒီဂရီဆဲလ်စီးရပ်အထိ မြင့်တက်ခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ်ကုန်ပိုင်းအတွင်း အိန္ဒိယတောင်ပိုင်း၌ မုတ်သုံဝင်ရောက်ခဲ့သော်လည်း နိုင်ငံ၏ ဒေသအများအပြား၌ ပူပြင်းသောရာသီဥတုကို ရင်ဆိုင်နေရဆဲဖြစ်သည်။

လွန်ခဲ့သည့် မေလမှ စတင်ကာ နိုင်ငံတစ်ဝန်း အပူလှိုင်း ကျရောက်မှုကြောင့် လူပေါင်း ၂၃၆၀ သေဆုံးခဲ့ရကြောင်း၊ သေဆုံးမှုအများဆုံးမှာ အိန္ဒိယတောင်ပိုင်းမှ ဖြစ်ကြောင်း တရားဝင်စာရင်းများတွင် ဖော်ပြသည်။

အိန္ဒိယတောင်ပိုင်း ပြည်နယ်များသို့ လွန်ခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက မုတ်သုံဝင်ရောက်ခဲ့သော်လည်း နေရာအများအပြား မိုးမရွာသေးဘဲ ပူပြင်းမှုဒဏ်ကို ပြည်သူများ အလူးအလဲခံစားနေရကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ကို ပြည်သူများ ခံစားနေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**(ဆင်ဟွာ)**




## ပါကစ္စတန်အမျိုးသားတစ်ဦး လေးကြိမ်မြောက် သေဒဏ်မှ ဆိုင်းငံ့ခံရ

**အစ္စလမ္မာဘတ် ဇွန် ၉**

ပါကစ္စတန် အမျိုးသားတစ်ဦးမှာ လူသတ်မှုနှင့် စွပ်စွဲခံရချိန်တွင် ကလေးအရွယ်သာရှိသေးကြောင်း ၎င်း၏ ရှေ့နေများက ပြောခဲ့သည်။ နှိပ်စက်ညှင်းပန်းမှုများပြုလုပ်ခံရပြီး အပြစ်ရှိကြောင်း ဝန်ခံခဲ့သော ၎င်းကို ဇွန်လ ၉ ရက်က ခေါင်းဖြတ်သတ်ခါနီးဆဲဆဲတွင် သေဒဏ်မှ ဆိုင်းငံ့ထားလိုက်သည်။

ထိုသို့ဆိုင်းငံ့ခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက်ရှိပြီဖြစ်သည်။ အစ္စလာမ်မာဘတ်မြို့ရှိ ဗဟိုတရားရုံးသည် ဇွန် ၉ ရက်က ယခင် တရားရုံးစစ်ဆေးချက်များကို ပလပ်ကာ ထိုအမှုကို ကြားနာစစ်ဆေးလိမ့်မည်ဖြစ်ကြောင်း ပါကစ္စတန်တရားမျှတရေးအစီအစဉ် (ဂျေပီပီ)၊ လူ့အခွင့်အရေးဥပဒေလုပ်ငန်းကိုယ်စားပြု ရှာဖတ်ဟူစိန်က ပြောခဲ့သည်။

အသက်မပြည့်သေးသော ဟူစိန်သည် သေဒဏ်ပေးခံရမှုကို တောင်ဘက် ဆိပ်ကမ်းမြို့တော်ဖြစ်သော ကရာချိတွင် သေဒဏ်ပေးခံရမှုကို ဆိုင်းငံ့ခံရခြင်းဖြစ်သည်။

ယင်းအခြေအနေတွင် ဟူစိန်သည် အဝတ်ဖြူများကို ဝတ်ဆင်ပြီး ခေါင်းဖြတ်သတ်ခံရန် အချုပ်ခန်း၏ တစ်နေရာသို့ ရွှေ့ပြောင်းပေးနေချိန်ဖြစ်ကြောင်း ဂျေပီပီပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

သေဒဏ်ပေးခံရသည့် အကြိမ်တစ်ကြိမ်ချင်းစီတွင် ၎င်းသည် ၎င်း၏အစ်ကိုများကို နှုတ်ဆက်ခဲ့ကြောင်းနှင့် သေဒဏ်ပေးခံရမှုကို ဆိုင်းငံ့ခြင်းမှာ ထပ်ကာထပ်ကာ ဖြစ်နေကြောင်း စသည်ဖြင့် ဂျေပီပီပြောရေးဆိုခွင့် ရှိသူက ပြောခဲ့သည်။

ကလေးတစ်ယောက်ကို သတ်မိခြင်းအပေါ် ဝန်မခံမချင်း ဟူစိန်ကို ဆေးလိပ်မီးဖြင့်ထိုးခြင်း၊ လက်သည်းခွံများကို ခွာခြင်းတို့ကို ၎င်းအသက် ၁၄ နှစ်တွင် ပြုလုပ်ခဲ့ကြောင်း ဟူစိန်၏ရှေ့နေများက ပြောခဲ့သည်။

ထိုကိစ္စက လူ့အခွင့်အရေးအဖွဲ့များကိုဒေါသဖြစ်စေကာ ဟူစိန်၏ မိသားစုအတွက် အသနားခံမှုများကို ပြုလုပ်ခဲ့ကြသည်။

၎င်းကို အမိန့်ချမှတ်ချိန်တွင် ၎င်း၏အသက်မှာ ၂၃ နှစ်သာရှိသေးကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

၎င်းကို လွှတ်ပေးရန် ၎င်း၏ အစ်ကိုနှင့် ဂျေပီပီတို့က ၂၂ မျက်နှာပါဝင်သည့် အသနားခံစာဖြင့် သမ္မတထံဦးတိုက် လျှောက်ထားခဲ့သည်။

**(ရိုက်တာ)**

## တရုတ်နိုင်ငံတွင် သေနတ်ဖြင့်ပစ်ခတ်မှု ထူးထူးခြားခြားဖြစ်ပွားရာ လေးဦးသေဆုံး

**ပေကျင်း ဇွန် ၉**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်၌ အင်္ဂါနေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် လူလေးဦး သေဆုံးခဲ့သည်ဟု နိုင်ငံပိုင်ရုပ်မြင်သံကြားက မိုက်ခရိုဘလော့၌ "ဖြစ်ခဲသော အစုလိုက် သေနတ်ပစ်ခတ်မှု" အနေဖြင့် ဖော်ပြခဲ့သည်။ အဆိုပါဖြစ်ရပ်၌ ငါးဦး ဒဏ်ရာရရှိခဲ့သည်။

သေဆုံးသူ လေးဦးတွင် ပစ်ခတ်သူဟု သံသယရှိသူတစ်ဦး ပါဝင်နေကြောင်း တရုတ်ဗဟိုရုပ်မြင်သံကြားဌာနက ပြောကြားပြီး အမှုကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

အသက် ၅၅နှစ်ရှိ အဆိုပါ သံသယရှိသူမှာ နှစ်ဖက်ချွန်ဖြစ်သည်ဟု အစိုးရဘက်မှ သတင်းထုတ်ပြန်ကြောင်း မီဒီယာက ရုပ်ပုံနှင့်တကွ ဖော်ပြခဲ့သည်။ ကျေးရွာတစ်ရွာ၌ ဖြစ်ပွားခဲ့သော အဆိုပါသေနတ်ပစ်ခတ်မှု၌ လယ်သမားနှစ်ဦး သေဆုံးခဲ့ရသည်။

နံနက်အစောပိုင်းအချိန်က ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သံသယရှိသူများအနက် သေဆုံးသူ ရဲအရာရှိနှစ်ဦး ပါဝင်မှုရှိ မရှိကို မသိရှိရသေးပေ။

တရုတ်နိုင်ငံ၌ သေနတ်ဖြင့် အကြမ်းဖက်မှုသည် ဖြစ်တောင့်ဖြစ်ခဲ ကိစ္စတစ်ခုဖြစ်ပြီး လက်နက်ကိုင်ဆောင်မှုကို တင်းကျပ်စွာ ထိန်းချုပ်ထားသည့်အပြင် သေနတ်ကိုင်ဆောင်ခွင့်ရှိသူ အရေအတွက်ကို ကန့်သတ်ထားသည်။

ဒီဇင်ဘာလက အရှေ့မြောက်ပိုင်းရှိ လျောင်နင်းပြည်နယ်တွင် ဘဏ်ဝန်ထမ်းတစ်ဦးက လုပ်ဖော်ကိုင်ဖက်နှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

**(ရိုက်တာ)**

# ယူကရိန်းလောင်စာသိုလှောင်စခန်း၌ ပေါက်ကွဲမှုဖြစ် မီးသတ်ကယ်ဆယ်ရေးသမားများစွာ သေဆုံး

**ကိယက်ဗ် ဇွန် ၉**

ယူကရိန်းနိုင်ငံ၏ မြို့တော်ကိယက်ဗ်အပြင်ဘက်ရှိ လောင်စာသိုလှောင်ကန်၌ အင်္ဂါနေ့က အကြီးအကျယ် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ မီးငြိမ်းသတ်ရေး လုပ်ဆောင်နေသော မီးသတ်ကယ်ဆယ်ရေးသမား များစွာအသက်ဆုံးရှုံးခဲ့ရသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိယက်ဗ်မှ ၃၀ ကီလိုမီတာအကွာ ဗာဆိုင်ကစ်ဗ်လောင်စာသိုလှောင်ရုံရှိ ဓာတ်ဆီသိုလှောင်ထားသော ဆီတိုင်ကီကိုးလုံးထက်မနည်း မီးစွဲလောင်ပေါက်ကွဲကာ ထိုနေရာ ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးထုကြီး ပိတ်ဖုံးသွားခဲ့သည်။


မီးသတ်ကိရိယာများ သယ်ဆောင်လာသည့် ထရပ်ကားသုံးစီးနှင့်အတူ မီးသတ်ကယ်ဆယ်ရေးသမား ၆၂ ဦးရောက်ရှိလာကာ မီးငြိမ်းသတ်ခဲ့ကြောင်း အရေးပေါ်ဌာနက ဆိုသည်။

မီးသတ်သမားများ သေဆုံးခဲ့ပြီး ငါးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ၎င်းမီးသည် လောင်စာဆီတိုင်ကီတစ်လုံးကို စတင်မီးလောင်ရာမှ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ **(ရိုက်တာ)**



# အသံထက် ခြောက်ဆမြန်စွာ ပျံသန်းနိုင်သည့် ပထမဆုံးမောင်းသူမဲ့လေယာဉ် SR-72

ထွန်းတောက်



**အောင်မြင်မှုမှတ်တိုင်**

**အမေရိကန်ပြည်ထောင်စု လော့ဟိ(ဒ်)မာတင် လေယာဉ်နှင့် လက်နက်ကုမ္ပဏီက ထုတ်လုပ်သည့် အသံထက်မြန်သော ပထမဆုံးမောင်းသူမဲ့ ဒရုန်းလေယာဉ် SR-72 ကို မကြာမီက ထုတ်ဖော်ပြသခဲ့သည်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တပ်မတော်က အချိန်ရှည်ကြာစွာ လိုလားစောင့်မျှော်နေသည့် SR-72 ဒရုန်းလေယာဉ်ကို တီထွင်ထုတ်လုပ်နိုင်မှုမှာ အမေရိကန်၏ စစ်ရေးဆိုင်ရာ နည်းပညာအောင်မြင်မှုမှတ်တိုင် (Breakthrough) တစ်ရပ်ဖြစ်သည်။**

အမေရိကန်တပ်မတော်တွင် ငှက်မည်းကြီးဟု လူသိများသည့် SR-71 အသံထက်မြန်သော လေယာဉ်မှူးမောင်းနှင်ရသည့် ပုံးကြဲလေယာဉ်များ၏ နေရာတွင် SR-72 အဆင့်မြင့် အသံထက်မြန်သော မောင်းသူမဲ့ လေယာဉ်များဖြင့် အစားထိုး၍ စစ်ရေးတာဝန်များကို ထမ်းဆောင်စေရန် အမေရိကန်တပ်မတော်က စီစဉ်လျက်ရှိသည်။ ရေဒါရှောင်လွှဲနိုင်သည့် ကိုယ်ပျောက် SR-72 ဒရုန်းလေယာဉ်သည် အသံထက် အမြန်နှုန်း "6 Mach" ပျံသန်းနိုင်သည့်အတွက် လူမောင်းပုံးကြဲလေယာဉ်၏ အမြန်နှုန်းထက် နှစ်ဆပိုမို မြန်ဆန်စွာ ပျံသန်းနိုင်သည်ဟု သိရသည်။

အေဗီရေးရှင်းဝိခ်ဂျာနယ်တွင် ဖော်ပြထားသည့် ဆောင်းပါးတွင် လော့ဟိ(ဒ်)မာတင်လေယာဉ်ကုမ္ပဏီ၏ စကန့်ဝေ့ခ်ဌာနခွဲသည် SR-72 ဒရုန်းလေယာဉ်ထုတ်လုပ်ရေးစီမံကိန်းကို အချိန်ယူ၍ သုတေသနပြုလုပ်ကာ ယခုကဲ့သို့ အသံထက်မြန်သော မောင်းသူမဲ့ဒရုန်းလေယာဉ်ကို လေယာဉ်သမိုင်းတွင် အောင်မြင်စွာ ထုတ်လုပ်လိုက်နိုင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

## စွမ်းဆောင်နိုင်ရည်များ

SR-72 ဒရုန်းလေယာဉ်၏ စွမ်းဆောင်နိုင်ရည်များမှာ အံ့မခန်းထူးခြားပြောင်မြောက်၍ သွက်လက်ထက်မြက်လှသည်။ SR-72 ဒရုန်းသည် အလွန်မြန်ဆန်သော အရှိန်ဖြင့် ထောက်လှမ်းရေးပြုလုပ်နိုင်ခြင်း၊ ကင်းထောက်စောင့်ကြည့်မှုများပြုလုပ်နိုင်ခြင်း၊ လျင်မြန်စွာ ပျံသန်းနေစဉ်မှာပင် ရန်သူ့ပစ်မှတ်များကို ဒုံးကျည်များဖြင့် ပစ်ခွင်းတိုက်ခိုက်နိုင်ခြင်းစသည့် စွမ်းဆောင်ရည်များအပြင် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းရှိ ထောက်လှမ်းရေးနှင့် ဆက်သွယ်ရေးဂြိုဟ်တုများနှင့် အခြားသော လူမဲ့နှင့် လူမောင်းထောက်လှမ်းရေး လေယာဉ်များဖြင့် ဆက်သွယ်ရေးကွန်ရက်ဖွဲ့ကာ အချိုးညီညီပူးပေါင်းဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ကောင်းမွန်သော ဒရုန်းဖြစ်သည်ဟု ပညာရှင်များက ဝေဖန်ပြောဆိုသည်။

## SR-71 Black Bird ငှက်မည်းကြီး

အသံထက်မြန်စွာပျံသန်းနိုင်သည့် SR-72 ကိုယ်ပျောက်ဒရုန်းလေယာဉ် အစားထိုးဝင်ရောက် နေရာယူမည့် SR-71 Black Bird ငှက်မည်းကြီးမှာ မောင်းသူမဲ့လေယာဉ်မဟုတ်သော်လည်း စစ်အေးခေတ်ကာလတစ်လျှောက်လုံးတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် ပုံးကြဲနှင့်ထောက်လှမ်းရေးလေယာဉ်ဖြစ်သည်။

SR-71 ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးနှစ်မျိုးသုံးနိုင်သည့် လေယာဉ်များသည် အမေရိကန်လေတပ်မတော်တွင် ၁၉၆၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိတိုင် ဆယ်စုနှစ်များစွာကြာမျှ တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုလေကြောင်းနှင့် အာကာသပျံသန်းမှုဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ (NASA) သည် SR-71 မဟာဗျူဟာမြောက်လေယာဉ်ကြီးများကို အသုံးပြု၍ ထောက်လှမ်းရေးသတင်းများကို စုဆောင်းရယူနိုင်ခဲ့သည်ဟု သိရသည်။ SR-71 လေယာဉ်၏ ထူးခြားချက် စွမ်းဆောင်နိုင်မှုများမှာ မြေပြင်မှဝေဟင်ပစ် ဒုံးကျည်များထက်ပင် ပိုမိုလျင်မြန်စွာ ပျံသန်းနိုင်သည့်အပြင် နိမ့်နိမ့်ပျံသန်းနိုင်သည့်အတွက် ရန်သူ၏ ရေဒါစနစ်ကို ရှောင်လွှဲနိုင်သည့် ကိုယ်ပျောက်လေယာဉ်ဖြစ်သည်။

ထိုစဉ်က လော့ဟိ (ဒ်)မာတင်ကုမ္ပဏီသည် SR-71 Black Bird ငှက်မည်းမြန်နှုန်းမြင့် လေယာဉ် အစင်းပေါင်း ၃၂ စင်းထုတ်လုပ်တည်ဆောက်ခဲ့ရာ ၎င်းတို့အနက် ၁၂ စင်းမှာ မတော်တဆမှုကြောင့် ပျက်စီးခဲ့သော်လည်း စစ်ဆင်ရေးများတွင် ရန်သူပစ်ချခံခဲ့ရသည့် SR-71 တစ်စင်းမျှမရှိခဲ့ဟု သိရသည်။

## တန်ဖိုးကြီးမားမှု

အမေရိကန်တပ်မတော်သည် ကမ္ဘာ့ကောင်းကင်ဝေဟင်တွင် ဒရုန်းမောင်းသူမဲ့လေယာဉ်များဖြင့် စိုးမိုးထားကာ ထောက်လှမ်းရေးပြုလုပ်ခြင်း၊ အစွန်းရောက်စစ်သွေးကြွများကို Hell Fire ဒုံးကျည်များဖြင့် ပစ်ခတ်ချေမှုန်းခြင်းစသည့် တာဝန်များ ထမ်းဆောင်နေသည်ကို ယနေ့ကမ္ဘာ့ ပြည်သူများတွေ့မြင်နေရသည်။

အထူးသဖြင့် အမေရိကန်အဆင့်မြင့်ဒရုန်းလေယာဉ်များသည် ပါကစ္စတန် ဝါဇီရစ္စတန်ပြည်နယ်တွင်လည်းကောင်း၊ ဆိုမာလီ၊ ယီမင်၊ အီရတ်၊ ဆီးရီးယား စသည့် နိုင်ငံများတွင်လည်းကောင်း အစွန်းရောက်စစ်သွေးကြွများကို ရှာဖွေထောက်လှမ်း၍ ဒုံးကျည်များဖြင့် ပစ်ခတ်ချေမှုန်းလျက်ရှိနေကြသည်။

ယီမင်၊အာရေဗျအယ်လ်ခိုင်ဒါခေါင်းဆောင် ဘာသာရေးဆရာ အန်ဝါအယ်လ်အော်လာကီမှ အစပြု၍ ပါကစ္စတန် တာရစ်အီး တာလီဘန်အဖွဲ့ခေါင်းဆောင် ဟက်ကီမူလာမာဆွတ် အပါအဝင်စစ်သွေးကြွ ခေါင်းဆောင် ရာပေါင်းများစွာကို ဒရုန်းများမှ ဒုံးကျည်များဖြင့် ပစ်ခတ်သတ်ဖြတ်နိုင်ခဲ့ပြီ ဖြစ်သည်။

ကမ္ဘာ့ဝေဟင်တစ်ခွင်လုံးတွင် အမေရိကန်ဒရုန်းများ စိုးမိုးနေချိန်တွင် အမေရိကန်ပြည်ထောင်စု အစိုးရသည် SR-71 ကဲ့သို့ လူမောင်းနှင်သည့် မြန်နှုန်းမြင့် ထောက်လှမ်း၊ ချေမှုန်းနှစ်မျိုးသုံး အဆင့်မြင့်လေယာဉ်မျိုးကို အဆင့်မြှင့်တင်၍ ထပ်မံထုတ်လုပ်ရန်မှာ ကုန်ကျစရိတ် အလွန်များသည့်အတွက် အစောပိုင်းကာလ၌ ထုတ်လုပ်ရန် လက်တွန့်နေခဲ့ကြသည်။

> **ကုန်ကျစရိတ်နည်းနည်းဖြင့် အသံထက်မြန်သော မောင်းသူမဲ့လေယာဉ် SR- 72 ကို တီထွင်ထုတ်လုပ်နိုင်မှုသည် လေယာဉ်နည်းပညာသမိုင်းတွင် ထိုးဖောက်အောင်မြင်မှုပင်ဖြစ်**

ထို့ကြောင့်ပင် အမေရိကန် လော့ဟိ (ဒ်)မာတင် လေယာဉ်နှင့် လက်နက်ကုမ္ပဏီသည် လေကြောင်းပျံသန်းမှုဆိုင်ရာ နည်းပညာများကိုအချိန်ယူ၍ သုတေသနပြုလုပ်နေမှုကြောင့် အဆင့်မြင့်နည်းပညာများရရှိနေပြီဖြစ်သည်။ ထို့ကြောင့်ပင် လော့ဟိ (ဒ်) မာတင်ကုမ္ပဏီသည် ကုန်ကျစရိတ် အလွန်များပြား သောလူမောင်းနှင်သည့်ထောက်လှမ်း၊ ချေမှုန်းနှစ်မျိုးသုံး လေယာဉ်များနေရာတွင် မောင်းသူမဲ့ ထောက်လှမ်း၊ ချေမှုန်းလေယာဉ်များကို အစားထိုးထုတ်လုပ်ရန် ကြိုးပမ်းလာခဲ့သည်။

## အသံထက်မြန်သော SR- 72 ဒရုန်းစီမံကိန်း

လေကိုစုပ်ယူ၍ ပေါက်ကွဲအားသုံး အသံထက်မြန်သည့်နည်းပညာပိုင်းဆိုင်ရာတွင် အထွေထွေမန်နေဂျာတာဝန်ကိုယူထားသော မစ္စတာ ဘရက်လေးလင်းသည် လော့ဟိ (ဒ်)မာတင်ကုမ္ပဏီတွင် ထူးချွန်ပြောင်မြောက်သည့် ပညာရှင်ဖြစ်သည်။ ၎င်းက သမားရိုးကျ တာဘိုင်အင်ဂျင်နှင့် တွန်းအားမြင့် ဂျက်စွမ်းအားကိုပူးတွဲသုံးကာ လေစုပ်ပေါက် ကွဲအားသုံးအင်ဂျင်ကို တီထွင်နိုင်ခဲ့လျှင် SR-72 ကဲ့သို့ အသံထက်မြန်သည့် ဒရုန်းလေယာဉ်ကို တီထွင်နိုင်မည်ဟု ယုံကြည်ချက်ဖြင့် သုတေသနပြု လုပ်ကာ လေယာဉ်သမိုင်းတွင် အသံထက် ခြောက်ဆ “6 mach” မြန်ဆန်စွာ ပျံသန်းနိုင်သည့် SR-72 မောင်းသူမဲ့လေယာဉ်ကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန နည်းပညာအဆင့်မြင့်စီမံကိန်း သုတေသနဌာနသည် အစောပိုင်းကပင် SR-72 ဒရုန်းမျိုးတည်ဆောက်နိုင်ရန် သုတေသနပြုလုပ်ခဲ့သော်လည်း ကုန်ကျစရိတ်ကြီးမားသည့်အတွက် စီမံကိန်းကို ရပ်စဲခဲ့ရသည်။

လော့ဟိ(ဒ်)မာတင်ကုမ္ပဏီမန်နေဂျာ ဘရက်လေးလင်းသည် စကန့်ဝေ့ခ်ဌာနခွဲနှင့် ရော့ကက်ဒိုင်းနမစ်ဌာနခွဲတို့ ပူးတွဲကာ ဝန်ထမ်း ၂၀ နှင့်အတူ အချိန် ခုနစ်နှစ်ကြာမျှ သုတေသနပြုလုပ်၍ SR-72 အတွက် HTV-3X တာဘိုင်အင်ဂျင်ကို တီထွင်ထုတ်လုပ်ခဲ့ရသည်။ ကုန်ကျစရိတ်နည်းနည်းဖြင့် အသံထက်မြန်သော မောင်းသူမဲ့လေယာဉ် SR- 72 ကို တီထွင်ထုတ်လုပ်နိုင်မှုသည် လေယာဉ်နည်းပညာသမိုင်းတွင် ထိုးဖောက်အောင်မြင်မှုပင်ဖြစ်ကြောင်း၊ အသံထက်မြန်သော နှုန်းဖြင့် ရွေ့လျားနိုင်မှုသည် ကိုယ်ပျောက်နည်းပညာတစ်မျိုးပင်ဖြစ်၍ ရန်သူ၏ပစ်မှတ်များ မရှောင်ပုန်းနိုင်မီ SR-72 က လျှပ်တစ်ပြက် တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည့်အတွက် အနာဂတ်စစ်ပွဲများတွင် SR-72 သည် အင်အားချိန်ခွင်လျှာကို ပြောင်းလဲစေမည့်သူ၊ ပြိုင်ပွဲကို အပြီးသတ်ပေးမည့်သူ (Game - Changer) ပင် ဖြစ်ပါသည်ဟု လော့ဟိ (ဒ်)မာတင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဘရက်လေးလင်းက သုံးသပ်ပြောဆိုခဲ့သည်။

**ပျောက်ဆုံးကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ ဇဋ္ဌိလ(၁)လမ်း၊ အမှတ်(၁၀၁၇/ခ)နေ ဦးသီဟဖြိုး ၁၂/သဃက(နိုင်)၁၄၆၈၆၂၏ သွင်းကုန်ပါမစ် 2F-6180 သွင်းကုန်ပါမစ် ISP IDV8 13-14 3277 25-04-13သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးသီဟဖြိုး ဖုန်း-၀၉-၅၀၈၈၇၀၀**

**အမည်ပြောင်း**

ဦးကျော်ဇင်သိုက် ၁၂/ဥကမ(နိုင်) ၁၈၀၇၄၂၏သား အမက(၁၈) မြောက်ဥက္ကလာပ ပထမတန်း(ဂ)မှ မောင်ဝီရကျော်ထင်အား ယနေ့မှစ၍ မောင်ဝီရဘုန်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**

ဦးဦးသန်း ၁၁/ကတန(နိုင်) ၀၇၈၀၃၂ ၏သမီး စစ်တွေမြို့ အထက(၆) နဝမတန်း(B)မှ မစန်းပပမင်းအား မချမ်းမြေ့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**ပြည်ထဲရေးဝန်ကြီးဌာန**

**ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန် ကြားရေးမှူးနေအိမ်နှစ်ခန်းတွဲ သုံးထပ်ဆောင်ဆောက်လုပ်ခြင်း၊ ကား(၅)စီးစာ ကားဂိုဒေါင်နှစ်ခုဆောက်လုပ်ခြင်း၊ ရောရွှေဝါခန်းမ အဆင့်မြှင့်ပြင်ဆင်ခြင်းလုပ်ငန်းနှင့် ရွှေပုသိမ်ဧည့်ရိပ်သာ ပြင်ဆင်ခြင်းလုပ်ငန်းတို့ကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၁-၆-၂၀၂၅ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၅-၆-၂၀၂၅ ရက်
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၇း၀၀ နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၄၂-၂၁၂၅၀၊ ၂၃၉၄၁၊ ၂၅၂၇၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

**Y.E.S.** Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်ဇော်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-10:00-12:00 am 1,22 Jun
Mon to Thurs-7:30-9:30 am 8 Jun
Sat & Sun - 12:30-3:30 pm 13 Jun
MontoThurs-1:00-3:00-5:00pm 15,22,29 Jun
Sat & Sun - 9:00-12:00 am 20 Jun
Mon to Thurs-5:30-7:00 pm 29 Jun

**Pre-Intermediate English**
Mon toThurs 7:30-9:30 am 1 Jun
Mon to Thurs-10:30-12:30 am 1 Jun
Mon to Thurs-10:00-12:00 am 22 Jun
Mon to Thurs-1:00-3:00 pm 22 Jun
Mon to Thurs-5:00-7:00 pm 29 Jun

**Structure & Written Expression**
Mon to Thurs-7:30-9:30am 15 Jun
Sat & Sun - 90:00-12:00 am 20 Jun
Mon to Thurs-1:00-3:00pm 22 Jun

**Intermediate English**
Mon to Thurs-1:00-3:00 pm 8 Jun

**Basic Writing Course**
Mon to Thurs-3:00-4:30pm 22 Jun


**Grammar Foundation Course**
Mon to Thurs - 3:30-5:00 pm 8 Jun
Mon to Thurs - 1:00-2:30 pm 29 Jun

**Academic Writing Course**
San & Sun - 5:00 - 7:00 pm 27 Jun

**Academic Preparation For IELTS(API)**
Mon to Thurs - 10:30 - 12:30am 29 Jun

**SAT** Mon to Thurs -3:30-5:00pm 29 Jun
**IELTS**(Foundation) Mon&Thurs 5:30to7:00pm 29 Jun
**IELTS**(Test Practice) San&Sun 1:30to12:30am 27Jun
**IELTS**(Speaking) San&Sun 1:00to3:30pm 27 Jun

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910







# နိုင်ငံခြားသားများအတွက် အခြေခံမြန်မာဘာသာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၉

**မြန်မာနိုင်ငံအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာသည့်အပြင် ပြည်တွင်းနှင့် ပြည်ပတက္ကသိုလ်များ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများကိုလည်း သိသာစွာ မြင်တွေ့ရသည်။**

ထိုသို့ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ရောက်ရှိလာချိန်တွင် လုပ်ငန်းအဆင်ပြေစွာ လုပ်ကိုင်နိုင်ရန်နှင့် မြန်မာပြည်သူနှင့် ပိုမိုရင်းနှီးကျွမ်းဝင်စေရန် မြန်မာဘာသာကို စိတ်ဝင်တစား လေ့လာသင်ယူမှုများ ရှိလာသည်။ ထို့ကြောင့်လည်း ရန်ကုန်တက္ကသိုလ်အနေဖြင့် မြန်မာဘာသာသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်ရှိ မြန်မာစာဌာန၌ နိုင်ငံခြားသားများ မြန်မာစာအခြေခံတတ်မြောက်စေရန် ရည်ရွယ်၍ အခြေခံမြန်မာဘာသာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

"မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ နိုင်ငံခြားသားတွေ မြန်မာနိုင်ငံသားတွေနဲ့ ဆက်သွယ်တဲ့အခါ လွယ်ကူစေဖို့ရယ်၊ ကိုယ့်မိခင်ဘာသာစကားကို ပြန့်ပွားစေဖို့ရယ်နဲ့ ဆရာတို့တတ်ထားတဲ့ပညာတွေကို ဖြန့်ဝေပေးနိုင်အောင် အခုလို သင်တန်းဖွင့်လှစ်တာဖြစ်တယ်။ အခြေခံအဆင့်-၁ ကတော့ သင်ယူသူအတွက်ရော သင်ကြားသူအတွက်ပါ နည်းနည်းခက်ခဲတယ်။ ဒီနှစ်ဆင့်ကျော်သွားရင်တော့ တတ်မြောက်ဖို့လွယ်ကူသွားပါပြီ။ ကျောင်းသားတွေရဲ့ နောက်ထပ်သင်ယူချင်တဲ့ဆန္ဒအရ ကြားအဆင့်ကိုလည်း ဒီနှစ်ဖွင့်လှစ်ထားပါတယ်"ဟု မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ပြောပြသည်။

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် မြန်မာစာဌာနကကြီးမှူးပြီး နိုင်ငံခြားသားများအတွက် အခြေခံမြန်မာဘာသာကျွမ်းကျင်မှု လေးမျိုးကို မြန်မာဘာသာအခြေခံအဆင့်-၁၊ အခြေခံအဆင့်-၂၊ ကြားအဆင့်ဟူ၍ စုစုပေါင်းသုံးဆင့်ဖြင့် သင်ကြားပေးလျက်ရှိပြီး ယခုသင်တန်းကို ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

"မြန်မာစာကို ဒီနေ့မှ စသင်ယူတာ၊ နည်းနည်းတော့ ခက်တယ်။ ဒါပေမယ့် ကြိုးစားသင်ယူသွားမှာပါ"ဟု အသက် ၇၀ ကျော်ရှိ ဩစတြေးလျနိုင်ငံသူ အင်္ဂလိပ်စာဆရာမတစ်ဦးက ပြောပြသည်။

ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်းဖြင့် မြန်မာတို့၏စာပေနှင့် ယဉ်ကျေးမှုအဆင့်အတန်းကို နိုင်ငံခြားသားများ ပိုမိုနားလည်လာမည့်အပြင် ချစ်ကြည်ရင်းနှီးမှုများရရှိကာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများအတွက်လည်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်လာနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❀ ရွှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင်ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပီဒရို ပက်ဆော့စ် ကိုရယ်လ်ဟိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(မြန်မာ့အလင်း)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပေါ်တူဂီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၀**

၂၀၁၅ ခုနှစ် ဇွန် ၁၀ ရက်တွင်ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရူအီ မက်ခယ်လ်တီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(မြန်မာ့အလင်း)

# အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အနိုင်/အရှုံးရလဒ်များ

| | | | |
|---|---|---|---|
| အုပ်စု(က) | ကနေဒါ | ၁-၀ | တရုတ် |
| | နယူးဇီလန် | ၀-၁ | နယ်သာလန် |
| အုပ်စု(ခ) | နော်ဝေ | ၄-၀ | ထိုင်း |
| | ဂျာမနီ | ၁၀-၀ | အိုင်ဗရီကို့စ် |
| အုပ်စု(ဂ) | ကင်မရွန်း | ၆-၀ | အီကွေဒေါ |
| | ဂျပန် | ၁-၀ | ဆွစ်ဇာလန် |
| အုပ်စု(ဃ) | အမေရိကန် | ၃-၁ | ဩစတြေးလျ |
| | ဆွီဒင် | ၃-၃ | နိုင်ဂျီးရီးယား |

# ကောလင်းမြို့နယ် ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူး ကားလမ်းပေါ်မှနတ်ချောင်းတံတား

**စစ်ကိုင်း ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူး ကားလမ်း တံတားအမှတ်(၄/၉) နတ်ချောင်းတံတားသည် ကောလင်းနှင့်ကျောက်တန်းကို ဆက်သွယ်ပေးထားသော ကားလမ်းချောင်းကူးတံတားဖြစ်သည်။



နတ်ချောင်းတံတားကို တွေ့ရစဉ်။
ဓာတ်ပုံ-ခရမ်းစိုးမြင့်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ကျပ်သန်း ၁၈၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ၁-၁၀-၂၀၁၄ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ ကားများဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါနတ်ချောင်းတံတားမှာ အရှည်ပေ ၈၀၊ တံတားအကျယ်ပေ ၃၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

# (၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၉**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဇွန် ၂၄၊ ၂၅၊ ၂၆ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ညနေ ၄ နာရီတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ Reception House ၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့်ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၂၀ ရက်နေ့နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာသတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဖုန်း ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၁၆/၂၀၁၅)
၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်)

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ဝင်းရပ်(၁) အကွက်၊ စည်ပင်နောက်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှစ၍နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အင်းတိုင်းရင်းသားအဖွဲ့ချုပ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၆) ဖြစ်ပါသည်။

အမိန့်အရ

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံကထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏအား အတည်ပြုပေးနိုင်ရန်ဆွေးနွေး

နေပြည်တော် ဇွန် ၉

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၆ ရက်မြောက်နေ့ကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မတည်ငွေရင်းထည့်ဝင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာရေးထိုးစဉ်က မူလအဖွဲ့ဝင်များအဖြစ် နိုင်ငံပေါင်း ၂၂ နိုင်ငံပါဝင်မည်ဟူသော တွက်ဆချက်ဖြင့် လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ GDP ညွှန်းကိန်းတစ်ခုတည်းအပေါ် အခြေခံ၍လည်းကောင်း၊ ကနဦးမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံဖြင့် စတင်ရန်ရည်ရွယ်၍ လည်းကောင်း မူလအဖွဲ့ဝင်အလိုက် ထည့်ဝင်ရမည့် မတည်ငွေရင်းကို တွက်ချက်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၁၂သန်း ထည့်ဝင်ရန် လျာထားသတ်မှတ်ခဲ့ပါကြောင်း၊ သို့သော် ဒေသတွင်းနှင့် အခြားကမ္ဘာ့နိုင်ငံများက အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ရန် အဆိုပြုခဲ့ကြသဖြင့် အဖွဲ့ဝင် ၅၇ နိုင်ငံရှိလာခဲ့ရာ ကနဦးမတည်ငွေရင်းကို အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကနဦးမတည်ငွေရင်း၏ ၂၀ ရာခိုင်နှုန်း စတင်ထည့်ဝင်ရန် သဘောတူခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထည့်ဝင်ရမည့်မတည်ငွေရင်းမှာ အမေရိကန်ဒေါ်လာ ၂၆၄ ဒသမ ၅ သန်းဖြစ်ပြီး ကနဦးထည့်ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၉ သန်းကို ၁၀ နှစ်ဖြင့် ၁၀ ရစ်ခွဲ၍ ထည့်ဝင်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံကထည့်ဝင်ရမည့် မတည်ငွေရင်းပမာဏအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံအနေနှင့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး



အတွက် အဆိုပါငွေကြေးအဖွဲ့များ၏ ထောက်ပံ့ငွေများ၊ ချေးငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ထည့်ဝင်နိုင်သည့် ငွေကြေးပမာဏဖြစ်သည့်အတွက် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် AIIB သို့ဝင်ရောက်ခြင်းနှင့် မတည်ငွေထည့်ဝင်ခြင်းအပေါ် ခွင့်ပြုသင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအပေါ် လက်ရှိကာလအထိ တိုးတက်ဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြေကိစ္စများဖြေရှင်းဆောင်ရွက်ရာတွင် ပြည်သူများရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်နှင့် လွှတ်တော်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များသည် မြေကိစ္စများအပေါ်တွင် လျင်မြန်စွာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုးတက်မှုများလည်း ရှိနေပြီဖြစ်ပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရမည့် ဌာန၊ အဖွဲ့အစည်းတို့အနေဖြင့်လည်း မြေကိစ္စတိုင်ကြားစာများကို မြေပြင်ကွင်းဆင်းစိစစ်ပြီး တိုင်ကြားစာအပေါ် ဖြေရှင်းဆောင်ရွက်ချက် အမျိုးအစားခုနစ်မျိုး သတ်မှတ်ပြီး လစဉ်ဆောင်ရွက်နိုင်မှုအခြေအနေများကို မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ Case တစ်ခုချင်းအလိုက် သတ်မှတ်ပုံစံများတွင် ဖြည့်စွက်ပေးပို့ တင်ပြရပါကြောင်း၊ ဖြေရှင်းဆောင်ရွက်ရမည့် မြေကိစ္စများကို မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီအဆင့်ဆင့်နှင့် စုံစမ်းရေးကော်မရှင်တို့ပူးပေါင်း၍ စိစစ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပြန်လည်စွန့်လွှတ်မြေများ သက်ဆိုင်သူများလက်ဝယ်သို့ ရောက်ရှိစေရေးကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်ကလည်း တပ်မတော်အနေဖြင့် သိမ်းဆည်းမြေများကို စုံစမ်းရေးကော်မရှင်အစီရင်ခံစာပါ တိုင်ကြားစာများတွင် ပါရှိသည်ဖြစ်စေ၊ မပါရှိသည်ဖြစ်စေ စွန့်လွှတ်၍ ရသည့်မြေများကို စွန့်လွှတ်ပေးနေပါကြောင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ခွင့်ပြုချက်ဖြင့် စုံစမ်းရေးကော်မရှင်တိုင်ကြားစာပါ စွန့်လွှတ်မြေနှင့် မြေအသုံးချမှု စီမံခန့်ခွဲရေးဗဟိုကော်မတီသို့တင်ပြထားသည့် သီးခြားစွန့်လွှတ်မြေများအပြင် မြေဧရိယာ ၂၀၇၅၃ ဒသမ ၁၃ ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မြေယာစီမံခန့်ခွဲမှုကော်မတီများက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်း လွှတ်တော်၌ အဆုံးအဖြတ်ရယူအတည်ပြု

**နေပြည်တော် ဇွန် ၉**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း၏ **“ကမ္ဘာပေါ်တွင် ရှေးအကျဆုံး နှစ်သန်းပေါင်း ၄၀ ခန့်သက်တမ်းရှိသည့် လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် အစီအစဉ် ရှိ/မရှိနှင့် လူသားမျိုးနွယ်စုများ၏ မည်သည့်မျိုးနွယ်မှ ဆင်းသက်လာသည်ဆိုသော ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရန် အစီအစဉ် ရှိ/မရှိ ”** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ကမ္ဘာပေါ်တွင် ရှေးအကျဆုံး



ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်ကြူ ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

နှစ်သန်းပေါင်း ၄၀ ခန့် သက်တမ်းရှိသည့် လူတူပရိုင်းမိတ်များ တွေ့ရှိခဲ့ခြင်းကို ဆက်လက်သုတေသနပြုရန် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အစီအစဉ်မရှိပါကြောင်း ဖြေကြားပြီး ပုံတောင်ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်း ကွင်းဆင်းရှာဖွေလေ့လာမှု နောက်ခံသမိုင်းအကျဉ်းကို လည်းကောင်း၊ နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းကာ နှစ်အလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်စိုးက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍အတည်ပြုသည်။



**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်စိုး အစီရင်ခံစာဖတ်ကြားစဉ်။**
(သတင်းစဉ်)

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်းက ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်က ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်က ထောက်ခံပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

# ကလေး(စာပေ)ဖွံ့ဖြိုးရေး အားလုံးကူညီဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၉**

ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Sharti Volunteer Association-SVA)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ကလေးများ စာဖတ်ရှုန်မြင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများ ပေါ်ထွန်းနိုင်ရေးကို ရည်ရွယ်လျက် ကလေးစာရေးသားသရုပ်ဖော်ပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးများ၏လှုံ့ဆော်မှုဖြင့် တစ်နိုင်ငံလုံး ပညာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်သော ပြိုင်ပွဲတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။

ထိုပြိုင်ပွဲမှ ဆုရကလေးစာပေ သရုပ်ဖော် စာအုပ်သုံးအုပ်ကို ပုံနှိပ်၍ နယ်ရှိ စာကြည့်တိုက်များသို့အရောက် ဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါ ကလေးစာပေ သရုပ်ဖော်စာအုပ်သုံးအုပ်မှာ ဇာတ်လမ်းသရုပ်ဖော် ထားထားဦး၏ **“တစ်ခါတုန်းကမဲလုံး”** စာအုပ်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၄၀၀၊ ဇာတ်လမ်း သရုပ်ဖော်ကာတွန်း ဝင်းမြင့်အောင်၏ **“မိသားစုကမ္ဘာ ပျော်စရာ”** တန်ဖိုးငွေကျပ် ၃၃၀နှင့် ဇာတ်လမ်းသရုပ်ဖော် ညီညီ၏ **“မေတ္တာရှင်လယ်သမားနှင့် ပလွေစောင့်ဘီလူး”** တန်ဖိုးငွေကျပ် ၃၃၀ တို့ဖြစ်ပြီး အဆိုပါစာအုပ်များကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း စာပေဗိမာန်မှ စာရွက်အကောင်းစားများနှင့်အဆင့်အတန်း မီရိုက်နှိပ်၍ ဖြန့်ချိခဲ့သည်။ အဆိုပါ ကလေးစာပေ စာအုပ်များကို ရွေးသွေးဂျာနယ်အဖြစ် အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယခုထုတ်ဝေလိုက်သော ကလေးစာပေစာအုပ်များမှာ ကလေးဖတ်ချင်စဖွယ် အရည်အသွေးအရောင်မျိုးစုံနှင့် ရိုက်နှိပ်ထားသည့် စာအုပ်များဖြစ်ပြီး အဆိုပါ ကလေးစာပေစာအုပ်များကို ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ပြန်/ဆက်ဦးစီးဌာနများမှ ရွှေ့လျားစာကြည့်တိုက်များဖြင့် လှည့်လည်ပြသခဲ့ရာ ကလေးများ အထူးစိတ်ဝင်စားခံရသည့် စာအုပ်များဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေသရုပ်ဖော်စာအုပ်များမှာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရှန်တီစေတနာ့ဝန်ထမ်းအသင်းအဖွဲ့တို့ ပူးပေါင်း၍ စာချုပ်ချုပ်ဆို ထုတ်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရှမ်းပြည်နယ် အင်းလေးဒေသဖွံ့ဖြိုးရေးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာကိုကိုဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဟဲဟိုးမြို့သို့ရောက်ရှိကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဒေသခံပြည်သူများက ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ညောင်ရွှေမြို့မှတစ်ဆင့် စက်လှေများဖြင့် အင်းလေး ဖောင်တော်ဦးစေတီသို့ သွားရောက်ရာ အင်းလေးကန်ရေပြင် တစ်လျှောက် ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားကြီးများ အသုံးပြု၍ နုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်နေမှု၊ သဲနုန်းတူးဖော်နေမှု၊ ရေလမ်းခြံစည်းရိုးနှင့် နုန်းမြေထိန်းခြံစည်းရိုး ပြုလုပ်နေမှုများ၊ ကျွန်းမျောများ၊ ရေမှော်များ ရှင်းလင်းနေမှုများကို စက်လှေပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးစေတီတော်သို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းတော်နှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဖောင်တော်ဦးဘုရား၌ ညောင်ရွှေမြို့နယ် အင်းလေးဒေသမှ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့ဝင်များ၊ အင်းသားပါတီမှတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အင်းလေးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး၊ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အင်းလေးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အင်းလေးကန်ရေခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အင်းလေးဖောင်တော်ဦးဘုရားဝင်း နမ့်ဟူးကျောင်းဆောင်သို့ ရောက်ရှိပြီး ဟဲယာရွာမရွှေဘုံသာ သဒ္ဓမ္မဝုဒ္ဓကာရီ စာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ အမှူးပြုသောဆရာတော် သံဃာတော်များအားဖူးမြော်ကြည်ညိုပြီး ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦးစေတီမွောရုံ၌ မြို့မိမြို့ဖများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်အသင်းများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အင်းလေးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အင်းလေးကန် အစဉ်အမြဲသာယာလှပသန့်ရှင်းနေစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်ဂေဟစနစ်မပျက်သုဉ်းစေရန်၊ အင်းလေးကန် အရှည်သဖြင့် တည်တံ့နေစေရန်၊ သဘာဝအနေအထားများ မပျက်စီးစေရန်နှင့် ကန်ခန်းခြောက်မှု ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကာကွယ်သွားကြရန် ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အလိုတော်ပေါက်ဘုရားသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Royal Nadi Resort ၌ ခင်းကျင်းပြသထားသည့် ဂျပန်နိုင်ငံ KUPOTA မှ ထုတ်လုပ်သည့် အိမ်သုံး၊ ကွန်ဒိုသုံး၊ ဟိုတယ်သုံး၊ ဆေးရုံသုံး ရေဆိုးသန့်စင်စက်ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တစ်လုံးမြို့နယ်အတွင်းရှိ ပထမနိမ္မိတသပိတ်မြတ်ဘုရားသို့ရောက်ရှိရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပထမနိမ္မိတ သပိတ်မြတ်ဘုရားအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ပအိုဝ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကာ မြေသည်အရင်းအနှီးဖြစ်၍ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့်သီးနှံများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလူငယ်ပညာတတ်များ မွေးထုတ်နိုင်ရေးအတွက် လေ့ကျင့်ပျိုးထောင်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မွေတော်ကက္ကူဘုရားသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အင်းလေးကန်သည် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်းတည်ရှိသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးသဘာဝကုန်းတွင်းရေကန်ဖြစ်သည်။ ထိုအင်းလေးကန် မတိမ်ကောစေရန်၊ အင်းလေးကန် သဘာဝဝန်းကျင်ဂေဟစနစ် မပျက်သုဉ်းစေရန်၊ အင်းလေးကန် အစဉ်သာယာလှပစိမ်းလန်းစိုပြည်နေစေရန်အတွက် အင်းလေးကန်သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကဦးဆောင်ပြီး ဆက်စပ်ဌာန ၁၃ ခုနှင့် အခြား NGO,INGO အဖွဲ့အစည်းများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ Royal Nadi Resort ၌ ခင်းကျင်းပြသထားသည့် ဂျပန်နိုင်ငံ KUPOTA က ထုတ်လုပ်သည့် အိမ်သုံး၊ ကွန်ဒိုသုံး၊ ဟိုတယ်သုံး၊ ဆေးရုံသုံး ရေဆိုးသန့်စင်စက်ကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး စားရေရိက္ခာနှင့် အာဟာရပြည့်ဝရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၉

**အီတလီနိုင်ငံ ရောမမြို့၌ ဇွန် ၆ ရက်မှ ၁၃ ရက်ထိ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ (၃၉)ကြိမ်မြောက် ညီလာခံအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက်၍ ဇွန် ၉ ရက် နံနက်ပိုင်း၌ မြန်မာနိုင်ငံဆိုင်ရာ Country Statement အား ဖတ်ကြားခဲ့သည်။** (ယာပုံ)

မြန်မာနိုင်ငံ ကိုယ်စားလှယ်ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယခု (၃၉)ကြိမ်မြောက် ညီလာခံမှ သတ်မှတ်ထားသည့် **"လူမှုဘဝကာကွယ်မှုနှင့် ရေရှည်တည်တံ့သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုတို့ဖြင့် ကျေးလက်ဒေသ၏ ကြံ့ခိုင်စွမ်းရည်ကို မြှင့်တင်ခြင်းအားဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှု သံသရာကို တွန်းလှန်ကြပါစို့" "Breaking the cycle of rural poverty and hunger by strengthening rural resilience: Social Protection and Sustainable Agricultural Development"**ဟူသော ဆောင်ပုဒ်ကို မြန်မာနိုင်ငံမှ လေးလေးနက်နက် ထောက်ခံပါကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေသည် ပိုမိုတိုးပွားလာရာ နေ့စဉ်စားသုံးမည့် စားနပ်ရိက္ခာလိုအပ်ချက်သည် မြင့်မားလာလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် စားနပ်ရိက္ခာ မဖူလုံမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းကနောင်လာနောက်သားများအတွက် ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှုရရှိရေးအပေါ် အလေးထားရန် လိုအပ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး၏ စားရေရိက္ခာနှင့် အာဟာရပြည့်ဝရေး လုပ်ငန်းများကို အထူးအလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။



မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ် လုံခြုံစိတ်ချမှုရှိစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ် ဆောင်ရွက်မှုများကြောင့် အာဟာရချို့တဲ့မှု ညွှန်းကိန်းအား ၁၉၉၀-၉၂ ခုနှစ်တွင် ၆၂ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄-၂၀၁၆ တွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အာဟာရချို့တဲ့မှု ဦးရေကိုလည်း ၁၉၉၀-၉၂ တွင် ၂၆ ဒသမ ၈ သန်းရှိရာမှ ၂၀၁၄-၂၀၁၆ တွင် ၇ ဒသမ ၇ သန်းသို့ လည်းကောင်း လျှော့ချနိုင်ခဲ့ကြောင်းကို FAO အဖွဲ့ကြီးက အတည်ပြု ထုတ်ပြန်ကြေညာပေးခဲ့ပြီး ထိုသို့ဆောင်ရွက်နိုင်ခဲ့သည့် လက်တွေ့ရလဒ်အနေဖြင့် ယခုညီလာခံကျင်းပနေစဉ်ကာလအတွင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့မှ အာဟာရမပြည့်ဝမှုအား ထူးချွန်ပြောင်မြောက်စွာ လျှော့ချနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်၍ ဂုဏ်ပြုလက်မှတ်အား ချီးမြှင့်ခဲ့ပါကြောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ဝင်နိုင်ငံများအားလုံးပူးပေါင်းပြီး **"လိုလျှင်ကြံဆ၊ နည်းလမ်းရ"**ဆိုသလို ကျွန်ုပ်တို့၏ နောင်လာမည့် မျိုးဆက်များအတွက် ငတ်မွတ်ခေါင်းပါးမှု လျော့နည်းပပျောက်ရေး စိန်ခေါ်မှုအား အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း စသည်ဖြင့် ဖတ်ကြားတင်သွင်းခဲ့သည်။

အဆိုပါ ညီလာခံသို့ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟိုဆေးဂရာဇီယာနိုဒါဆီးလ်ဗား၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ အမှုဆောင်ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ အီသရင်းကာစင်နှင့် FAO အဖွဲ့ဝင်နိုင်ငံပေါင်း (၁၉၇)နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဝန်ကြီးများ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုးမြို့တွင် သစ်လုံးခွဲသားများ ရောင်းချပေးလျက်ရှိ

**လားရှိုး ဇွန် ၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအနေဖြင့် ပြည်သူဗဟိုပြု အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small & Medium Enterprises) ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များသို့ မြန်မာ့သစ်လုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနအနေဖြင့် သစ်လုံး၊ သစ်ခွဲသားများ ဖြည့်ဆည်းရောင်းချပေးလျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဈေးပြိုင်လေလံရောင်းချမှု ဒုတိယအကြိမ်အဖြစ် ဇွန် ၁၆ ရက်တွင် ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လားရှိုးမြို့၌ ကျင်းပမည်ဖြစ်ရာ ယင်းလေလံပွဲတွင်ကျွန်း၊ သစ်မာ၊ သစ်လုံး၊ တိုင်/ခွဲသား တန် ၄၄၀၊ တမလန်း ၃၄၅ တန်၊ ပိတောက် ၂၉ တန်နှင့် သင်းဝင် ၁၈ တန်တို့ ပါဝင်ပြီး လေလံဆွဲဝယ်ယူလိုသူများအနေဖြင့် ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့သစ်လုပ်ငန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး ဖုန်း-၀၈၂-၂၅၂၀၀ နှင့် မန်နေဂျာပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လားရှိုး ဖုန်း-၀၈၂-၂၃၀၄၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# တက္ကသိုလ်ဝင်စာမေးပွဲ မွန်ပြည်နယ်က တစ်နိုင်ငံလုံးအောင်ချက် ဒုတိယ၊ မုဒုံမြို့နယ်က မွန်ပြည်နယ်မှာ အောင်ချက်ပထမ

**မုဒုံ ဇွန် ၉**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းတွင် တစ်နိုင်ငံလုံး၏ အောင်ချက်ရာခိုင်နှုန်းမှာ ၃၇ ဒသမ ၆၀ ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မွန်ပြည်နယ်သည် အောင်ချက်အမြင့်ဆုံး ဒုတိယရရှိပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၄၃ ဒသမ ၄၀ ဖြစ်ကြောင်းနှင့် မွန်ပြည်နယ်တစ်ခုလုံးတွင် မုဒုံမြို့နယ်က အောင်ချက်အကောင်းဆုံး ပထမနေရာက ရပ်တည်ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၆၃ ဒသမ ၀၈ ဖြစ်သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မုဒုံမြို့နယ်၌ ဖြေဆိုသူ ၁၈၅၈ ဦးအနက် အောင်မြင်သူ ၁၁၇၂ ဦးရှိသည်။ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၂ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၅၀၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၇၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၄၂ ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၄၄၅ ဦးရှိသည်။ ယမန်နှစ် ၂၀၁၄ ခုနှစ်က မုဒုံမြို့နယ်၏ အောင်ချက်ရာခိုင်နှုန်းမှာ ၆၀ ဒသမ ၀၈ ဖြစ်ပြီး ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၆၃ ဒသမ၀၈ ဖြစ်ရာ ယမန်နှစ်ကထက် အောင်ချက်မြင့်မားခဲ့ကြောင်း သိရသည်။

မုဒုံမြို့နယ်က အောင်ချက်ပထမနေရာတွင် ရပ်တည်ရခြင်းမှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် ကျောင်းသားကျောင်းသူများအား ဆရာ ဆရာမများက အားနည်းသည့် ဘာသာရပ်များကို အချိန်ပိုခေါ်ယူသင်ကြားပေးခြင်း၊ စာမေးပွဲကြီးပုံစံ လေ့ကျင့်ခန်းစာမေးပွဲများကို လစဉ်စဉ်ဆက်မပြတ် လေ့ကျင့်ဖြေဆိုစေခြင်း၊ ကျောင်းသားကျောင်းသူများအချင်းချင်း အပြန်အလှန်ဆွေးနွေးလေ့ကျင့်စေခြင်းနှင့် ပုံမှန်ကြိုးစားလေ့ကျင့်နေစေရန် မိဘသားချင်းများအား ညှိနှိုင်းဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

# သွေးလွန်တုပ်ကွေး နှိမ်နင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မုံရွာ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ တန့်ဆည်မြို့၊ ရေဦးမြို့တို့တွင် ဇွန် ၈ ရက်က တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး (ရပကန) ၄က်ဖျားအဖွဲ့ခေါင်းဆောင် ဆရာဝန်နှင့်အဖွဲ့သည် မြို့နယ်အုပ် ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် အဖွဲ့၊ ဒေသခံလူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေး ရောဂါ ပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ဆေးမှုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ **အောင်ဆွေ(iprd)**

# မင်းတုန်း၊ နောင်ချိုနှင့် ပင်လည်ဘူး ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2)ဖြင့် စတင်၍စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဇွန် ၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား(နေပြည်တော်)၊ တပ်ကုန်း (နေပြည်တော်) နှင့် ရန်ကုန်တို့တွင် DVB-T2 စနစ်ဖြင့် ၁၅-၁၀-၂၀၁၃ ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၂၂) ရုံဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊ တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လှိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟသ်ာတ ရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၆၉) ရုံအနက် မင်းတုန်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၂၀-၅-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၃-၅-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းနေ့ရက်မှ စတင်၍ လွှင့်အား 300 W လှိုင်းနှုန်းချန်နယ် (E-24) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက်တွင် မြို့ဟောင်း ၁၁ မိုင်အထိ လည်းကောင်း၊ အနောက်ဘက်တွင်ထန်းပင်ကုန်းကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် မဲဇလီကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ထညောင့်တင်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

နောင်ချိုစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၄-၅-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၆-၅-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းရက်နေ့မှ စတင်၍ လွှင့်အား 100 W၊ လှိုင်းနှုန်း (E-28) ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက် ပင်တိန်၊ နောင်ပိန်ကျေးရွာများအထိလည်းကောင်း၊ အနောက်ဘက်တွင် ဆမ္မဆယ်ကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် ကံကြီးကုန်း၊ သရက်ကုန်းကျေးရွာများအထိလည်းကောင်း၊ မြောက်ဘက်တွင် ဈေးရပ်ကွက် တစ်မိုင်ခန့်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်ပါသည်။

ပင်လည်ဘူးစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို ၂၅-၅-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၈-၅-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ယင်းရက်နေ့မှစတင်၍ လွှင့်အား 50W၊ လှိုင်းနှုန်း (E-21) ဖြင့် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။ အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက် ရွာရှည်ကုန်းကျေးရွာအထိလည်းကောင်း၊ အနောက်တောင်ဘက်တွင် မီးလောင်ကုန်းကျေးရွာအထိလည်းကောင်း၊ အရှေ့မြောက်ဘက်တွင် ဝါးဖိုးချောင်း၊ အိုးမြေကုန်း၊ ပေကုန်း၊ လက်ဆည်ကန်ကျေးရွာများအထိ လည်းကောင်း၊ မြောက်ဘက်တွင် ရွာသစ်ကုန်း၊ ဘန့်ဘွေးကုန်း ကျေးရွာများအထိ လည်းကောင်း ကောင်းမွန်စွာဖမ်းယူရရှိနိုင်ပါသည်။

တတိယအဆင့်စက်ရုံ(၆၉)ရုံအနက် အထက်ဖော်ပြပါ စက်ရုံသုံးရုံမှ Digital စနစ်(DVB-T2)ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့် စက်ရုံများတွင် လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိပါသည်။

မိဘပြည်သူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့်ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top Box၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်ပါသည်။ Digital ရုပ်မြင်သံကြားလိုင်းများဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရပါမည်။ ယင်းနောက် Set-top Box၊ DVB-T2 Digital TV တို့ရှိ Remote ပါခလုတ်များမှ Menu ကိုနှိပ်၍ Installation သို့သွားရပါမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Progress Page တွင် မိမိတို့နေထိုင်ရာဒေသတွင်ရှိ အခမဲ့ထုတ်လွှင့်သော DVB-T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများဖမ်းယူရရှိပါမည်။ ယင်းနောက် Exit ခလုတ်ကိုနှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

# ဖိအားပေးမယ့်အစား သတင်းမီဒီယာတွေနဲ့ လွတ်လွတ်လပ်လပ်စကားပြောရဲအောင် နားလည်မှုနဲ့ပံ့ပိုးမှုတွေ အများကြီးပေးသင့်

မိုးသူဇာစိုး
ဓာတ်ပုံ-ထိန်နန်နော်

နေပြည်တော် ဇွန် ၉

**ပြည်ထောင်စုဝန်ကြီးဌာနများ၏ သတင်းထုတ်ပြန်ခြင်းနှင့် မီဒီယာဆက်ဆံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများတွင် ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲများ ထားရှိဖွဲ့စည်းကာ စတင်ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ဇွန် ၅ရက်နှင့် ၆ရက်တို့တွင် ဖွင့်လှစ်သင်ကြားခဲ့သည့် မီဒီယာဆက်ဆံရေးနှင့် သတင်းထုတ်ပြန်ခြင်းဆိုင်ရာ သင်တန်းတွင်တက်ရောက်ခဲ့သော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ် (ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့ပါသည်-**


ဦးသိန်းရွှေဝင်း


ဦးဇော်မိုးမြင့်


ဒေါက်တာဇင်မင်းထွန်း


ဦးသောင်းလွင်


ဦးရဲနိုင်မိုး

**ဦးသိန်းရွှေဝင်း**
**ဒုတိယညွှန်ကြားရေးမှူး**
**လူဝင်မှုကြီးကြပ်ရေးနှင့်**
**ပြည်သူ့အင်အားဝန်ကြီးဌာန**

ဝန်ကြီးဌာနတွေရဲ့ ဖွဲ့စည်းပုံအသစ်အရ သတင်းထုတ်ပြန်ရေးဌာနတွေ ပါဝင်လာပါတယ်။ ပြည်သူတွေသိလိုတဲ့ ဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေနဲ့ ဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်တွေကို မီဒီယာတွေကနေတစ်ဆင့် သိစေချင်တာတွေကို အသိပေးဖို့ အခွင့်အလမ်းတွေရရှိလာမှာ ဖြစ်ပါတယ်။ ပြည်သူသိချင်တာနဲ့ ဝန်ကြီးဌာနက အသိပေးချင်တာတွေကို အဓိကအနေနဲ့ ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

မီဒီယာဆက်ဆံရေးနဲ့ သတင်းထုတ်ပြန်ရေးလုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်ရတယ်ဆိုတာ မသိသေးတော့ ဒီသင်တန်းက ဒါတွေကို အဓိကဆွေးနွေးပို့ချသွားတာ ဖြစ်ပါတယ်။ ပြည်သူတွေသိသင့်သိအပ်တဲ့ လုပ်ငန်းတွေကို ဝန်ကြီးဌာနတွေအနေနဲ့ ဘယ်လိုသတင်းထုတ်ပြန်ရမယ်ဆိုတာနဲ့ အင်တာဗျူးတွေ ဖြေဆိုဖို့ ဘယ်လိုပြင်ဆင်ရမယ်ဆိုတာတွေ သိလာရပါတယ်။ ဒီလိုသိလာတဲ့အတွက် နိုင်ငံတော်အစိုးရရဲ့လုပ်ငန်းတွေကို အကောင်အထည်ဖော်နေတဲ့ ဝန်ကြီးဌာနတွေအားလုံး သတင်းမီဒီယာကနေတစ်ဆင့် အများပြည်သူကို အသိပေးရမယ့် တာဝန်ရှိတဲ့အတွက် ဒါတွေကိုလုပ်ရမယ်ဆိုတဲ့ ခံယူချက်တွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလို သတင်းထုတ်ပြန်ချက်တွေ စတင်ဆောင်ရွက်ဖို့ အချိန်ကာလတော့ အတိအကျမရှိသေးပါဘူး။ အဖွဲ့အနေနဲ့ဖွဲ့စည်းပြီး ကျန်တဲ့ဝန်ထမ်းတွေကိုလည်း ဆင့်ပွားသင်တန်းတွေ ပြန်လည်ပို့ချမှာပါ။ သတင်းစာရှင်းလင်းဖို့ ကိစ္စတွေရှိလာပြီဆိုရင်လည်း ချက်ချင်းဆောင်ရွက်နိုင်အောင် စီစဉ်နေပါတယ်။

**ဦးဇော်မိုးမြင့်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ဘဏ္ဍာရေးဝန်ကြီးဌာန**

ဌာနရဲ့ဖွဲ့စည်းပုံမှာ ပါဝင်လာတဲ့ သတင်းထုတ်ပြန်ရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ရှိလာတဲ့အတွက် ဒီသင်တန်းကို တက်တာဖြစ်ပါတယ်။ ဒီမှာ တက်ပြီးတဲ့အခါမှာလည်း သိသင့်တာတွေ၊ အကျိုးကျေးဇူးတွေကို ဌာနမှာ ပြန်လည်ဝေမျှမှာပါ။ သင်တန်းမှာ ဆရာ ဦးရဲနိုင်မိုး ပြောပြဆွေးနွေးတာတွေ တော်တော်လေးကောင်းပါတယ်။ ဝန်ကြီးဌာန အနေနဲ့ သတင်းဘယ်လို ထုတ်ပြန်ရမယ်၊ သတင်းဘယ်လိုရေးရမယ်၊ အင်တာဗျူးတွေ ဖြေဆိုရမယ့် အနေအထားတွေက ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေ သိခွင့်ရပါတယ်။ ဝန်ကြီးဌာနက သတင်းထုတ်ပြန်ရေးဆိုင်ရာ တာဝန်ရှိသူတွေအတွက် အလွန်အကျိုးများတဲ့ သင်တန်းဖြစ်လို့ မကြာခဏ ပို့ချပေးသင့်တယ်လို့ ထင်ပါတယ်။

**ဒေါက်တာဇင်မင်းထွန်း**
**လက်ထောက်ညွှန်ကြားရေးမှူး**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကျွန်မတို့ဌာနမှာ Web Portal စတင်လွှင့်နေပြီဖြစ်တဲ့ အတွက် ဒီသင်တန်းကို တက်ရောက်ဖြစ်ပါတယ်။ စတင်လွှင့်တင်တဲ့ အနေအထားပဲရှိပြီး အခုလောလောဆယ်တော့ သတင်းထုတ်ပြန်ချက်တွေ မလုပ်နိုင်သေးပါဘူး။ ပြင်ဆင်ပြီးတဲ့ အနေအထားဖြစ်ရင်တော့ သတင်းထုတ်ပြန်ချက်တွေလည်း ထုတ်ပြန်ဖို့ဖြစ်လာနိုင်ပါတယ်။

အခုဆိုရင်လည်း Web Portal မှာ နောက်ဆုံးရတဲ့ သတင်းအခြေအနေတွေကို ကြည့်နိုင်ပါတယ်။ သတင်းထုတ်ပြန်ချက်တွေ မဟုတ်သေးပေမယ့် ဌာနရဲ့အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နေတဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို တင်ပေးနေပါတယ်။ Web Portal မှာ အများပြည်သူတွေ အကြံပြုနိုင်တဲ့ အကြံပြုချက်ကဏ္ဍတွေ ပါဝင်ပါတယ်။ လိပ်စာကတော့ www.nptdc.gov.mm ဖြစ်ပါတယ်။

**ဦးသောင်းလွင်**
**ညွှန်ကြားရေးမှူး**
**ပြည်တွင်းပြည်ပဆက်ဆံရေးနှင့်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

ကျွန်တော်တို့ဌာနက သတင်းထုတ်ပြန်ရေးလုပ်ငန်းတွေကို မေလ ၁၈ ရက်နေ့ကစပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ကနေ သတင်းထုတ်ပြန်ချက်တွေ ဆောင်ရွက်သွားမယ်ဆိုတာလည်း မီဒီယာများကို အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ပြီးနောက်မှာ မီဒီယာတွေကလည်း သိချင်တာတွေ အလွယ်တကူနဲ့ မေးမြန်းလို့ရလာတယ်။ တရားဝင်သတင်းထုတ်ပြန်ချက်တွေလည်းရပြီး ဆက်သွယ်ရမယ့်သူတွေလည်းသိလာတဲ့အတွက် ကြိုဆိုကြပါတယ်။

ဒီသင်တန်းကတော့ ကျွန်တော်တို့ဆောင်ရွက်ချက်တွေ ပိုပြီးစနစ်ကျသွားစေပါတယ်။ သတင်းထုတ်ပြန်ရေးဌာနခွဲက တာဝန်ရှိသူတွေ တက်သင့်တဲ့သင်တန်းပါ။ သတင်းထုတ်ပြန်ရေးဌာနခွဲကမဟုတ်ဘဲ တခြားဌာနတက်ရသူတွေလည်း ရှိပါတယ်။ သတင်းမီဒီယာဆက်ဆံရေးက အရေးကြီးပါလားဆိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနကနေ အလေးအနက်ထားပြီး သတင်းထုတ်ပြန်ရေးဌာနက တာဝန်ရှိတဲ့သူတွေကို စေလွှတ်သင့်တယ်လို့ ထင်ပါတယ်။

**ဦးရဲနိုင်မိုး**
**သတင်းစာပညာရှင်/**
**သင်တန်းမှူး၊ ရန်ကုန်သတင်းစာပညာသင်တန်းကျောင်း**

ပြည်ထောင်စုဝန်ကြီးဌာနတွေမှာ ပြည်တွင်း ပြည်ပဆက်ဆံရေးနဲ့ သတင်းထုတ်ပြန်ရေးဌာနတွေ ဖွဲ့စည်းတယ်လို့ ကျွန်တော်ကြားရပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူပြီး သတင်းထုတ်ပြန်ရေးဆိုင်ရာ သင်တန်းတွေ လုပ်မယ်ဆိုတော့ ကျွန်တော့်ကို အကူအညီတောင်းတာနဲ့ ဒီသင်တန်းတွေ ပို့ချပေးဖြစ်တာပါ။ အရင်ကလည်း ပြန်ကြားရေးမှာ အခုလို ပြောရေးဆိုခွင့်ရှိသူတွေအတွက် သင်တန်းတွေ ပေးဖြစ်ခဲ့ပါတယ်။

သင်တန်းက နှစ်ရက်ပဲ ပို့ချနိုင်တဲ့အတွက် အင်မတန်တိုပါတယ်။ ဒီနေ့က ဒုတိယနေ့ပါ။ မနေ့ကတော့ သတင်းမီဒီယာတွေရဲ့ လူ့အဖွဲ့အစည်းထဲက အခန်းကဏ္ဍ၊ အစိုးရဝန်ကြီးဌာနတွေရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့တွေနဲ့ သတင်းမီဒီယာတွေ ပူးပေါင်းပြီး မှန်ကန်တဲ့သတင်းအချက်အလက်တွေ၊ ပြည်သူလိုလားတဲ့ သတင်းအချက်အလက်တွေကို ဘယ်လိုမြန်မြန်ဆန်ဆန်စီးဆင်းသင့်တယ် ဆိုတာကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ သတင်းစာပညာနဲ့ ပတ်သက်တဲ့ အခြေခံအချက်တွေကိုလည်း ဆွေးနွေးဖြစ်ပါတယ်။

ဒီနေ့မှာ အဓိကဆွေးနွေးမှာတော့ သတင်းထုတ်ပြန်ရေးအဖွဲ့တွေက Media Plan (မီဒီယာနဲ့ပတ်သက်တဲ့ကြိုတင်စီမံမှုတွေ) ဘာတွေလုပ်မလဲ၊ အင်တာဗျူးတွေ၊ သတင်းထုတ်ပြန်ချက်ရေးသားမှုနဲ့ သတင်းစာရှင်းလင်းပွဲလုပ်တာနဲ့ ပတ်သက်ပြီး ဆွေးနွေးလေ့ကျင့်ကြပါတယ်။

နှစ်ရက်အတွင်းမှာ အထိုက်အလျောက်တော့ အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ဒီနှစ်ရက်အတွင်းမှာ ကျွန်တော်သတိထားမိတာကတော့ အစိုးရဌာနတွေနဲ့ မီဒီယာတွေကြားထဲမှာ ထိတွေ့မှုတော်တော်လေးအားနည်းခဲ့တာကြောင့် အပြန်အလှန်စိုးရိမ်မှုတွေကို တွေ့ရတယ်။ မီဒီယာတွေနဲ့ပတ်သက်ရင် ကျင့်ဝတ်ဆိုင်ရာ စိုးရိမ်မှုတွေရှိတယ်ဆိုတာ သတိထားမိပါတယ်။

တကယ်တော့ အခုလို သတင်းထုတ်ပြန်ရေးအဖွဲ့တွေ ပေါ်လာတယ်ဆိုတာ တိုင်းပြည်အတွက် အင်မတန် အရေးကြီးပါတယ်။ ပြည်သူလူထုရဲ့သိပိုင်ခွင့် (Right to Know) ကို လေးစားဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုသတင်းထုတ်ပြန်ရေးအဖွဲ့တွေမှာ စိန်ခေါ်မှုတွေ အများကြီးရှိသွားပါတယ်။ အဲဒါကတော့ သူတို့ရဲ့ အထက်လူကြီးတွေ အပေါ်မှာ မူတည်ပါတယ်။ သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေဟာ သူတို့ရဲ့ သတင်းထုတ်ပြန်ချက်တွေ၊ အင်တာဗျူးတွေကို ဖြေဆိုရာမှာ မှားယွင်းသွားရင် ဘယ်လိုအရေးယူခံရမလဲ ဆိုတာတွေ ပါပါတယ်။ သူတို့ကို အလုပ်မလုပ်ရဲအောင် ဖိအားပေးမယ့်အစား သတင်းမီဒီယာတွေနဲ့ ဒိုထက်ပိုပြီး လွတ်လွတ်လပ်လပ်နဲ့ စကားပြောရဲအောင် သူတို့ကို နားလည်မှုနဲ့ပံ့ပိုးမှုတွေ အများကြီးပေးသင့်တယ်လို့ ထင်ပါတယ်။

## ကျေးရွာများတွင် မဲစာရင်းအား ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာ

**လှိုင်းဘွဲ့ ဇွန် ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ ရှမ်းရွာသစ်မြို့၊ မြိုင်ကြီးငူ အထူးဒေသများဖြင့် ဖွဲ့စည်းထားရှိပြီး လှိုင်းဘွဲ့မြို့တွင် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၃၆စု၊ ပိုင်ကျုံမြို့တွင် ရပ်ကွက် ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၇စု၊ ရှမ်းရွာသစ်မြို့တွင် ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးစု၊ မြိုင်ကြီးငူ အထူးဒေသတွင် ရပ်ကွက် ၂၁ ရပ်ကွက် စုစုပေါင်း ၃၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၂ အုပ်စုတွင် မဲစာရင်းများအား ပြည်သူများ အလွယ်တကူကြည့်ရှုနိုင်ရန်၊ မဲစာရင်းတွင် မပါရှိပါက ပြန်လည်ထည့်သွင်းနိုင်ရန်၊ ပြင်ဆင်ရန်ရှိပါက ပြန်လည်ပြင်ဆင်နိုင်ရေးတို့အတွက် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ ကျင်းပ

**ပဲခူး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကလိန်ခင်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာ၌ ဇွန်လပထမပတ်က ကျင်းပခဲ့သည်။ ယခုဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ သည် ၂၀၀ ကေဗွီ ထရန်စဖော်မာကို နိုင်ငံတော်က ကူညီထောက်ပံ့ပြီး ဒေသခံပြည်သူများက ငွေကျပ်သိန်း ၂၁၀ အကုန်အကျခံခဲ့ကြောင်း သိရသည်။

အခုလို လျှပ်စစ်မီးရရှိပြီဖြစ်သည့်အတွက် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ တိုးတက်အောင်မြင်လာတော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ဝမ်းသာစကား ပြောကြားသည်။

**နေလင်း (ညောင်လေးပင်)**

## အင်းလေးကန် မတိမ်ကောရေး ဆောင်ရွက်

**ညောင်ရွှေ ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်မတိမ်ကောရေးနှင့် အင်းလေးကန်ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေဧရိယာများအတွက် ရေလုံလောက်စွာရရှိရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဖော်ဆောင်လျက်ရှိကြောင်းသိရသည်။

အင်းလေးကန်စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေး လုပ်ငန်းများမှ ခေါင်းစဉ်တွဲတစ်ခုဖြစ်သော တည်ဆောက်ပြီးနုန်းထိန်းတမံနှင့် နုန်းဖမ်းဆည်များ တည်ဆောက်ပေးခြင်းအားဖြင့် အင်းလေးကန်အတွင်းသို့ ဝင်ရောက်လာမည့်သဲ၊ နုန်းများ ကန်အတွင်းသို့မဝင်ရောက်နိုင်အောင် ထိန်းသိမ်းပေးနိုင်သည့်အပြင် စိုက်ပျိုးရေးအတွက်လည်း ရေများလုံလောက်စွာပေးဝေနိုင်ကြောင်း သိရသည်။ **(၀၅၄)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး**

# (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ လှုပ်ရှားမှုပုံရိပ်များ






စနူကာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုရရှိခဲ့သူ ကိုထက် ပြိုင်ပွဲဝင်နေမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ-စိုးညွန့်)

## (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုဇယား

၉-၆-၂၀၁၅

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | စင်ကာပူ | ၅၂ | ၄၄ | ၅၄ | ၁၅၀ |
| ၂ | ထိုင်း | ၃၈ | ၄၀ | ၃၅ | ၁၁၃ |
| ၃ | ဗီယက်နမ် | ၃၃ | ၁၆ | ၃၈ | ၈၇ |
| ၄ | မလေးရှား | ၂၀ | ၂၆ | ၃၁ | ၇၈ |
| ၅ | အင်ဒိုနီးရှား | ၁၇ | ၂၀ | ၃၈ | ၇၅ |
| ၆ | ဖိလစ်ပိုင် | ၁၂ | ၁၇ | ၂၉ | ၅၈ |
| ၇ | မြန်မာ | ၁၁ | ၁၆ | ၁၈ | ၄၅ |
| ၈ | ကမ္ဘောဒီးယား | ၁ | ၃ | ၃ | ၇ |
| ၉ | လာအို | ၀ | ၃ | ၁၂ | ၁၅ |
| ၁၀ | ဘရူနိုင်း | ၀ | ၀ | ၅ | ၅ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၁ | ၁ |

## ဆီးဂိမ်းပြိုင်ပွဲဝင်ရန် မြန်မာဂေါက်သီးရိုက်အဖွဲ့ စင်ကာပူသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၉**

စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာနိုင်ငံကိုယ်စားပြု ဂေါက်သီးအားကစားအဖွဲ့သည် ဇွန် ၆ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ရန်ထွက်ခွာသွားသော ဂေါက်သီးအားကစားအဖွဲ့တွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် နည်းပြများ၊ အမျိုးသားအားကစားသမားငါးဦးနှင့် အမျိုးသမီးအားကစားသမား သုံးဦးတို့လိုက်ပါသွားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

မီတာ ၅၀၀၀ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကြေးတံဆိပ်ရရှိခဲ့သူ ဖြူဝါသက်အား ဆုယူအပြီး တွေ့ရစဉ်။

(ဓာတ်ပုံ-စိုးညွန့်)





နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရ အားကစားသမားများကို သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

(ဓာတ်ပုံ-မင်းထက်)

## နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် မြန်မာအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိလာမှုကို သောင်းသောင်းဖြဖြကြိုဆို

**ရန်ကုန် ဇွန် ၉**

စင်ကာပူနိုင်ငံ၌ ဇွန် ၅ ရက်မှ ၁၆ ရက်အထိ ကျင်းပနေသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံးအားကစားအဖွဲ့မှ ရွှေတံဆိပ်နှစ်ခု၊ ဂျူဒိုအားကစားနည်းမှ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခု၊ ဝူရှူးအားကစားနည်းမှ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အားကစားအဖွဲ့များသည် စင်ကာပူနိုင်ငံမှ ယနေ့ ညနေ ၃ နာရီ ၂၅ မိနစ်က 8M 232 လေယာဉ်ခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

အဆိုပါ အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်နာယက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီးဒေါ်ချော၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မူမူဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါက်တာ ဒေါ်ခင်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်နန်းအေးခိုင်နှင့် အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ၊ ဆုရအားကစားသမားများ၏ မိဘဆွေမျိုးများနှင့် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ပန်းစည်းများ၊ အိုးစည်ဗုံးပတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**စိန်လွင်အောင်**

## တိုက်ကွမ်ဒိုနှင့် စက်ဘီးအားကစားမှ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများ စင်ကာပူနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၉**

စင်ကာပူနိုင်ငံတွင် ဇွန် ၅ ရက် မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့ချုပ်မှ အုပ်ချုပ်/နည်းပြသုံးဦးနှင့် စက်ဘီးအားကစားအဖွဲ့ချုပ်မှ အုပ်ချုပ်/နည်းပြ နှစ်ဦးတို့သည် ယနေ့ နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင်ရန်ကျန်ရှိသည့် အားကစားအဖွဲ့များသည် ဇွန် ၁၀ ရက်အထိ နေ့စဉ်ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**





ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် အရှည် ၃ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ သော်က၊ တလိုင်းစု၊ ထီပနန်းအောက်၊ သက္ကယ်ကျေးရွာချင်းဆက် ကျောက်ချောလမ်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်နှင့် သက်ဆိုင်ရာမှတာဝန်ရှိသူများ ဇွန်လပထမပတ်က လမ်းဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေးစဉ်။ မြင့်ဦး(ဝါးခယ်မ)

# မိတ္ထီလာ(မြောက်ကန်) တူးဖော်နေရာမှ ဗုံးသီးကြီးနှစ်လုံးတွေ့ရှိ

**မိတ္ထီလာဇွန် ၉**

မိတ္ထီလာ (မြောက်ကန်)ကို ပြန်လည်တူးဖော်နေရာမှ ဇွန် ၉ ရက် နံနက် ၁၀ နာရီခွဲက စစ်တွင်းကာလ မပေါက်ကွဲဘဲရှိနေသည့် ဗုံးသီးကြီး နှစ်လုံးကို တွေ့ရှိခဲ့ကြောင်းသိရသည်။

မိတ္ထီလာ(မြောက်ကန်) တူးဖော်သည့် ဝန်ဇင်းကန်ပေါင်ရိုးအနီးတွင် ကန်ပေါင်မြှင့်ခြင်းလုပ်ငန်းကို မြေထိုးစက်ကြီးများဖြင့် ဆောင်ရွက်စဉ် ဗုံးသီးကြီးနှစ်လုံးကို တွေ့ရှိခဲ့ရခြင်းဖြစ်ပြီး ဗုံးသီးကြီးတစ်ခု အရွယ်အစားမှာ အလျား ၄ ပေ ၆ လက်မ၊ လုံးပတ် ၂ပေ ၇ လက်မရှိသည်။

အရွယ်အစားတူဗုံးသီးကြီး နှစ်ခု တွေ့ရှိရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စဝ်နေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေနှင့် တာဝန်ရှိသူများရောက်ရှိပြီး အများပြည်သူတို့ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ဗုံးသီးကြီး နှစ်လုံးကို ရှင်းလင်း သယ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဗုံးသီးကြီး နှစ်လုံး၏ ကိုယ်ထည် ပတ်လည်တွင် ၁ ပေ ၉ လက်မ အရှည်ရှိ ဒလက်များပါရှိပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးကြဲလေယာဉ်ပေါ်မှ ကြဲချစဉ် ပေါက်ကွဲခြင်း မရှိခဲ့သည့် ဗုံးသီးကြီးများဖြစ်မည်ဟု ဒေသခံများက ခန့်မှန်းပြောဆိုနေကြသည်။

**ချမ်းသာ (မိတ္ထီလာ)**



# ခရီးသည်တင် ဒိုင်နာ မော်တော်ယာဉ် မရမ်းကုန်းမြို့နယ်၌ တိမ်းမှောက်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း မြို့နယ်ဒေသန္တရဆေးခန်းရှေ့၌ ယနေ့ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က ခရီးသည်တင် ယာဉ်တစ်စီးတိမ်းမှောက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့အတွင်း လှိုင်သာယာ အဝေးပြေးမှ အောင်မင်္ဂလာအဝေးပြေးသို့ ပြေးဆွဲနေသော မြောက်ပိုင်းခရိုင် (မထသ) ခရီးသည်ပို့ဆောင်ရေး လိုင်းအမှတ် (၁၂၁) 6A/--- အဖြူရောင်ဒိုင်နာ မော်တော်ယာဉ်သည် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အနောက်မှ အရှေ့သို့ ခရီးသည်များတင်ဆောင် မောင်းနှင်လာစဉ် မြို့နယ်ဒေသန္တရ ဆေးခန်းရှေ့အရောက် အရှိန်ဖြင့် ကွေ့န်းအလယ် ပလက်ဖောင်းကိုတိုက်ပြီး ယာဉ်မောင်း၏ယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။**(ယာပုံ)**

အခင်းဖြစ်ရာနေရာသို့ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှထွေးနှင့် အရန်မီးသတ်၊ ကြက်ခြေနီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အချိန်မီရောက်ရှိလာပြီး ဒဏ်ရာရခရီးသည်များအား အနီးရှိဒေသန္တရဆေးခန်း၌ အရေးပေါ်ပို့ဆောင်ကုသမှု ပြုလုပ်ပေးခဲ့ကြသည်။ ထို့နောက် နယ်မြေယာဉ်မှုစစ် ရဲအုပ်မျိုးတင့်နှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိ စစ်ဆေးမှုပြုလုပ်ရာ၊ သံဃာတော် တစ်ပါး၊ ကျား လေးဦး၊ မ ခြောက်ဦးတို့ ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခြင်းကြောင့် အင်းစိန်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိကြောင်း၊ ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား ဘုရင့်နောင် နယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# မိုးကြိုးပစ်၍ တစ်ဦးသေဆုံး

**သာစည် ဇွန် ၉**

မိတ္ထီလာခရိုင် သာစည်မြို့နယ်တောင်ဘက် ရှစ်မိုင်ကွာ ညောင်ရမ်းရဲစခန်းအပိုင် ကုက္ကိုကုန်းကျေးရွာတွင် ဇွန် ၈ ရက် ညနေ ၄ နာရီခွဲက တောင်သူတစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံးနေကြောင်း ကျေးရွာအုပ်ချုပ် ရေးမှူး ဦးသန့်ဇော်ဟိန်းက သတင်းပေးသဖြင့် ညောင်ရမ်းရဲကင်းမှ ရဲအရာခံဝင်းနိုင်နှင့် အဖွဲ့သည် သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ မိုးကြိုးပစ်ခံရသူမှာ ကုက္ကိုကုန်းကျေးရွာမှ တောင်သူ ဦးတင်ဝင်း(၅၁နှစ်)ဖြစ်ပြီး ယာတဲကွပ်ပျစ်ပေါ်တွင် ထိုင်ရင်း ရေဒီယိုနားထောင်နေစဉ် မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## မိုးလေဝသအခြေအနေ

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ **(မိုး/ဇလ)**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်ဘီမြို့နယ်၊ ဝါးပတောကျေးရွာအုပ်စု၊ အင်းကန်ကျေးရွာနေ မဝေဝေလွင်၏ဖခင်ဖြစ်သူ ဦးသောင်းတင်(ခ)ဦးဖိုးဆောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသောင်းတင်(ခ)ဦးဖိုးဆောင်း

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်နန်းခမ်းလှိုင်း(၁၃/ကတန(နိုင်)၀၁၇၉၃၁)၏ PP No. A029606 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၈၅၀၁၅၊ ၀၈၄ ၂၁၂၂၈

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်ခရိုင်၊ ဇန်းမော်မြို့၊ သာစည်ရပ်ကွက်ရှိ အကွက်အမှတ် ၃၁၊ ဦးပိုင်အမှတ် ၁၇၉၊ မြေဧရိယာ ၀ဒသမ၀၇၇ဧကသည် ဒေါ်ပြုံးပြုံးငွေး အမည်ပေါက် နှစ် ၃၀ ဂရန်ရရှိထားပါသည်။ဒေါ်ပြုံးပြုံးငွေး အမည်မှ ဒေါ်သန်းသန်းနုအမည်သို့ အမည်ပြောင်း ဂရန်ပြုလုပ်နိုင်ရေးအတွက် ဇန်းမော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၆-၂-၂၀၁၅ ရက်တွင် ဒေါ်ပြုံးပြုံးငွေး (ကိုယ်စား)အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ယဉ်ကြည် ၁/ဗမန(နိုင်)၀၃၈၉၉၇ မှ လက်မှတ်ရေးထိုး၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ဒေါ်သန်းသန်းနု ၁/ဗမန(နိုင်)၀၁၉၄၈၇ အမည်သို့ ပြောင်းရန်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမှုအပေါ် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဇန်းမော်မြို့**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ် စုပေါင်းရုံးဆောက်လုပ်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၅
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၇:၀၀ နာရီ
(ဃ) **ဆက်သွယ်ရမည့် ဖုန်း** - ၀၄၂-၂၃၆၃၉၊ ၂၃၉၄၁၊ ၂၅၂၇၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုသိမ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပလတ်စတစ်အိမ်သာခွက်နှင့် ပိုက်အစုံတို့ကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၇-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၇-၂၀၁၅ရက် မွန်းလွဲ ၂ နာရီ

**ဆက်သွယ်ရန် ဖုန်းနံပါတ်** ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ ရက် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရှင်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လူမှုအကျိုးပြုအသင်းအဖွဲ့ဆုကို ကလေးမြို့ ကာယကံမေတ္တာလူမှုကူညီရေးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်များမှာလည်း အများအကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်စေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**သီတဂူစက္ခုဒါနဆေးရုံစောင့်ရှောက်ရေးအဖွဲ့၊ ကလေးမြို့**

## မွေးနေ့ဆုတောင်း

ချစ်ဆုံးညီမလေး ဒေါ်ယဉ်ယဉ်ဆွေ (မိုးမိုး)(ဒု-ညွှန်မှူး၊ မြို့ပြ၊တံတားဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ ၉-၆-၂၀၁၅ ရက်တွင် ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်ကျန်းမာစွာဖြင့် ဘာသာ၊သာသနာအကျိုးဆတက်ထမ်းပိုးဆောင်ရွက်ရင်း ချစ်သောမိသားစုနှင့်ဘဝခရီးလမ်းကို အောင်မြင်မှုများစွာဖြင့် သက်ဆုံးတိုင်ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

**ချစ်ခင်ပွန်း** - **ဦးဝင်းမြင့်ဦး(ဦးစီးအရာရှိ၊မြို့ပြ၊တံတားအထူးအဖွဲ့-၃)**
**ချစ်သမီးလေး** - **ဆွေရည်ဝင်းထက်(တုံတုံ)၊** Grade 9 (S)၊**အထက(၂)၊ ဗဟန်း**
**ကိုကိုကြီး** - **ဦးစိုးမြင့်-ဒေါ်လဲ့လဲ့ဝင်း(စိန်ကမ္ဘာ-သက်န်းတိုက်)**
**မမကြီး** - **ဒေါ်ခင်ခင်ကြီး[ညွှန်မှူး (ဘဏ္ဍာ)ပညာရေးဝန်ကြီးဌာန]**
**မမလေး** - **ဒေါက်တာခင်ခင်ဆွေ(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန)**
**ကိုကိုလေး** - **ဦးကျော်မိုးနိုင်-ဒေါ်ရင်ရင်ထွေး(ကံသာရာသင်္ကန်းတိုက်)**
**ချစ်တူလေးများ** - **ဝင်းသူအောင်-ဇာဇာထွန်း**
**အောင်ဟိန်းထက်-ဇူးဇူးမော်**
**ပြည့်စုံဖြိုး Grade-9 (EC-ပညာ့ရိပ်သာ)**
**ချစ်မြေးမလေး** - **ထက်ရှန်းလဲ့ဝေ(ရွှေဥ)**

တပ်မတော်အရာရှိ (ငြိမ်း)များ ကြီးကြပ်သည့်
**ဘုရင့်နောင်**
**ဗိုလ်လောင်းဝင်ခွင့်သင်တန်းကြီး**
○ D.S.A ○ D.S.T.A
○ D.S.M.A
တိုက်(18 / 3B)၊ သပြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155

**7Stars**(ရာထူးဝင်သင်တန်းကြီး)
**ဒုရဲအုပ်လောင်းဝင်ခွင့်**
အမျိုးသား / အမျိုးသမီး
( ပုံမှန်တန်းခွဲ ၊ အနီးကပ်တန်းခွဲများစပြီ )
စာအုပ်ဝယ်ယူသူများအတွက် ပညာဒါန (၁၀)ရက်တန်းရှိသည် ။
တိုက်(18 / 3B)၊ သပြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.799860155

ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

**၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူဗဟိုပြုလူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

## မိုင်းပွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက် ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပွန်မြို့မှ ဟိုပုံးမြို့အထွက် ပွန်ချောင်းတံတားအနီးတွင် လွိုင်လင်မြို့ဘက်မှ ဟိုပုံးမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် EE/----ပရိုဘောက် အမျိုးအစား အဖြူရောင်ခရီးသည်တင်ယာဉ်ကိုစစ်ဆေးစဉ် ခရီးသည် ခွန်တသီးနှင့်ဇနီးဖြစ်သူ မနန်းငင်းတို့ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ခွန်တသီးမှာ လွတ်မြောက်သွားပြီး မနန်းငင်းကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၈၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## တာလေနှင့် တာချီလိတ်၌ စိတ်ကြွဆေးမှုန့်၊ ဘိန်းဖြူမှုန့်များ ဆက်တိုက်ဖော်ထုတ်ဖမ်းမိ

**တာချီလိတ် ဇွန် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နှင့် တာချီလိတ်မြို့တို့၌ စိတ်ကြွဆေးမှုန့်များနှင့် ဘိန်းဖြူမှုန့်များကို ဇွန် ၈ ရက် နံနက်ပိုင်းက ဆက်တိုက်ဖော်ထုတ် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက် ၈ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၀၄) နေပြည်တော်မှ ပူးပေါင်းအဖွဲ့သည် တာလေမြို့နယ် နားယောင်းကျေးရွာအုပ်စု တောင်သုံးလုံး(အလယ်)ရွာအနီး ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမပေါ်တွင် တာချီလိတ်ဘက်မှ တာလေဘက်သို့ ယောဟန်မောင်းနှင်လာသည့် နံပါတ်မပါ ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွဆေးမှုန့်အလေးချိန် ၂ ဒသမ ၅ ဂရမ်ကို လည်းကောင်း၊ တာလေဘက်မှ တာချီလိတ်ဘက်သို့ လီမူမောင်းနှင်လာသော နံပါမပါဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ လီမူထံမှ စိတ်ကြွဆေးမှုန့်အလေးချိန် ၃ ဒသမ ၅ ဂရမ်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့တို့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အမှတ်(၂၇၄)ရှိ ရှောက်ပေါင်းငှားရမ်းနေထိုင်သော အခန်းကို သတင်းအရရှာဖွေရာ ဘိန်းဖြူမှုန့်အလေးချိန် ၆၀ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၉၆၈၀၀၀ ကိုသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ပြောင်းရှည်သေနတ်နှင့် ကျည်ဆန်များဖမ်းမိ

**တာချီလိတ် ဇွန် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ဝမ်ဟောင်ရွာ၌ ဇွန် ၇ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးမှုဖြင့် မသင်္ကာသူ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စနိုက်ပါမှန်ပြောင်းနှင့် အသံတိတ်ကိရိယာ တပ်ထားသည့် ပြောင်းရှည်သေနတ်တစ်လက်၊ ၉မမ ကျည်ဆန်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၇ ရက် ညနေ ၅နာရီ ၄၅ မိနစ်က တာချီလိတ်မြို့မရဲစခန်းမှ အမှုစစ်ဒုရဲအုပ်ကိုကိုဦးနှင့်အဖွဲ့ ဆေခမ်းရပ်ကွက် ဝမ်ဟောင်ရွာနေ ကျိုင်းမွန်း(ခ)စိုင်းမွန်း၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိသော်လည်း နေအိမ်ဆင်ဝင်အောက်နှင့် ကားဂိုဒေါင်အတွင်းမှ စနိုက်ပါမှန်ပြောင်းတပ်လျက် ပြောင်းထိပ်တွင် အသံတိတ်ကိရိယာတပ်ထားသည့် ပြောင်းရှည်သေနတ်တစ်လက်၊ ၉မမ ကျည်ဘောက်နှစ်ခု၊ ၉မမ ကျည်ဆန် ၂၆ တောင့်တို့ကို တွေ့ရှိရပြီး ဖမ်းဆီးခဲ့သည်။

အမှုမှ လက်နက်ခဲယမ်းများနှင့် ဖမ်းဆီးရမိသူ ကျိုင်းမွန်း(ခ) စိုင်းမွန်း (၃၃ နှစ်)ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



## မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်ခုနစ်လုံးခန့် မီးလောင်ကျွမ်းမှုဖြစ်ပွား



**ငါ့သရောက် ဇွန် ၉**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ဆင်သားမွေးကျေးရွာတွင် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ်ခုနစ်လုံးခန့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ဆင်သားမွေးကျေးရွာနေ ဦးလှမင်း၏ နေအိမ်မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် အခြားအိမ်များကိုလည်း မီးကူးစက်လောင်ကျွမ်းခဲ့ရာ စုစုပေါင်းနေအိမ်ခုနစ်လုံးခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(iprd)**


### ဖခင်အမည်မှန်

ခနုဖြူမြို့နယ်၊ အထက ဇကာကြီး နဝမတန်းမှ မောင်အောင်ကျော်ဇင် ၁၄/ခနဖ(နိုင်)၁၈၄၁၀၇၏ ဖခင်အမည်မှန်မှာ ဦးဌေးဝင်း ၁၄/ခနဖ(နိုင်)၀၁၇၂၁၈ ဖြစ်ပါကြောင်း။

### အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက ကော့ခမယ် အဋ္ဌမတန်းမှ မပြည့်ပြည့်မင်း၏ အမည်မှန်မှာ မပြည့်ပြည့်အိဖြစ်ပါကြောင်း။

**မပြည့်ပြည့်အိ**
**၁၀/မလမ(နိုင်)၂၅၂၂၇၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဖုန်းမြင့်ဆွေ CDC No. 30791 ၏ C.O.C No.702670D3342706 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၀၀၈၉၈၇၃

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်လမြိုင်မြို့၊ အထက (၉) ဆဋ္ဌမတန်း (E)မှ မလဝန်းရွှန်လဲ့ဦး၏ဖခင် ဦးမောင်ဝင်း ၁၀/ကမရ(နိုင်)၀၇၆၁၇၅ နှင့် ဦးကိုကိုဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဝင်း(ခ)ဦးကိုကိုဝင်း**
**၁၀/ကမရ(နိုင်)၀၇၆၁၇၅**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၉၆၅၀၀ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၈/မကန(နိုင်)၂၁၇၄၉၁ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

### Myanmar International Co-operation Agency (MICA)
### အကျိုးတူ တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရန် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ယခင်ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်းမြေနေရာရှိ မြေဧရိယာဇုန် G(၁၂၁.၈၄)ဧကပေါ်တွင် Myanmar International Co-operation Agency (MICA)နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ဇုန်G(၁၀၃.၁၆)ဧကပေါ်တွင် ပေ ၃၀×ပေ၄၀နှစ်ထပ် (Shophouse) (၃၈)လုံးနှင့် တစ်ခန်းလျှင် 400 Sqft မှ 900 Sqft အထိ ကျယ်ဝန်းသော အခန်းများပါရှိသည့် ခြောက်ခန်းတွဲ ငါးထပ်အဆောက်အအုံပေါင်း (၃၇၆)လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး အဆိုပြုလွှာ တင်သွင်းသောလုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ ရင်းနှီးမြှုပ်နှံမှု (၁၀၀%)ကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၂၆-၆-၂၀၁၅ရက် နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ် တွက်ချက်မှုများ (အတွင်း ရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေဈေးနှုန်းနှင့် အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေဈေးနှုန်း)ဖြင့် ပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**Myanmar International Co-operation Agency (MICA)**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၃၆)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၄၇၈၊ ၀၆၇-၄၀၈၄၅၂၊ ၀၆၇-၄၀၉၂၁၅**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ရှိ တိုင်း/ခရိုင်/မြို့နယ်များတွင် ရုံးသုံးပရိဘောဂများဝယ်ယူရေးနှင့် ရုံးသုံးစက်ကိရိယာများဝယ်ယူရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။တင်ဒါလျှောက်လွှာနှင့်တင်ဒါစည်းကမ်းချက်များကို ၁၂-၆-၂၀၁၅ရက်မှ ၁၉-၆-၂၀၁၅ ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၆-၆-၂၀၁၅ ရက် ၁၆:၃၀နာရီ ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖုန်း-၀၆၃-၂၈၃၁၇၊ ၀၆၃-၂၈၆၅၄၊ ၀၆၃-၂၈၆၆၅**

### စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
[ဦးမျိုးအောင်(ခ)ဦးတင်မောင်အောင်-ဒေါ်ခင်ရီ]၊ [ဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း)
(ပညာရေးဝန်ကြီး-ငြိမ်း)-ဒေါ်မြမြမော်]တို့၏မြေး၊ ဦးမြင့်သန်းအောင်-ဒေါ်စိုးစိုးနွယ်တို့၏သား
**မောင်ဝေယံ** B.E(Mechatronics)
**OPERATION ASSISTANT SUPERVISOR(KATOEN NATLE SINGAPORE)(JURONG)PTE LTD.**

နှင့်

မန္တလေးမြို့နေ
[ဦးကျော်ရှိန်(သတင်းညွှန်ကြားရေးမှူး-မော်ကွန်းရပ်ရှင်)-ဒေါ်တင်ရီ]
(သံအမတ်ကြီး-ဗိုလ်မှူးကြီးရွှေဖံအောင်(ငြိမ်း/ ရေ)]-ဒေါ်တင်လေးဖံတို့၏မြေး၊
ရန်ကုန်မြို့၊ အမှတ်(၁၁)၊ လေဆိပ်ရိပ်သာ၊ (၁၀)မိုင်နေ
လေယာဉ်မှူးကြီး-ဒုတိယဗိုလ်မှူးကြီးခင်မောင်စန်း(ငြိမ်း/လေ)-ဒေါ်ဥမ္မာအောင်တို့၏သမီး
**မခင်စိုးစံ** B.E(English)YUFL
**CABIN CREW (MYANMAR AIRWAYS INTERNATIONAL)**
**(Director အောင်စည်အောင်စံ ကုမ္ပဏီလီမိတက်)**

တို့၏၆-၆-၂၀၁၅ရက်တွင် SEDONA HOTEL၌ ကျင်းပပြုလုပ်ခဲ့သော စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲတွင် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားပေးပြီး မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွှန့်၊ မင်္ဂလာလက်စွပ်များ ချီးမြှင့်ဝတ်ဆင်ပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၏ဇနီး ဒေါ်အေးအေးသန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး အန်တီဒေါ်ခင်သန်းနွဲ့၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း) ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်မေရီတင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဆောင်မွန်များပေးပို့ချီးမြှင့်ပေးကြသော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်နှင့်ဇနီးတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လေကြောင်းလိုင်းများမှ လေယာဉ်မှူးကြီးများ၊ လေယာဉ်မောင်မယ်များ၊ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၄) (၁၅)(၁၆)(၁၈)(၁၉)(၂၀)တို့မှ ကျောင်းဆင်းအရာရှိများ၊ အပတ်စဉ်(၁၇)မှ သူငယ်ချင်းများ၊ (T.T.C),(U.F.L),(M.B.A)တို့မှ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ SEDONA HOTEL တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော အရှေ့ပိုင်းခရိုင်တရားသူကြီး ဒေါ်အဲမွန်သန့်နှင့်မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးရန်အတွက် စီစဉ်ပေးပါသော ဦးကျော်နှင့်အန်တီဖြူအားလည်းကောင်း၊ မင်္ဂလာအဘိသေကမှူး ဦးညွန့်ဝေ၊ မင်္ဂလာအခါတော်ပေးဒေါ်စိမ်းမို့မို့နှင့် CUTE CUPID BAND အဖွဲ့၊ ခတ်ပုံဗီဒီယို၊ CUPID ဗီဒီယိုအဖွဲ့၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးသော မန္တလေးမြို့ရတနာဦးမှ ဦးသန်းထွန်းဦးနှင့်ဒေါ်ခင်ပြုံးကြည်၊ မင်္ဂလာပန်းသစ်ခွများသယ်ဆောင်ဆင်မြန်းပေးသော ဘန်ကောက်မှ ဒေါက်တာသိန်းထွဋ်နှင့် ကြီးကြီးနီလာ၊ ပန်းအလှဆင်ဒေါ်စန်းစန်းဦး၊ မိတ်ကပ်လင်းလင်း(Artist)၊ မင်္ဂလာဝတ်စုံ-ကြယ်သဇင်၊ ဝတ်စုံဒီဇိုင်း-မန္တဲ့(Japan)၊ Sedona မှ မဝါ၊ မလီလီနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂-၆-၂၀၁၅ရက်တွင် သုခါပဋ္ဌိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၆-၆-၂၀၁၅ရက် ညတွင် M3စားသောက်ဆိုင်၌ ကျင်းပခဲ့သော မင်္ဂလာဦးညစာစားပွဲသို့တက်ရောက်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းအပေါင်းတို့အား လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိမှတ်တမ်းတင်အပ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဝေယံ-မခင်စိုးစံ**

# နယ်မှဝင်ရောက်ပြေးဆွဲသော အငှားယာဉ်များကို ထိရောက်စွာအရေးယူမည်



**ရန်ကုန် ဇွန် ၉**

အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိဘဲ နယ်မြို့များမှ ရန်ကုန်မြို့တွင်းသို့ လာရောက်ပြေးဆွဲနေသော ယာဉ်များကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှု ဗဟိုကော်မတီမှ သိရသည်။

နယ်မြို့များမှ ဝင်ရောက်လာပြီး အငှားယာဉ်အဖြစ် လာရောက်ပြေးဆွဲနေသော မော်တော်ယာဉ်များကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်မည်ဆိုပါက ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို တစ်စိတ်တစ်ဒေသအားဖြင့် လျော့ကျစေမည်ဖြစ်ကြောင်း၊ လက်ရှိတွင်မူ မထသ(ဗဟို)နှင့် ယာဉ်ထိန်း တပ်ဖွဲ့များပူးပေါင်း၍ နယ်မြို့များမှဝင်ရောက်ပြေးဆွဲနေသော အငှားယာဉ်များကို ထိန်းချုပ်ရန် ဆောင်ရွက်နေသော်လည်း ထိရောက်သောဥပဒေ မရှိသေးကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီး မထသအနေနဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ပူးပေါင်းပြီး နယ်မြို့များကနေ ဝင်ရောက်ပြေးဆွဲတဲ့ အငှားယာဉ်တွေကို တားဆီးဖို့ ဆောင်ရွက်နေပေမယ့် ထိရောက်တဲ့ပြစ်ဒဏ်ချမှတ်ဖို့ ဥပဒေမရှိသေးတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြပြီး ထိရောက်တဲ့အရေးယူမှုတွေ ပြုလုပ်နိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်ထိန်းသိမ်းရေး ကြီးကြပ်မှု ဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် တရားဝင်မှတ်ပုံတင်ထားသော အငှားယာဉ်စီးရေမှာလည်း ၆၀၀၀၀ အထိ ရှိလာကြောင်း ယာဉ်ထိန်းတပ်ဖွဲ့၏ စာရင်းများအရ သိရသည်။ ထို့အပြင် နယ်မြို့များမှ ဝင်ရောက်လာသော အငှားယာဉ်များကလည်း ရန်ကုန်နံပါတ်တပ်ကာ Taxi board များသုံးပြီး ရန်ကုန်မြို့တွင်း၌ အငှားယာဉ်အဖြစ် ပြေးဆွဲမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုများလာခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှုများလည်း ပိုမိုဖြစ်ပေါ်လာလျက်ရှိကြောင်း၊ မထသ(ဗဟို)အနေဖြင့် ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော အငှားယာဉ်များ စနစ်တကျဖြစ်စေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်ရန်အတွက် နယ်ကျော်ပြေးဆွဲသော ကားများကိုသာမက City Taxi အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော အငှားယာဉ်များကိုလည်း ထိရောက်စွာအရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မောင်နွေသစ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိ

**ရန်ကုန် ဇွန် ၉**

၂၀၁၂ ခုနှစ် စာပေဗိမာန်စာမူဆု ပြိုင်ပွဲတွင် ဆုရရှိသောစာမူများကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းစာပေဗိမာန်က ထုတ်ဝေဖြန့်ချိရောင်းချပေးလျက်ရှိသည်။

အဆိုပါစာအုပ်များမှာ စာပဒေသာ ဒုတိယဆုရ မင်းသျှင်အောင်(တွံတေး)၏ ရာမဦးအုန်းမောင် (ရောင်းဈေး ၅၀၀ ကျပ်)၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ ကောင်းညွန့်ဝေ(ရေစကြို)၏ လောကကြေးမုံဘဝပုံရိပ်ကဗျာများ (ရောင်းဈေး ၁၀၀၀ ကျပ်)၊ ပြဇာတ်စာပေ ဒုတိယဆုရ ဇင်မင်း(သမိန်ထော)၏ တီးလိုက်ပါတဲ့ ပုံကြီးသံ (ရောင်းဈေး ၆၀၀) ကျပ်၊ ဝတ္ထုရှည် ဒုတိယဆုရ သွဲ့ထားညို(သက္ကလ)၏ မခန်းသောစမ်း၊ မနွမ်းသောပန်း၊ မပြယ်သောရနံ့ (ရောင်းဈေး ၆၀၀ ကျပ်)၊ ကလေးစာပေ တတိယဆုရ ကန့်ဘလူခင်မောင်ဆွေ၏ လေပြည်ချိုသွေး ရနံ့မွှေး ကလေးကဗျာများ (ရောင်းဈေး ၇၀၀ ကျပ်) တို့ဖြစ်သည်။

အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၂-၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ယောဂဝါသနာရှင်ပေါင်း ၅၀၀ ကျော် ပါဝင်ဆင်နွှဲမည့် ရန်ကုန်နှင့် မန္တလေးမှ ယောဂသရုပ်ပြပွဲ

**ရန်ကုန် ဇွန် ၉**

ဇွန် ၂၁ ရက်တွင် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်နှင့်မန္တလေးမြို့များတွင် ကျင်းပမည့် ယောဂသရုပ်ပြပွဲများ၌ ယောဂဝါသနာရှင် ၅၀၀ ကျော် ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးမှ တာဝန်ရှိသူတစ်ဦးက ဇွန် ၄ ရက်က ပြောကြားသည်။

အိန္ဒိယသံရုံးအနေဖြင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အဆိုပါယောဂသရုပ်ပြပွဲကြီးကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံနှင့်မန္တလေးမြို့ရှိ မန္တလာ သီရိဘောလုံးကွင်းတို့၌ တစ်ပြိုင်နက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ သရုပ်ပြပွဲအကြိုအဖြစ် ယောဂပြိုင်ပွဲတစ်ရပ်ကို ဇွန် ၁၆ ရက်တွင် အိန္ဒိယသံရုံး၌ ကျင်းပမည်ဖြစ်ပြီးပြိုင်ပွဲသို့ မြန်မာနိုင်ငံအနှံ့ရှိ ယောဂအသင်းအဖွဲ့များအားလုံး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း အိန္ဒိယသံရုံးမှ တာဝန်ရှိသူကထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဂွမ်တန်မူခိုပဒါယာက ယောဂသရုပ်ပြပွဲများကို နိုင်ငံပေါင်း ၁၁၇ နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယောဂအလေ့အထမှတစ်ဆင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကိုများစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယောဂကျင့်စဉ်သည် အိန္ဒိယယဉ်ကျေးမှု အခြေခံအုတ်မြစ်များထဲမှ တစ်ခုပါဝင်ပြီး ယောဂကျင့်ခြင်းအားဖြင့် ဘဝတွင် စစ်မှန်သည့် ပျော်ရွှင်မှုရနိုင်ကြောင်း ပြောကြားသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ချမှတ်ခဲ့သော သဘောတူညီချက်တစ်ခုအရ နှစ်စဉ် ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ်သတ်မှတ်ပြီး ယင်းနောက်ပိုင်း နိုင်ငံပေါင်းများစွာ၌ ယောဂသရုပ်ပြပွဲများ နှစ်စဉ်ကျင်းပခဲ့ကြသည်။ ယခုအခါ ရန်ကုန်မြို့၌ ယောဂအသင်းအဖွဲ့နှင့် ဌာနပေါင်း ၂၀ ကျော်ရှိကြောင်း သိရသည်။

**ကျော်သဲအိမ်**

# ရန်ကင်း အထက(၂)မှ ပျားအန္တရာယ် မီးသတ်တပ်ဖွဲ့ဝင်များရှင်းလင်း

**ရန်ကုန် ဇွန် ၉**

ဇွန် ၇ ရက် နံနက်က ရန်ကင်းမြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ အထက(၂) ကျောင်းရုံးခန်း ဗီရိုအတွင်း၌ ပျားကောင်များအသိုက်အအုံကြီးစွာဖွဲ့နေ၍ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအတွက် အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူက တောင်ဥက္ကလာပမြို့နယ် မီးသတ်စခန်းသို့ အကြောင်းကြားလာသဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းဆောင်ရွက်ပေးခဲ့ရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏မီးဘေးအန္တရာယ် တစ်ခုတည်းအတွက် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ သဘာဝဘေးအန္တရာယ် အသွယ်သွယ်ကို အစဉ်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ် တပ်ဖွဲ့ဝင်များက ဒဂုံ(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ ၁၀ ကြိမ်၊ ဗဟန်းမြို့နယ်အတွင်း ရွှေတောင်ကြား၌ တစ်ကြိမ်၊ စမ်းချောင်းမြို့နယ် ပဒုမ္မာဇာတ်ရုံ၌ တစ်ကြိမ် ပတူအုံ၊ တောကြီးပျားများကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

**ကိုကြီးတင်**




## ပြည်ထဲရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၁၁-၆-၂၀၁၅ ရက်
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက်-၁၈-၆-၂၀၁၅ ရက်
၄။ ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်-၁၉-၆-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ
၅။ တင်ဒါဖွင့်မည့်ရက်/အချိန်-၂၂-၆-၂၀၁၅ ရက်၊ ၁၀း၀၀နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင်ကျပ် တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက ဖုန်း-၀၆၇-၄၁၁၅၇၄၊ ၀၉-၅၁၂၂၁၉၃၊ ၀၉-၄၂၂၄၄၆၀၂၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ရေကြောင်းရဲတပ်ဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် (၃၂၁/က)၊ အကျယ် (အလျား ၂၀ပေ× အနံ ပေ၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ဆရာစံလမ်းမကြီး၊ အမှတ် (၃၂၁/က)ဟု ခေါ်တွင်သည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ထားသူ ဦးစောမောင် (SPU-၀၀၃၇၂၉)ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးဘထွန်း (DLA-၀၁၅၄၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်မြလှဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ**
**အမှတ် (၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

## "အမြန်ငှားမည်"

မြေနီကုန်း၊ ဓမ္မစေတီလမ်းနှင့်ဗားဂရာလမ်းဒေါင့်၊ ပန်းခြံတာဝါ တတိယထပ်၊ 1100 Sqft ၊ (ဓာတ်လှေကား၊ ကားပါကင်ပါ)၊ နေရန်အသင့်၊ ပြင်ဆင်ပြီးအခန်းအား အမြန်ငှားမည်။
ဆက်သွယ်ရန် - 09-5557855, 09-420287627, 09-450032403

## CLAIMS DAY NOTICE
## M.V TRANS FUTURE-1 VOY:NO (229)

Consignees of cargo carried by M.V TRANS FUTURE-1 VOY:NO (229) are here by notified that the vessel will arrive of about 10-6-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပြည်ထဲရေးဝန်ကြီးဌာန
## ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များတွင် (ဖျာပုံခရိုင်)အုပ်ချုပ်ရေးမှူး နေအိမ်ဆောက်လုပ်ခြင်း၊ (၇)မြို့နယ် (ငပုတော၊ ကျုံပျော်၊ ဇလွန်၊ အင်္ဂပူ၊ ပန်းတနော်၊ ညောင်တုန်း၊ ဘိုကလေး)လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်(၇)လုံးဆောက်လုပ်ခြင်း၊ (မြောင်းမြခရိုင်) ဦးစီးအရာရှိနေအိမ်ဆောက်လုပ်ခြင်း၊ (မြန်အောင်မြို့နယ်၊ ညောင်တုန်းမြို့နယ်) ဒုတိယဦးစီးမှူးနေအိမ် နှစ်ခန်းတွဲဆောက်လုပ်ခြင်း၊ (လပွတ္တာခရိုင်နှင့် ပုသိမ်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ မြောင်းမြမြို့နယ်၊ မအူပင်မြို့နယ်၊ ဒေးဒရဲမြို့နယ်) ခြောက်ခန်းတွဲနေအိမ်ဆောက်လုပ်ခြင်း၊ ကြံခင်းမြို့နယ်၊ လေးခန်းတွဲနေအိမ်ဆောက်လုပ်ခြင်း၊ မြို့(၆)မြို့(အထောင်၊ ဘက်ရဲ၊ ကနောင်၊ အသုတ်၊ ထူးကြီး၊ ကျုံမငေး)မြို့ အုပ်ချုပ်ရေးမှူးနေအိမ်ဆောက်လုပ်ခြင်း၊ မြို့(၃)မြို့ (အထောင်၊ အသုတ်၊ ထူးကြီး) မြို့အုပ်ချုပ်ရေးမှူးရုံးနှင့် စုပေါင်းရုံး(၆)ရုံး ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို မြန်မာကျပ်ငွေဖြင့်ဆောက်လုပ်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၁-၆-၂၀၁၅ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅ ရက်
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** - ၁၇း၀၀နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း** - ၀၄၂-၂၁၂၅၀၊ ၂၃၉၄၁၊ ၂၅၂၇၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

# ပြီးဟန်သုံးမျိုးနှင့် ပုဂံခေတ်မူလလက်ရာပုံတူ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး

ကျော်သူထက်

နေပြည်တော်ကောင်စီနယ်မြေသည် အရှေ့ဘက်ရှိ ရှမ်းရိုးမတောင်စွယ် တောင်တန်းများနှင့် အနောက်ဘက်ရှိ ပဲခူးရိုးမတောင် စွယ်တောင်တန်းများအကြား တည်ရှိသည့် ကုန်းတွင်းပိုင်းဒေသတစ်ခု ဖြစ်သည်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း အမြင့်ပေ သုံးထောင်ခန့်ရှိသည့် ဖိုးဇော်တောင်တန်းရှိပြီး ယင်းတောင်တန်းရှိ အမြင့် ၁၁၆၅ ပေရှိ အောင်မောဠိတောင်ညွန့်ထက်တွင် မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီးကို တည်ထားကိုးကွယ်တော့မည် ဖြစ်သည်။



မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်မည့် စကျင်ကျောက်တုံးတော်ကြီးအား နေပြည်တော်သို့ ပင့်ဆောင်လာစဉ်။

မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီးကို စကျင်ကျေးရွာ၌ ပန်းတမော့လက်မှုပညာရှင်များဖြင့် အကြမ်းထုဆစ်ခဲ့ပြီး အချောသပ်လုပ်ငန်းများကို နေပြည်တော်၌ ကျောက်ဆစ်ပညာရှင်များနှင့် သုံးဖက်မြင်ပုံဖော်စက် နည်းပညာရှင်များ ပူးပေါင်း၍ ထုဆစ်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ထုဆစ်ပြီးစီးနေပြီဖြစ်သည့်အတွက် ဇွန် ၄ ရက်က ရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူမည့် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အောင်မောဠိတောင်ညွန့်အထက်သို့ ပင့်ဆောင်လာခဲ့သည်။

အများအားဖြင့် ရုပ်တော်မူကိုယ်တော်များကို ထုလုပ်ပူဇော်သည့်အခါ သံကူကွန်ကရစ်ဖြင့်သာ ပြုလုပ်ပူဇော်လေ့ရှိသော်လည်း ယခု မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်ရာတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာမှ တစ်တုံးတည်းဖြစ်သည့် စကျင်ကျောက်သားကို ပန်းတမော့လက်မှုပညာရှင်များနှင့် သုံးဖက်မြင်ပုံဖော်စက်ပညာရှင်များက ပုဂံအာနန္ဒာလိုဏ်ဂူတော်အတွင်းရှိ မီးခြစ်မခံရသော ကဿပဘုရားအရွယ်တူ ပုံစံတူ ရုပ်တော်မူကိုယ်တော်ကို ပုဂံခေတ်မူလလက်ရာအတိုင်း ထပ်တူကျရန် ပူးပေါင်းထုဆစ်ခဲ့ကြသည်။

မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးကို ပုဂံအာနန္ဒာလိုဏ်ဂူတော်အတွင်းရှိ မီးခြစ်မခံရသော ကဿပဘုရားပုံတော်အတိုင်း အနီးမှဖူးလျှင် အနည်းငယ်ပြုံးနေဟန်၊ အနည်းငယ်အဝေးမှဖူးလျှင် သိသိသာသာပြုံးနေဟန်၊ အဝေးမှဖူးလျှင် ကြည်လင်ဝင်းပပြုံးနေဟန်တို့ကို ထူးခြားစွာဖူးတွေ့ခွင့်ရရှိနိုင်ကြမည်ဖြစ်သည်။

ထို့ပြင် ဘုရားဖူးပြည်သူများအနေဖြင့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးတည်ထားမည့် အောင်မောဠိတောင်ညွန့်ထက်မှနေ၍ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်ပါက ဥတ္တရသီရိဟိုတယ်ကြီးများ၊ ပုဗ္ဗသီရိမြို့ မြင်ကွင်းများ၊ ရေဆင်းဆည်နှင့် ရှမ်းရိုးမတောင်တန်းများကိုလည်းကောင်း၊ တောင်ဘက်သို့ကြည့်လျှင် နေပြည်တော်ရှိဝန်ကြီးရုံးများ၏ ရုံးစိုက်ရာမြင်ကွင်းများ၊ ဥတ္တရသီရိမြို့ မြင်ကွင်းများနှင့် ဥပ္ပါတသန္တိစေတီတော်ကြီးကို လည်းကောင်း၊ အနောက်ဘက်သို့ကြည့်လျှင်လည်း ဝန်ကြီးရုံးအဆောက်အအုံများ၊ လွှတ်တော်အဆောက်အအုံများ၊ သမ္မတအိမ်တော်နှင့် ချောင်းမကြီးဆည်တို့ကိုလည်းကောင်း ကောင်းစွာမြင်တွေ့နိုင်ပြီး နေပြည်တော်၏ သာယာလှပသည့်ရှုခင်းများကို ခံစားနိုင်ကြမည်ဖြစ်သည်။

မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ခဲ့သည့် စကျင်ကျောက်တုံးတော်ကြီး၏ မူလရှိရင်း အရွယ်အစားမှာ အလျားပေ ၅၀၊ လုံးပတ် ၂၅ ပေနှင့် အမြင့် ၁၅ ပေရှိပြီး အပြစ်အနာအဆာမရှိ သက်တမ်းရင့် စကျင်ကျောက်ကြီးဖြစ်ကာ ခန့်မှန်းတန် ၇၀၀ ရှိကြောင်း ပညာရှင်များက သုံးသပ်ထားသည်။ ယခု ထုဆစ်ပြီးသည့် မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၏ ဉာဏ်တော်မှာ ၃၂ ပေရှိပြီး ခိုင်ခံ့ရန်အတွက် အောက်ခံကြာပလ္လင်လေးပေ၊ အရှည်အမြင့် ၂ ပေ ၁၀ လက်မနှင့် နောက်ခံစကျင်ကျောက်တံကဲ တစ်ပေထုတို့ကို ဆောင်ရွက်မည်ဖြစ်သဖြင့် စုစုပေါင်းအမြင့် ၃၈ ပေ ၁၀ လက်မရှိမည်ဖြစ်ပြီး အလေးချိန်တန် ၁၀၀ ခန့်ရှိမည်ဖြစ်သည်။

"CNC သုံးဖက်မြင်ပုံထုတ်စက်ရဲ့ အားသာချက်ကို ပြောရရင် လက်မှုပညာနဲ့ ထုဆစ်တာက အနုပညာရှင်ရဲ့ခံစားမှုအပေါ် မူတည်ပြီး လက်ရာပိုကောင်းချင်လည်း ကောင်းသွားနိုင်သလို ပုံသဏ္ဍာန်တစ်မျိုးလည်း ဖြစ်သွားနိုင်ပါတယ်။ CNC သုံးဖက်မြင်ပုံထုတ်စက်နဲ့ ထုတ်တဲ့အခါကျတော့ Copy to Copy ဖြစ်တဲ့အတွက် လွဲစရာမရှိပါဘူး။ မူရင်းမှာရှိတဲ့အတိုင်း ထုဆစ်တဲ့ပုံက မူရင်းအတိုင်း ပြန်ထွက်လာမှာဖြစ်ပါတယ်။ ပုံတူထုဆစ်ရတဲ့ဘုရားရဲ့ပုံတော်မှာ ထူးခြားချက်တွေရှိပါတယ်။ အနီးက ဖူးရင် အနည်းငယ်ပြုံးနေဟန်၊ အနည်းငယ်အဝေးက ဖူးရင် သိသိသာသာပြုံးနေဟန်၊ အဝေးကဖူးရင် ကြည်လင်ဝင်းပပြုံးနေဟန်တွေရှိပါတယ်။ ဒီခံစားမှုတွေကို ရအောင်ထုရတာတော့ အသေးစိတ်ဆောင်ရွက်ရပါတယ်။ ပုဂံကိုသွားပြီး ပုံတူတွေရယူရပါတယ်။ အဲ့ဒီရယူထားတဲ့ပုံတူတွေကို CNC စက်ထဲ ထည့်မောင်းလို့ရအောင် ပြောင်းလဲပြီးတော့ ပုံဖော်ထုဆစ်တဲ့အတွက် ကွဲလွဲစရာတော့မရှိပါဘူး။ မြန်မာနိုင်ငံမှာ ပန်းတမော့လက်မှုပညာနဲ့ CNC သုံးဖက်မြင် နည်းပညာပူးပေါင်းပြီး ပထမဦးဆုံးထုလုပ်ခဲ့တဲ့ စကျင်ကျောက်ဆင်းတုတော်ကတော့ ဗုဒ္ဓဂယာမှာရှိတဲ့ ကုသိနာရုံက မဟာပရိနိဗ္ဗာန်လျောင်းတော်မူ ဘုရားကြီးဖြစ်ပါတယ်။ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးကတော့ တစ်တုံးတည်းသား စကျင်ကျောက်အကြီးဆုံးကို ပန်းတမော့လက်မှုပညာနဲ့ CNC သုံးဖက်မြင် နည်းပညာပူးပေါင်းပြီး ပထမဦးဆုံး ထုတ်လုပ်နိုင်တဲ့ ဘုရားကြီး၊ စကျင်ကျောက်ရုပ်တော်မူထဲမှာ ဉာဏ်တော်အမြင့်ဆုံးလို့ ပြောလို့ရတဲ့ဘုရားကြီးဖြစ်ပါတယ်။ ဒီလိုတစ်တုံးတည်းသား စကျင်ကျောက်ကြီးတွေဟာ ပေါ်ထွက်ခဲ့ပါတယ်။ ဒီလိုပေါ်ထွက်လာတဲ့အချိန်မှာ ထုဆစ်ပူဇော်နိုင်ခွင့်ရတာကို ထူးခြားပြီး ကံကောင်းတယ်လို့ ပြောလို့ရပါတယ်"ဟု မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ပူဇော်ရေးအဖွဲ့ဝင် မိုး CNC မှ မန်နေဂျင်းဒါရိုက်တာ ကိုမိုးဦးက ပြောသည်။

စကျင်ကျောက်သည် ကျက်သရေတင့်တယ်ခြင်း၊ သန့်စင်ခြင်း၊ တာရှည်ခံခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်း၊ မီးအပူရှိန်ဒဏ်ခံနိုင်ခြင်း၊ အေးမြခြင်း စသည့် အားသာချက်များရှိသဖြင့် စကျင်ကျောက်မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်သူများအဖို့ ဖြူစင်သန့်ရှင်းမှု၊ ကြည်လင်အေးမြမှုနှင့် စိတ်နှလုံးအေးချမ်းမှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။

မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်သည့်ကျောက်တုံးတော်သည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ကျေးရွာမှ ထွက်ရှိသည့် မာဘယ်စကျင်ကျောက်အမျိုးအစားဖြစ်သည်။ အဆိုပါ စကျင်ကျောက်တုံးကြီးကို ဒေသခံ စကျင်ရွာသားများက တော်ဝင်တုံးကြီးဟု တင်စားကြပြီး ကျောက်သား၏ အရည်အသွေးမှာလည်း အလွန်ကောင်းမွန်ကာ ဖြူစင်သန့်ရှင်း၍ အက်ကြောင်းများ ကင်းစင်သည့် ကျောက်သားဖြစ်ကြောင်း သိရသည်။

"ဒီအကြမ်းထုဆစ်ထားတဲ့ စကျင်ကျောက်ရုပ်ပွားတော်ကြီး နေပြည်တော်ကို ပင့်ဆောင်တဲ့အခါမှာ ဒေသခံရွာသားတွေက စကျင်ကျောက်တုံးရှိတဲ့နေရာကို တဖွဲဖွဲ ရောက်လာကြပြီး နှုတ်ဆက်တာကို တွေ့ရပါတယ်။ သယ်ယူတဲ့လမ်းတစ်လျှောက်မှာလည်း ဒေသခံတွေက သယ်ယူရေး ယာဉ်တန်းကြီးနဲ့အတူ ဘေးမှာကပ်ပြီး လမ်းလျှောက်လိုက်သူကလိုက်၊ ဆိုင်ကယ်နဲ့လိုက်သူကလိုက်ပြီး ဖူးမြော်ကြတဲ့ ဘုရားဖူးပြည်သူတွေနဲ့ စည်ကားခဲ့ပါတယ်။ သယ်ယူတဲ့ လမ်းဘေးအနီးအနားမှာရှိတဲ့ ဒေသခံတွေကလည်း မိမိဆန္ဒအလျောက် ဆင်းတုတော်ကြီးကို လာရောက်ကြည့်ရှု ဖူးမြော်ကြပြီး အလှူတော်ငွေတွေလည်း ထည့်ဝင်လှူဒါန်းကြပါတယ်။ ကျောက်တော်ကြီးကို စကျင်ကျေးရွာမှ နေပြည်တော် အချောထည်ဆောင်ရွက်ရမယ့်နေရာသို့ ဆင်နှစ်ကောင်မိသားစုကုမ္ပဏီက ပို့ဆောင်ပေးခဲ့ပါတယ်။ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်တွေကိုလည်း လှူဒါန်းခဲ့ပါတယ်"ဟု စကျင်ကျောက်တော်ကြီး သယ်ယူရေးတွင် ပါဝင်ခဲ့သည့် နေပြည်တော်ကောင်စီဝင် ဦးကံချွန်က ပြောသည်။

မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး ထုဆစ်ရန် စကျင်ကျောက်တုံးတော်ရရှိသည့် ကျောက်တောင်မှ စကျင်ကျောက်များဖြင့် အမရပူရ ကျောက်တော်ကြီးဘုရား၊ မန္တလေးကျောက်တော်ကြီးဘုရား၊ လောကသရဖူအင်းဝကျောက်တော်ကြီးဘုရားနှင့် ရန်ကုန်တွင် ပူဇော်ထားသော အဘယလာဘမုနိ ကျောက်တော်ကြီးဘုရားတို့ကို ထုဆစ်ပူဇော်ခဲ့ကြောင်း သိရသည်။

မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးကို CNC စက်ကြီးဖြင့် ထွင်းထုရန် ပုံစံတူရယူမည့် အာနန္ဒာဘုရားလိုဏ်တော်အတွင်းရှိ ကဿပဘုရားပုံတော်အား ဓာတ်ပုံပေါင်း ၅၀၀ ကျော် ရိုက်ကူးခဲ့ပြီး ယင်းဓာတ်ပုံများထဲမှ ၃၃၅ ပုံကို ရွေးယူ၍ AGI ဆော့ဖ်ဝဲဖြင့် 3D Point Data များရရှိအောင် ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းမှတစ်ဆင့် သုံးဖက်မြင်ပုံအဖြစ်ပြောင်းလဲရန် Geomagic ဆော့ဖ်ဝဲဖြင့် ပြုပြင်မှုများပြုလုပ်ပြီးမှ သုံးဖက်မြင်ရုပ်လုံးကြွပုံစံရရှိလာကြောင်း၊ ရရှိလာသည့် သုံးဖက်မြင်ရုပ်လုံးကြွအား CNC စက်များတွင် မောင်းနှင်နိုင်ရန် U CAN CAN ဆော့ဖ်ဝဲဖြင့် G-CODE များဖြစ်အောင် ပြောင်းလဲရကြောင်း၊ ယင်းရရှိလာသည့် G-CODE များကို NC Studio ဆော့ဖ်ဝဲဖြင့် CNC စက်တွင် ထည့်သွင်း၍ ပုံဖော်ထုဆစ်ခဲ့ကြောင်း 3D ပညာရှင် ကိုဝင်းဆန်းထံမှ သိရသည်။

မြန်မာနိုင်ငံရှိ စကျင်ကျောက်ရုပ်တော်မူဘုရားများတွင် ဉာဏ်တော်အမြင့်ဆုံး ဖြစ်လာမည့် စကျင်ကျောက်တစ်တုံးတည်းသားအား ပန်းတမော့လက်မှုပညာရှင်များနှင့် သုံးဖက်မြင်နည်းပညာရှင်တို့ ပထမဦးဆုံး ပူးပေါင်းထုဆစ်ခဲ့သည့် မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီးအား မကြာမီ နေပြည်တော်ရှိ အောင်မောဠိတောင်ညွန့်တွင် တည်ထားကိုးကွယ်တော့မည်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးများ သိရှိပြီး လာရောက်ဖူးမြော်ကုသိုလ်ယူနိုင်ကြရန် မေးမြန်းခဲ့သမျှ ပြန်လည်မျှဝေလိုက်ပါသည်။ ။

## ထိုင်းနိုင်ငံ ရော်ဘာနည်းပညာများကို သွားရောက်လေ့လာခဲ့ကြသူများက ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံရှင်းလင်း



ရေး ဇွန် ၉

ထိုင်းနိုင်ငံရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း (MRPPA)က စီစဉ်ပြီး SDC-GRO Project အထောက်အပံ့ဖြင့် မေ ၂၄ ရက်မှ ၃၁ ရက်အတွင်း သွားရောက်လေ့လာခဲ့ကြသည့်အတွေ့အကြုံများကို ရော်ဘာစိုက်ပျိုးတောင်သူများသို့ ပြန်လည်ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၆ ရက်က မွန်ပြည်နယ် ရေးမြို့ ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် MRPPA မှ နည်းပညာအကြံပေးဆရာ ဦးလှမြင့်က မြန်မာနိုင်ငံအတွင်းမှ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ နည်းပညာအရည်အသွေးပိုင်း၊ ထုတ်လုပ်ရမည့် အရည်အသွေးအပိုင်း၊ ပြည်တွင်း ပြည်ပဈေးကွက် ရရှိနိုင်မည့် အခွင့်အလမ်းအခြေအနေများ ထုတ်လုပ်နိုင်မည့်ရော်ဘာကုန်ကြမ်းများမှ ကုန်ချောများအဆင့်အထိ ရောက်ရှိနိုင်မည့် အခြေအနေများကို အကြံပေး ရှင်းလင်းပြောကြားပေးသည်။ ထို့နောက် နည်းပညာပိုင်းအရာရှိ ဦးဇာနည်ကျော်က နည်းပညာပိုင်းထုတ်လုပ်ရာတွင် စိုက်ပျိုးတောင်သူများအနေဖြင့် နည်းစနစ်ပိုင်း၊ အရည်အသွေးပိုင်းမြှင့်တင်ပြီး ထွက်ရှိမှုနှုန်းထား မြင့်တက်လာရန်နှင့် အစေးခြစ်ထုတ်လုပ်သည့် လုပ်ငန်းများ အခြေအနေများတွင် သတိပြုရမည့်အနေအထားများ ထွက်ရှိမှုနှုန်းထားလျော့နည်းကျဆင်းမှု ပမာဏမှ ကာကွယ်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ၊ ရော်ဘာကုန်သည်များ၊ စိုက်ပျိုးတောင်သူများ တက်ရောက်ကြပြီး မိမိတို့လက်ရှိဖြစ်ပေါ်တွေ့ကြုံနေရသော အခက်အခဲများနှင့် ပတ်သက်၍သိရှိလိုသည့် မေးမြန်းဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ မွန်ပြည်နယ် မြို့နယ်များအနက် ရေးမြို့နယ်သည် ငါးနှစ်တာကာလအတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုပမာဏ အမြင့်မားဆုံးထွက်ရှိသောမြို့ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**



## နွားစာရှား၍ ထန်းသီးများစင်းကျွေးနေရ

**မန္တလေး ဇွန် ၉**

ယခုလရာသီ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ထန်းပင်ပေါသော ကျေးလက်ဒေသတချို့တွင် နွားစာလုံလောက် မှုမရှိ၍ နွားစာအဖြစ် ထန်းသီးများစင်း၍ ကျွေးနေရကြောင်း သိရသည်။ သင်္ကြန်ပြီးနောက်ပိုင်း မိုးရွာသွန်းမှု နည်းပါးကာ နွားစာမြက်ပင်မပေါ်များသေး၍ နွားစာအတွက် အခက်အခဲရှိသည်ဟု သိရသည်။ ထန်းပင်အပိုင်ရှိသူများမှာလည်း ထန်းပင်တစ်ပင်လျှင် ထန်းသီးချိုင်(ခုတ်)ခ ငွေကျပ် ၁၀၀၀ ပေးရသည်။ ထန်းတစ်ပင်လျှင် ထန်းသီးလှည်း တစ်စီးနီးပါးခန့်ရသည်။ နွားစာ အခက်အခဲရှိချိန်တွင် ထန်းသီးစဉ်း၍ကျွေးနိုင်သော်လည်း နောက်ပိုင်း ထန်းသီးရှားပါးချိန်မတိုင်မီ နွားစာမြက်ပေါ်စေရန် တောင်သူများ မိုးရွာသွန်းမည့်ရက်ကို မျှော်လင့်နေရကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# လျှပ်စစ်နှင့် သဘာဝဘေးဒဏ်

ဝေယံ



လျှပ်စစ်ဓာတ်အားလိုင်းများတွင် ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းဟူ၍ ဗို့အားအမျိုးအစားအလိုက် တည်ဆောက်၍ ဓာတ်အားပို့လွှတ်ခြင်း၊ ဓာတ်အားဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ကြပါသည်။ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ နှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်းများသည် ဓာတ်အားပို့လွှတ်ရေးလိုင်း(Transmission Line)များဖြစ်ပြီး တာဝါတိုင်များ၊ တိုင်အမြင့်များသုံးကာ ဓာတ်အားပို့လွှတ်ပြီး အများပြည်သူနေထိုင်သော မြို့များ၊ လမ်းများအတွင်း တည်ဆောက်ဆွဲသားထားမှု နည်းပါးပါသည်။ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများသည် ဓာတ်အားဖြန့်ဖြူးပေးသော လိုင်းများဖြစ်သဖြင့် မြို့တွင်း၊ ရွာတွင်းလမ်းများတွင် သွယ်တန်းထားသော ဓာတ်အားလိုင်းများ ဖြစ်ပါသည်။

ဓာတ်အားဖြန့်ဖြူးရေးလိုင်းများသည် သစ်ပင်၊ ဝါးပင်များ ဘေးတစ်ဖက်တစ်ချက်နှင့် သစ်ပင်ကြီးများအောက်မှ သွယ်တန်းကာ တစ်လမ်းဝင်၊ တစ်လမ်းထွက် သွယ်တန်း၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားရသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ဓာတ်အားလိုင်းများသည် Bare Wire (Open Wire) စနစ်များ ဖြစ်သည့်အတွက် သစ်ပင်ဝါးပင်တို့၏ လေတိုက်မှုကြောင့် ရိုက်ခတ်မှုနှင့် သစ်ကိုင်းကျိုးကျမှု၊ သစ်ပင်ပြိုလဲကျမှုများဖြစ်သည့်အခါ လိုင်းကြိုးများ လျော့ကျခြင်း၊ လိုင်းကြိုးများ ရိုက်ခတ်ခြင်း၊ လိုင်းကြိုးများ ပြတ်ကျခြင်းများ ဖြစ်ပေါ်ပါသည်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်သော လေပြင်းငွေ့ယမ်းတိုက်ခတ်မှုနှင့်အတူ မြို့တွင်း၊ ရွာတွင်း၊ လမ်းများအတွင်းတွင် သစ်ပင်သစ်ကိုင်းများ ပြတ်ကျခြင်း၊ ပြိုလဲခြင်းများကြောင့် ဓာတ်အားလိုင်းကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်း၊ ဓာတ်အားလိုင်းတိုင်များ လဲခြင်း၊ ကျိုးခြင်းများ ဖြစ်ပေါ်စေသည့် အဓိကအချက်တစ်ရပ်ပင် ဖြစ်ပါသည်။ ဓာတ်အားလိုင်းကြိုးများ အိကျခြင်း၊ ပြတ်ကျခြင်း၊ ဓာတ်အားလိုင်းတိုင်များ လဲခြင်းသည် ဓာတ်အားပြတ်တောက်မှု ဖြစ်ရုံသာမက ဓာတ်အားလိုင်းကြိုးများ ထိမိကိုင်မိရာမှ ဓာတ်လိုက်မှု၊ လျှပ်စစ်အန္တရာယ်များလည်း ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၅ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နိုင်ငံအနှံ့အပြား မြို့ကြီးများတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းတိုင်များ ပြိုလဲမှု ၉၂ နေရာ ဖြစ်ပွားခဲ့ပါသည်။ အထူးသဖြင့် မေ ၆ ရက်မှ မေ ၉ ရက်အတွင်း မန္တလေးတိုင်းဒေသကြီးတွင် ဆိုင်းဘုတ်ကြီးများ၊ သစ်ပင်ကြီးများ ပြိုလဲပျက်စီးအောင် တိုက်ခတ်ခဲ့သော မိုးသက်လေပြင်းကြောင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာ ၅၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် နေရာ ၂၀ ဓာတ်အားလိုင်းတိုင်များ ပြိုလဲပျက်စီးမှု ဖြစ်ပွားခဲ့ပါသည်။ ယင်းဓာတ်အားလိုင်းများ ပျက်စီးမှုကို အချိန်မီသိရှိပြီး လျှပ်စစ်ဝန်ထမ်းများက ပစ္စည်းများ အမြန်စုဆောင်းပေးပို့ခြင်း၊ နေ့မအားညမနား ပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် အချို့ဓာတ်အားလိုင်းများသည် နေ့ချင်းပြီး ဓာတ်အားပေးနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ ပျက်စီးမှုများပြားပြီး သယ်ယူပို့ဆောင်ရေးခက်ခဲသော နေရာများရှိ ဓာတ်အားလိုင်း ပျက်စီးမှုများကိုလည်း တစ်ရက်၊ နှစ်ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသည်။

သဘာဝဘေးဒဏ်ကြောင့် ဓာတ်အားလိုင်းကြိုးများနှင့် ဓာတ်အားလိုင်းတိုင်များ လဲကျခြင်း၊ ပြတ်ကျခြင်းများအတွက် ဦးစွာသတင်းရရှိမှသာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို ဆောင်ရွက်နိုင်ခြင်း၊ ဓာတ်အားပြန်လည်ပေးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပေသည်။ မြို့နယ် တစ်မြို့နယ်အတွင်း သွယ်တန်းထားသော ဓာတ်အားလိုင်းကြိုးများ၊ ဓာတ်အားလိုင်းတိုင်များသည် လျှပ်စစ်ဝန်ထမ်းများက နေ့ညမပြတ် စောင့်ကြည့်ရန် ခက်ခဲလှပေသည်။ တာဝန်သိပြည်သူများ၏ ကူညီသတင်းပေးပို့မှုသည် အများပြည်သူလျှပ်စစ်အန္တရာယ်ကင်းနိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းနှင့် ချွတ်ယွင်းနေရာကို ချက်ချင်းသိရှိသဖြင့် ပြန်လည်ပြုပြင်ရန်အတွက် အထောက်အကူပြုရာ ရောက်ပေသည်။

ညအချိန်ကာလ ဓာတ်အားလိုင်းပြတ်ကျမှုများ မသိရှိသည့်အတွက် နံနက်စောစော လမ်းသွားလမ်းလာများက လျှပ်စစ်သတိမရှိ ကိုင်တွယ်မိသည့်အတွက် အသက်ဆုံးရှုံးမှုများ ဖြစ်စေပါသည်။

သဘာဝဘေးဒဏ်ကြောင့် လျှပ်စစ်ချွတ်ယွင်းပျက်စီးမှုအရေအတွက် များပြားသည့်အခါ မြို့နယ်လျှပ်စစ်ဝန်ထမ်းအင်အားဖြင့် နေ့ည ဆောင်ရွက်သော်လည်း အချိန်တိုအတွင်း ပြီးစီးရန် ခဲယဉ်းလှပေသည်။ အချို့ရပ်ကွက်၊ ကျေးရွာပြည်သူများသည် ၎င်းတို့ လမ်းပေါ်ရှိ ဓာတ်ကြိုးများပေါ် လဲကျနေသော သစ်ပင်များကို ဝိုင်းဝန်း ကူညီဖြတ်တောက်ပေးခြင်း၊ လိုအပ်သော လူအင်အားကူညီခြင်းများဖြင့် လျှပ်စစ်ဓာတ်အားအမြန်ရရှိရေး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကို ကူညီဆောင်ရွက်ပေးကြသည်။ အချို့နေရာများတွင် "ဒါသူတို့အလုပ်ပဲ။ ငါတို့ ကူညီဖို့ မလိုဘူး။ မြန်မြန်ဓာတ်အားပေးနိုင်အောင် လုပ်ကြ၊ အခြားရပ်ကွက်တွေ နည်းတူ ဓာတ်အားအမြန်ပြန်မရရင်တော့ ငါတို့အကြောင်း သိရမယ်" ဟုအမျိုးမျိုးပြောဆိုမှုများလည်း ရှိနေပါသည်။

မိမိရပ်ကွက်၊ ကျေးရွာအတွင်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဌာနဆိုင်ရာများက ဆောင်ရွက်ကြရာတွင် ပြည်သူများ ကလည်း အသိစိတ်ရှိစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ပြင်ဆင်မှုလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**ညအချိန်ကာလ ဓာတ်အားလိုင်းပြတ်ကျမှုများ မသိရှိသည့်အတွက် နံနက်စောစော လမ်းသွား လမ်းလာများက လျှပ်စစ်သတိမရှိ ကိုင်တွယ်မိသည့်အတွက် အသက်ဆုံးရှုံးမှုများ ဖြစ်စေ**

## ပြင်ဦးလွင် နောင်လိုင်စံပြကျေးရွာ၌ မီးလင်းပြီ

**ပြင်ဦးလွင် ဇွန် ၉**

ပြင်ဦးလွင်မြို့နယ် နောင်လိုင်စံပြကျေးရွာ မီးလင်းရေးအတွက် ၂၀၁၄ ခုနှစ် မေ ၁၁ ရက်ကစတင်၍ ကျေးရွာမီးလင်းရေးကော်မတီက ကိုယ့်အားကိုယ်ကိုး ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီ ၃၀ ရက်က ရွာလမ်းမီးများ စတင်ထွန်းနိုင်ခဲ့ပြီး အိမ်ခြေ ၁၅၀ကျော် မီးလင်းခဲ့ပြီဖြစ်ကြောင်း သိရသည်။



မီးလင်းနိုင်ရေးအတွက် ကျေးရွာရှိ အိမ်ခြေ ၁၇၀ ရှိသည့်အနက် အိမ်ခြေ ၁၅၀ မှ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၁၄၇၀ ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး လူနေအိမ်များအပါအဝင် အခြေခံပညာအလယ်တန်းကျောင်း၊ ကျေးရွာ ဆေးပေးခန်းတို့ကိုလည်း မီးပေးနိုင်ခဲ့ပြီဖြစ်သည်။

နောင်လိုင်စံပြကျေးရွာသည် ပြင်ဦးလွင်မြို့ အရှေ့ဘက် ၁၀ မိုင်အကွာတွင်တည်ရှိပြီး ယခုကဲ့သို့ လျှပ်စစ်မီးရရှိခဲ့သည့်အတွက် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာနိုင်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဝင် တစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ရမ်းဗြဲ ဇွန် ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်တွင် မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်မှ ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးရေးစရိတ် ချေးငွေများကို ဇွန် ၁ ရက်ကစတင်၍ ထုတ်ချေးပေးနေပြီး ၄/စမိ ကျေးရွာ အုပ်စုအား စတင်ထုတ်ချေးပေးသည့် အခမ်းအနားကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ယခုနှစ်ချေးငွေကျပ်သိန်း ၂၈၀၀၀ ထုတ်ချေးပေးမည် ဖြစ်ကြောင်း၊ စားနပ်ရိက္ခာ လိုအပ်ချက် ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ တောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်များသို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးဟူသော ရည်မှန်းချက်များဖြင့် ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း၊ ယခင်နှစ် ချေးငွေပေးဆပ်ရာတွင် သတ်မှတ်ကာလအတွင်း တာဝန်ကျေသူများကို ဦးစားပေးထုတ်ချေးပေးနေကြောင်း၊ နှစ်ချင်းဆပ်ချေးငွေဖြစ်ပြီး သုံးဦး အပြန်အလှန်အာမခံသည့်စနစ် ဖြစ်သောကြောင့် ချေးငွေများကို ယခင်နှစ်ကကဲ့သို့ သတ်မှတ်ရက်အတွင်း ပြန်လည်ပေးဆပ်ရန်နှင့် တောင်သူများအနေဖြင့်လည်း ချေး ငွေရရှိသောငွေများကို အလေအလွင့်မရှိစေဘဲ မိမိလုပ်ငန်းများ၌ အကျိုးအမြတ်ရှိအောင် လုပ်ကိုင် ဆောင်ရွက်ရန်လိုကြောင်း မြို့နယ်မန်နေဂျာ ဦးစိုးမြင့်ဦးက ရှင်းလင်းပြောကြားခဲ့သည်။ **(၁၅၇)**

## စားကျက်မြေ ရှားပါးခြင်းကြောင့် နွားမွေးမြူသူများ အခက်တွေ့နေ

**ရေတာရှည် ဇွန် ၉**

နွားမွေးမြူသော တောင်သူများအနေဖြင့် စားကျက်မြေရှားပါးခြင်းကြောင့် နွားမွေးမြူရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

"နွားအကောင် ၆၀ ကျော် မွေးထားတယ်။ နွားကျောင်းစရာနေရာမရှိတော့ ဟိုနားကပ် ကျောင်း၊ ဒီနားကပ် ကျောင်းနေရတယ်။ နွားမွေးတဲ့အတွက် နွားနို့ရောင်းစားလို့ရတယ်။ နွားထီးတွေ အရွယ်ရောက်ရင်လည်း ဈေးကောင်းကောင်းနဲ့ရောင်းလို့ရတယ်။ အစာအတွက် အခက်အခဲဖြစ်တာကလွဲရင် တွက်ခြေကတော့ မဆိုးပါဘူး။ အခုဆိုရင် ခိုင်းနွားက ရှားလာပြီ"ဟု နွားမွေးမြူသူတစ်ဦးက ပြောသည်။

ရေတာရှည်မြို့နယ်တွင် ရေနီ၊ မြို့လှ၊ သာဂရ၊ ရေတာရှည်မြို့ ဝန်းကျင်ဒေသများ၊ နွားမွေးမြူသူများ ရှိနေဆဲဖြစ်သည်။ ယခင်က ခိုင်းနွား တစ်ရှဉ်းလျှင် ငွေကျပ် ၁၀ သိန်း ဝန်းကျင်သာရှိသော်လည်း ယခုအခါ ငွေကျပ် ၂၅ သိန်းနှင့် သိန်း ၃၀ ပေးကာ ဝယ်ယူနေရကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

"လယ်ယာ လုပ်ငန်းခွင်တွေမှာ စက်ကိရိယာတွေပေါ်များလာလို့ နွားတွေကို လက်လွှတ်လို့ရပြီလို့ပြောကြတာရှိတယ်။ ဆင်းရဲတဲ့တောင်သူတွေအဖို့ကတော့ ဒီကျွဲ၊ နွားတွေနဲ့ပဲ ဘဝဝမ်းရေးဖြေရှင်းကြရတာပါ"ဟု ၎င်းက ပြောသည်။ **(မြို့နယ် ပြန်/ဆက်)**



## ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**အင်းတော် ဇွန် ၉**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်လှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က ရွေးကောက်ပွဲဆိုင်ရာ အထွေထွေကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်/ကျေး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ သတင်းမီဒီယာများ၊ လူမှုရေးအသင်းအဖွဲ့များက ပြန်လည်ဆွေးနွေးတင်ပြကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် အတွင်းရေးမှူး ဦးမင်းမင်းလတ်တို့က ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ကိုမင်း(အင်းတော်)**

## သတင်းတိုများ

### မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဟောပြောပွဲကျင်းပ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး(ယင်းမာ)စီမံချက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့ အထက(၁) သိရိရွှေရီခန်းမဆောင်၌ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၅ ရက်တွင် ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက မူးယစ်ဆေး၏ ဆိုးကျိုးများအကြောင်း၊ မြို့နယ် ဥပဒေအရာရှိဦးဆန်းလင်းဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း၊ နမ့်ခမ်းမြို့နယ်ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးအောင်က မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ရောဂါဆိုးများအကြောင်း၊ မူးယစ်တပ်စု(၂၂)(မူဆယ်) နမ့်ခမ်းလှုပ်ရှားအဖွဲ့မှ ရဲအုပ်ဆန်းဝင်းအောင်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ဆရာမဒေါ်ခင်ဝင်းဆွေက မူးယစ်ဆေးကြိုတင်တားဆီးကာကွယ်ရေး နည်းလမ်းစသည့် အကြောင်းအရာများကို ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူလွင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**အယ်လ်စိုး(iprd)**

### မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ဟောပြောပွဲပြုလုပ်

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲကို ကွတ်ခိုင်မြို့ ရပ်ကွက်(၂) အုပ်ချုပ်ရေးရုံး၌ ဇွန် ၅ ရက်က ကျင်းပခဲ့ရာ မူးယစ်တပ်ဖွဲ့(ကွတ်ခိုင်)မှ ဒုရဲမှူးစိုင်းကိုကိုလတ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်တို့ကို ရှင်းလင်းဟောပြောပြီး မူးယစ်တပ်စု (၂၂)မူဆယ်၊ ကွတ်ခိုင်လှုပ်ရှားအဖွဲ့မှ ရဲအုပ်စိုးအောင်က မူးယစ်ဆေးဝါး တရားမဝင်သုံးစွဲရောင်းဝယ်ဖောက်ကားသူများအား ဖမ်းဆီးရာတွင် ပြည်သူများပူးပေါင်းပါဝင်ရေးတို့ကို ဟောပြောခဲ့ကာ ဟောပြောပွဲသို့ ရပ်ကွက်(၂)မှ ပြည်သူများ တက်ရောက်ခဲ့သည်။ **အယ်လ်စိုး(iprd)**

### မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

သံတွဲခရိုင် တောင်ကုတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၄ ရက်နံနက် ၇ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလူမော်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစန်းလွင်က မူးယစ်စေတတ်သော ဆေးဝါးများနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်ကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဇော်မျိုးထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်အောင်စိုးတို့ကမူးယစ်ဆေးဝါးနှင့် ပတ်သက်သည်များကို ဟောပြောကြကြောင်း သိရသည်။အခမ်းအနားသို့တက်ရောက်လာသော ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်သူရ(iprd)**



ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြိုအဖြစ်အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့်နံရံကပ်စာစောင်ပြပွဲကိုမိုင်းဖြတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၅ ရက်ကကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှနံရံကပ်စာစောင်နှင့်ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာနေမှုကို တွေ့ရစဉ်။ (မြို့နယ် ပြန်/ဆက်)



# ဇင်းကျိုက်မြို့ ကျောက်သဘော်ရေတံခွန် အဆင့်မြင့်အပန်းဖြေစခန်းဖွင့်လှစ်

**ပေါင် ဇွန် ၉**

ပေါင်မြို့နယ် ဇင်းကျိုက်မြို့၌ ကျောက်သဘော်ရေတံခွန် အဆင့်မြင့်အပန်းဖြေစခန်းကို ဇွန် ၇ ရက်နံနက်ပိုင်းက အခမ်းအနားကျင်းပ၍ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် မွန်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က အမှာစကားပြောကြားပြီး ပေါင်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က ကျောက်သဘော် ရေတံခွန်အပန်းဖြေစခန်းကို အဆင့်မြင့်တင်ရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောက်သဘော် ရေတံခွန်အပန်းဖြေစခန်းကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဇင်းကျိုက်မြို့ ကျောက်သဘော် ရေတံခွန်အပန်းဖြေစခန်းသည် နှစ်စဉ်မိုးရာသီတွင် ရပ်ဝေးရပ်နီးမှ လာရောက်အပန်းဖြေသူများနှင့် စည်ကားလျက်ရှိပြီး မွန်ပြည်နယ်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် နေရာတစ်ခုဖြစ်ကာ ထင်ရှားသော အပန်းဖြေစခန်းတစ်ခုလည်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

# ငါန်းဇွန်မြို့ သဲဖြူပရိယတ္တိစာသင်တိုက်တွင် တနင်္ဂနွေဓမ္မစကူးလ်ဖွင့်လှစ်

**ငါန်းဇွန် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ သဲဖြူပရိယတ္တိစာသင်တိုက်မှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တနရပတိ ဦးစီးနာယကပြု ဖွင့်လှစ်သော ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ် တနင်္ဂနွေဓမ္မစကူးလ် ဖွင့်ပွဲကို ဇွန် ၇ ရက်တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သံဃာတော်များ၊ ဓမ္မစကူးလ်အောင်မြင်ရေး အကျိုးတော်ဆောင်များ၊ အာဟာရဒါနကုသိုလ်ရှင်များ၊ ဓမ္မစကူးလ် ဆရာ၊ ဆရာမများနှင့် သူငယ်တန်းမှ သတ္တမတန်းအထိ ကျောင်းသားကျောင်းသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ ရွှေဟင်္သာတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုန္ဒလာနန္ဒက တနင်္ဂနွေဓမ္မစကူးလ် ဖွင့်လှစ်ရခြင်းအကြောင်း၊ သင်ကြားကြမည့် ဆရာ ဆရာမများနှင့် သင်ယူကြမည့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များအကြောင်း၊ သင်ယူရမည့် ဘာသာရပ်များအကြောင်းနှင့် ကြိုးစားသင်ယူကြသည့် ကျောင်းသား ကျောင်းသူကလေးများကို ထိုက်တန်သော ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်းစသည့် ဆုံးမဩဝါဒများ မိန့်ကြားခဲ့သည်။

အဆိုပါ တနင်္ဂနွေဓမ္မစကူးလ်သို့ တက်ရောက်သင်ယူကြသော ကျောင်းသား ကျောင်းသူ ၃၅၇ ဦးရှိကာ ကျောင်းသား ကျောင်းသူများသည် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီမှ ၁၁ နာရီခွဲအထိ မပျက်မကွက် တက်ရောက်ရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူကလေးများကို အခမဲ့ဖြန့်ဝေသွားမည့် သင်ထောက်ကူစာအုပ်များအတွက် တစ်အုပ်လျှင် ၁၂၀၀ ကျပ်နှုန်းဖြင့် မည်သူမဆို ဝယ်ယူလှူဒါန်းနိုင်ကြောင်းနှင့် အပတ်စဉ် အဟာရဒါနပြုမည့် အလှူရှင်များလည်း လိုအပ်လျက်ရှိကြောင်း ဓမ္မစကူးလ်အကျိုးတော်ဆောင် ဦးခင်ဇော်ဦးထံမှ သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းဖွင့်လှစ်

**ငဖဲ ဇွန် ၉**

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးနှင့် ပူးပေါင်းဆောင်ရွက်မှုသင်တန်း အမှတ်စဉ် (၇/၂၀၁၅)ကို မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းတင့်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးဝင်းမြင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမောင်ကျော်သန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဉာဏ်ကြီးရှိန်တို့က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းဆိုင်ရာ အချက်အလက်များစသည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိသင့်သော အချက်များနှင့် ရွေးကောက်ပွဲ အောင်မြင်ချောမွေ့စွာ ပြီးဆုံးရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပို့ချခဲ့သည်။ အဆိုပါ သင်တန်းသို့ ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှ သင်တန်းသား အရာရှိတစ်ဦးနှင့် အခြားအဆင့် ၅၃ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



# လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ စာရေးကိရိယာများ လှူဒါန်း

**တောင်တွင်းကြီး ဇွန် ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ချောက်ကြားကျေးရွာရှိ လူငယ်ပရဟိတဂေဟာသို့ ကျောင်းသုံးစာရေးကိရိယာများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက ဇွန် ၇ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

စာရေးကိရိယာများ လှူဒါန်းပွဲတွင် တန်ဖိုးကျပ်သုံးသိန်းကျော်ရှိ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းက အဆိုပါလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသား ကျောင်းသူ ၆၈ ဦး ထံပေးအပ်ခဲ့ပြီး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာဥက္ကဋ္ဌ ဦးစိုးလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

**နိုင်ဝင်း**

# မြန်မာနိုင်ငံမျက်မမြင်အသင်း၏ စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲ မုံရွာမြို့၌ ဖွင့်လှစ်

**မုံရွာ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့သစ်ရပ်ကွက်(၂)လမ်း၌ မြန်မာနိုင်ငံမျက်မမြင်အသင်း(မမသ)၏ စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲ ဖွင့်ပွဲကို ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

”မြန်မာနိုင်ငံ လူဦးရေရဲ့ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်မစွမ်းသူများဖြစ်ပါတယ်။ အဆိုပါ မသန်စွမ်းသူများထဲတွင် မျက်မမြင်များဟာ အများဆုံးပါဝင်နေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မျက်မမြင်ဦးရေ ၇ဝဝဝဝ ခန့်ရှိပါတယ်။ အဆိုပါမျက်မမြင်များ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် မျက်မမြင်သူတွေထဲမှ ကျောင်းနေအရွယ်များ ကျောင်းနေခွင့်ရရှိရေးနဲ့ အရွယ်ရောက်ပြီးမျက်မမြင်များ လုပ်ငန်းခွင်ဝင်ခွင့်ရရှိရေးတို့အတွက် သက်မွေးပညာများ သင်ကြားပေးဖို့၊ လုပ်ငန်းခွင်ကို ဝင်ရောက်လုပ်ကိုင်ခွင့်ရရှိစေဖို့နဲ့ လူမှုအသိုင်းအဝန်းများထဲသို့ တန်းတူဝင်ခွင့်ရရှိနိုင်ဖို့အတွက် အခုလို စစ်ကိုင်းတိုင်းဒေသကြီး ရုံးခွဲဖွင့်လှစ်တာပါ။ အခုရုံးခွဲကနေပြီး တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အကြောင်းအမျိုးမျိုးကြောင့် မျက်စိအမြင်ဆုံးရှုံးနေတဲ့ သူတွေကို အတတ်နိုင်ဆုံး အကူအညီတွေပေးသွားမှာပါ။ အဲဒီအတွက် အခုမုံရွာမြို့နယ်မှာတော့ စစ်တမ်းကောက်ပြီးသွားပါပြီ။ အခုဆက်ပြီးတော့ ယင်းမာပင်မြို့နယ်မှာ စစ်တမ်းကောက်နေပါပြီ။ ဆက်လက်ပြီးလည်း မင်းကင်းမြို့နယ်ကနေပြီး ချင်းတွင်းအထက်ပိုင်းဒေသတွေကို ဆက်သွယ်ဆောင်ရွက်နေပါပြီ”ဟု မြန်မာနိုင်ငံ မျက်မမြင်အသင်း(မမသ)၏ စစ်ကိုင်းတိုင်းဒေသကြီးရုံးခွဲ ဖွင့်လှစ်မှုနှင့်ပတ်သက်၍ အသင်းဥက္ကဋ္ဌကပြောသည်။ ရုံးဖွင့်ပွဲတွင် မုံရွာမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံမျက်မမြင်အသင်းဥက္ကဋ္ဌ ဦးအောင်ကိုမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံမျက်မမြင်အသင်း (မမသ)ရုံးကို ရန်ကုန်မြို့တွင် ရုံးချုပ်အဖြစ် ဖွင့်လှစ်ထားရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရုံးခွဲများဖွင့်လှစ်ကာ ဒေသတွင်းမှ မျက်မမြင်သူများအား ပညာသင်ကြားနိုင်ရေး၊ အလုပ်အကိုင်ရရှိနိုင်ရေး တို့ကို ကူညီပေးလျက်ရှိကြောင်း၊ ယခုမုံရွာမြို့ ရုံးခွဲသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ပထမဆုံး ရုံးခွဲ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်တွင်လည်း ပြည်နယ်ရုံးခွဲ ဆက်လက်ဖွင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**




# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲနှင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မင်းကင်း ဇွန် ၉**

မင်းကင်းမြို့နယ် လက်သမားချောင်ကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲနှင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို ကျေးရွာအခြေခံပညာမူလတန်းကျောင်းခွဲနှင့် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဇွန် ၅ ရက်နှင့် ၆ ရက်များတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များက ပူးပေါင်း၍ ကျင်းပခဲ့သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးအုံ့ဇော်ထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသေးစိတ် ဟောပြောခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများက ကျွန်း ၉၉၅ ပင်၊ ပိတောက် ၃၅ ပင်၊ ခရေ ၃၅ ပင်နှင့် လေချူပင် ၃၅ ပင် စုစု ပေါင်းပျိုးပင် ၁၁ဝဝ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ချင်းတွင်းသား(iprd)**

# ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ မဲစာရင်းများ ပေးအပ်

**ခင်ဦး ဇွန် ၉**

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်အတွင်းကျေးရွာများမှ ကော်မရှင်အဖွဲ့ခွဲများထံသို့ မဲစာရင်းနှင့် လျှောက်ထားရမည့်ပုံစံများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၆ ရက်တွင် ကျင်းပခဲ့သည်။

မဲစာရင်းပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် မြို့နယ်လဝကဦးစီးမှူး ဦးစောဦးက မဲစာရင်းအကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက မဲစာရင်းကပ်ထား ကြေညာစဉ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၆၃ ခုမှ ကော်မရှင်အဖွဲ့ခွဲများထံသို့ မဲစာရင်းများနှင့် လျှောက်ထားရမည့်ပုံစံများကို ပေးအပ်ခဲ့သည်။ နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စွာ ရရှိရေးအတွက် ခင်ဦးမြို့နယ်အတွင်း၌ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်၊ လက်ကမ်းစာစောင်များဖြင့် လှည့်လည်လှုံ့ဆော်ခြင်းများကိုလည်း ဇွန် ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ဂျပန်အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းလှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ

**ကျောက်ကြီး ဇွန် ၉**

ပဲခူးတိုင်းဒေသကြီးတောင်ငူခရိုင် ကျောက်ကြီးမြို့ မေတ္တာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ဆောက်လုပ်ခဲ့သော အလျား ၉၂ပေ၊ အနံ ပေ၃ဝရှိ နှစ်ထပ်ကျောင်းဆောင်သစ် ပေးအပ်ပွဲကို ဇွန် ၄ ရက်က ကျင်းပသည်။

ကျောင်းဆောင်သစ်ပေးအပ်ပွဲတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်ထွန်းနှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျူဘလီစံလှတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကာ ဂျပန်နိုင်ငံသံရုံးမှ တတိယအတွင်းဝန် Mr. Koata Watanabe က ပညာရေးဌာနသို့ ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်သည်။

“ဂျပန်နိုင်ငံအစိုးရနဲ့ ဂျပန်ပြည်သူတွေက မြန်မာပြည်သူတွေကို လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဆက်လက်ပေးအပ်သွားမှာ ဖြစ်ပါတယ်”ဟု ဂျပန်သံရုံးမှ တတိယအတွင်းဝန်က ပြောသည်။ ကျောက်ကြီးမြို့နယ်အတွင်း၌ ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူများ၏လှူဒါန်းမှုဖြင့် ဆေးရုံ၊ စာသင်ကျောင်း၊ ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများနှင့် လမ်းတံတားတည်ဆောက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄၅)**



# မြို့နယ်အား/ကာ ကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပ

**တနင်္သာရီ ဇွန် ၉**

တနင်္သာရီမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ(TSDP)၏ အစီအစဉ်အရ တနင်္သာရီမြို့မအားကစားကွင်း၌ ဇွန် ၂ ရက်မှစတင် ကျင်းပခဲ့သည့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို မြို့မအားကစားကွင်း၌ ဇွန် ၇ ရက်တွင် ကျင်းပခဲ့သည်။

အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တကူကျေးရွာအုပ်စုအသင်းနှင့် ညောင်ပင်ကွင်းကျေးရွာအုပ်စုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ညောင်ပင်ကွင်းရွာအသင်းက- တကူကျေးရွာအုပ်စုအသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲယှဉ်ပြိုင်မှုကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ပထမဒိုင်းဆုရ ညောင်ပင်ကွင်းကျေးရွာအုပ်စုအသင်းအားမြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက တံခွန်စိုက်ဒိုင်းဆု၊ ဆုကြေးငွေကျပ်တစ်သိန်းနှင့် အသင်းသား တစ်ဦးစီအား ဆုတံဆိပ်များပေးအပ်ခဲ့ပြီး ဒုတိယဆုရ တကူကျေးရွာအုပ်စုအသင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်က ဆုတံဆိပ်နှင့် ဆုငွေ ၇ဝဝဝဝ ကိုလည်းကောင်း၊ တတိယဆုရ ချောင်းငယ်ရပ်ကွက်အသင်းအား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအင်ကိုက ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၅ဝဝဝဝ ကိုလည်းကောင်း ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသမီးဘော်လီဘောပြိုင်တွင် ပထမဆုရ ချောင်းငယ်ရပ်ကွက်အသင်းအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းလွင်က တံခွန်စိုက်ဆုနှင့် ချီးမြှင့်ငွေကျပ်တစ်သိန်း၊ ဒုတိယဆုရ ပညာရေး(က)အသင်းအား မြို့နယ်အား/ကာ နည်းစံနစ်မှူး ဦးဝင်းဇော်က ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ခဲ့သည်။

အဆိုပါ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာနှင့် အဖွဲ့အစည်းများမှ အမျိုးသား ခုနစ်သင်းနှင့်အမျိုးသမီးအသင်းသုံးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# တောင်သူလယ်သမားအသင်း ရုံးသစ်ဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲ သန်လျင်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ၌ ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ တောင်သူလယ်သမားအသင်းရုံး ဖွင့်ပွဲကို ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

ရုံးဖွင့်ပွဲတွင် အသင်းဆိုင်းဘုတ်ကို သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ခရိုင်တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် မြို့နယ်အသင်းဥက္ကဋ္ဌ ဦးတင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက အမှာစကားပြောကြားပြီး ခရိုင်တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဦးထွန်းရွှေနှင့် အတွင်းရေးမှူး ဦးခင်မောင်ထွေးတို့က အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အလှူရှင်များက အလှူငွေများကို အသင်းတာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



# ဆော်ဒီနဲ့ ကာတာတို့ အခြေအနေကောင်းနိုင်တဲ့ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ




၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင် ကာတာအသင်း။

၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲတွေကို ဇွန် ၁၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အာရှဇုန်မှာ ပြိုင်ပွဲဝင်အသင်းတွေဟာ ပွဲတိုင်းမှာ အကြိတ်အနယ်ကစားပြီး ရလဒ်ကောင်းအောင် ကြိုးစားကြမှာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရပါဦးမယ်။ ဒါကြောင့် ဇွန် ၁၂ ရက်မှာကစားကြမယ့်ပွဲစဉ်တွေရဲ့ အနေအထားကို သုံးသပ်ကြည့်မယ်ဆိုရင်တော့ . . ။

### ယီမင်နှင့် မြောက်ကိုရီးယား

နှစ်သင်းစလုံး ခြေစွမ်းပိုင်းရော၊ အားထုတ်မှုအပိုင်းပါ ကွာဟမှုမရှိပါဘူး။ ယီမင်နဲ့ မြောက်ကိုရီးယားတို့က ၂၀၁၀ မှာ တွေ့ဆုံခဲ့တဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားခဲ့ပါတယ်။ ယီမင်ရဲ့ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် ပါကစ္စတန်နဲ့ ကစားတဲ့အခါ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပေမယ့် ဆော်ဒီအသင်းကိုတော့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားပါတယ်။ မြောက်ကိုရီးယားတို့ကတော့ ဗီယက်နမ်နဲ့ထိုင်းကို ရှုံးပွဲမရှိအောင် ကစားထားနိုင်တာမို့ ဒီပွဲဟာ သရေရလဒ်ထွက်ပေါ်ဖို့ များနေတာတော့ အမှန်ပါပဲ။

### လက်ဘနွန်နှင့် ကူဝိတ်

ကူဝိတ်ရဲ့ လက်ရှိခြေစွမ်းက အားရစရာတော့မရှိပါဘူး။ ဒါပေမယ့် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ရလဒ်ကိုကြည့်ရင် ကူဝိတ်က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ လက်ဘနွန်ရဲ့ ကစားအားကို သုံးသပ်ရင်တော့ ဆီးရီးယားကို နှစ်ဂိုးစီသရေ၊ ဂျော်ဒန်ကို ဂိုးမရှိသရေပွဲတွေ ကစားနိုင်ခဲ့တာမို့ လျှော့တွက်လို့တော့ မရပါဘူး။ ဒါပေမယ့် လက်ဘနွန်ရဲ့ အသင်းလိုက်ကစားပုံက ကူဝိတ်ကို ကျော်ဖြတ်ဖို့တော့ ခက်ခဲပါလိမ့်မယ်။

### ပါလက်စတိုင်းနှင့် ဆော်ဒီ

ဆော်ဒီအသင်းဟာ ပါလက်စတိုင်းနဲ့ဆုံတိုင်း နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ဆော်ဒီတို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ ပါလက်စတိုင်းတို့ကတော့ ဂျပန်၊ ဂျော်ဒန်နဲ့ အီရတ်တို့ကို ရှုံးပွဲတွေချည်း ကြုံတွေ့ထားတာမို့ အခုပွဲမှာလည်း ဆော်ဒီတို့ပဲ နိုင်ပွဲရယူသွားပါလိမ့်မယ်။

### တာဂျစ်ကစ္စတန်နှင့် ဂျော်ဒန်

နှစ်သင်းစလုံးခြေစွမ်းရော၊ အားထုတ်မှုအပိုင်းပါ ကွာဟမှုကြီးကြီးမားမားမရှိပါဘူး။ တာဂျစ်ကစ္စတန်ရဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင် ဆီးရီးယားကို နှစ်ဂိုး-သုံးဂိုးနဲ့ရှုံးပြီး မော်လ်ဒိုက်ကိုတော့ နှစ်ဂိုးပြတ်နဲ့ နိုင်ထားပါတယ်။ ဒါပေမယ့် ဘီလာရုစ်ကို ခြောက်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ တာဂျစ်ကစ္စတန်တို့ ဂျော်ဒန်ကိုအနိုင်ရဖို့မလွယ်ပါဘူး။ ဂျော်ဒန်တို့ နိုင်ပွဲရဖို့ အခြေအနေရှိပါတယ်။

### မော်လ်ဒိုက်နှင့် ကာတာ

ကာတာရဲ့ ခြေစွမ်းက အကောင်းဆုံး အနေအထားရရှိနေပြီး အာရှပြိုင်ဘက်အသင်းတွေကို အနိုင်ယူနိုင်စွမ်းရှိတဲ့ ခြေစွမ်းပိုင်ဆိုင်ထားပါတယ်။ ဆလိုဗေးနီးယားကို အနိုင်ကစားပြီး မြောက်အိုင်ယာလန်ကို သရေပွဲကစားနိုင်တဲ့ ကာတာရဲ့ လက်ရှိစွမ်းဆောင်မှုက အကောင်းဆုံးရလဒ်ကို ပုံဖော်နိုင်စွမ်းရှိပါတယ်။ ကာတာရဲ့ လက်ရှိကစားဟန်က ရှေ့လယ်၊ နောက် ဟန်ချက်မျှပြီး ခံစစ်အခြေပြုတိုက်စစ်ဆင်တဲ့ ဗျူဟာဖြစ်တာမို့ မော်လ်ဒိုက်တို့ သရေရဖို့တောင် မလွယ်ပါဘူး။ ကာတာတို့ ဂိုးပြတ်သွင်းအောင်ပွဲခံရဖို့ များပါတယ်။

### အာဖဂန်နစ္စတန်နှင့် ဆီးရီးယား

ပုံမှန်ခြေစွမ်းပြန်ရနေတဲ့ ဆီးရီးယားတို့က လောလောဆယ်ရလဒ်ကောင်းအောင် ကစားနိုင်နေပါတယ်။ ဒါပေမယ့် လက်ဘနွန်ကို နှစ်ဂိုးစီသရေပွဲရအောင် အကြိတ်အနယ်ကစားခဲ့ရတာမို့ ပြင်ဆင်မှုတွေပြုလုပ်ရဦးမှာပါ။ အာဖဂန်နဲ့ ဆီးရီးယားတို့ အာရှဇုန်ခြေစစ်ပွဲမှာ နှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးပြီး နှစ်ကြိမ်စလုံး ဆီးရီးယားက အနိုင်ရရှိခဲ့ပါတယ်။ အခုခြေစစ်ပွဲမှာလည်း ဆီးရီးယားတို့ ရလဒ်ကောင်းရှာဖွေဖော် ထုတ်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် အာဖဂန်နစ္စတန်အသင်းဟာ စိတ်ဓာတ်ကောင်းကောင်းနဲ့ မာမာတင်းတင်း ကစားတတ်တာမို့ အခုပွဲဟာ သရေရလဒ်လည်း ထွက်ပေါ်နိုင်တဲ့ အနေအထားဖြစ်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ဘာစီလိုနာနည်းပြ ဆက်ရှိဖို့ မသေချာ




ဘာစီလိုနာနည်းပြ လူးဝစ်အန်းနရစ်အနေနဲ့ ဘာစီလိုနာအသင်းကို ဆက်လက်ကိုင်တွယ်ရန်ကိစ္စနဲ့ ပတ်သက်ပြီး သူကငြင်းဆိုထားပါတယ်။ အန်းနရစ်ဟာ သူ့ရဲ့ ပထမဆုံးရာသီမှာ ချန်ပီယံလိဂ်ဖလားအပြင် လာလီဂါနဲ့ ကိုပါဒယ်ရေးဖလားတို့ကိုပါ ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အန်းနရစ်ဟာ ဘာစီလိုနာအသင်းနဲ့အတူ ဖလားသုံးလုံးဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ထွက်ခွာဖို့ရှိနေပါတယ်လို့ ဆိုပါတယ်။ လာမယ့်ရာသီမှာ ဘာစီလိုနာအသင်းကို ဆက်လက်ကိုင်တွယ်ဖို့ မသေချာဘူးလို့ အသက် ၄၅ နှစ်အရွယ် နည်းပြ အန်းနရစ်က ဆိုပါတယ်။ ကျွန်တော်တို့ ဘာစီလိုနာအသင်းအနေနဲ့ ပြီးခဲ့တဲ့ ရာသီအတွင်းမှာ ပွဲပေါင်း ၆၀ မှာ ခြောက်ပွဲရှုံး၊ လေးပွဲသရေရခဲ့ပါတယ်။ ဒီနှစ်ရာသီကတော့ အကောင်းဆုံးရာသီမှာ တစ်ရာသီပဲလို့ နည်းပြအန်းနရစ်က ဆိုပါတယ်။ သို့ပေမယ့် ဘာစီလိုနာအသင်းကို ကိုင်တွယ်ရတာ ဝေဖန်မှုတွေမရှိပေမယ့် စိန်ခေါ်မှုတွေကတော့ ရှိနေပါတယ်။ ဒီအတွက် ဘာစီလိုနာအသင်းကို ဆက်လက်ကိုင်တွယ်ဖို့ စဉ်းစားရဦးမှာဖြစ်ပါတယ်လို့ နည်းပြက ဆိုပါတယ်။

# ကမ္ဘာ့ဖလားအိမ်ရှင်ကျင်းပခွင့် ဆုံးရှုံးသွားနိုင်တဲ့ ကာတာနဲ့ ရုရှား

ရုရှားနဲ့ ကာတာနိုင်ငံတို့ဟာ လာဘ်စားမှုအထောက်အထားများ တွေ့ရှိခဲ့ပြီးတဲ့နောက် ၂၀၁၈ နဲ့ ၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်ကျင်းပခွင့်များ ဆုံးရှုံးသွားနိုင်တယ်လို့ ဖီဖာထိပ်တန်းတာဝန်ရှိသူ ဒိုမီနီကိုစကာလာက ပြောကြားလိုက်ပါတယ်။ ဒီနိုင်ငံတွေကတော့ လာဘ်စားမှုဖြစ်စဉ်မှာ သူတို့ပါဝင်ပတ်သက်မှုမရှိဘူးလို့ ငြင်းဆိုထားပါတယ်။ စကာလာကလည်း သူ့အနေနဲ့တော့လာဘ်စားမှုအထောက်အထားမတွေ့ရဘူးလို့ဝန်ခံပြောကြားလိုက်ပါတယ်။ ကာတာနဲ့ ရုရှားနိုင်ငံတွေဟာ လာဘ်စားမှုအထောက်အထား တွေ့ရှိခဲ့မယ်ဆိုရင် အိမ်ရှင်ကျင်းပခွင့်တွေကို ဖျက်သိမ်းရမှာဖြစ်ပါတယ်လို့ စကာလာက ထပ်လောင်း ပြောဆိုလိုက်ပါတယ်။



ဒီကနေ့အထိတော့ ခိုင်မာတဲ့ အထောက်အထား မတွေ့ရသေးကြောင်း သူက ဆွစ်ဇာလန်သတင်းစာတစ်စောင်သို့ ပြောကြားလိုက်ပါတယ်။ လာဘ်ပေးလာဘ်ယူကိစ္စများကြောင့် ဖီဖာထိပ်တန်းတာဝန်ရှိသူ ခုနစ်ဦးကို ပြီးခဲ့တဲ့လက ဇူးရစ်မြို့ဟိုတယ်မှာ ဝင်ရောက်စီးနင်းဖမ်းဆီးလိုက်ပါတယ်။

ဖီဖာဥက္ကဋ္ဌရွေးပွဲကျင်းပဖို့ ရောက်ရှိနေတဲ့ တာဝန်ရှိသူခုနစ်ဦးကို ဖမ်းဆီးလိုက်ခြင်းဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်ကတည်းက ဖီဖာဥက္ကဋ္ဌဖြစ်လာတဲ့ ဆပ်ဘလတ္တာဟာလာဘ် စားမှုစွပ်စွဲချက်များကြောင့် ပြန်လည်အရွေးခံရပြီး လေးရက်အကြာမှာ နှုတ်ထွက်သွားခဲ့ပါတယ်။

# ကစားသမားခေါ်ယူခွင့် ပိတ်ပင်ထားသော်လည်း ဆီဗီလာနောက်တန်းလူ ဗစ်ဒဲလ်ကို ဘာစီလိုနာခေါ်ယူ




ချန်ပီယံလိဂ်ဖလားဆွတ်ခူးသွားခဲ့တဲ့ ဘာစီလိုနာအသင်းအနေနဲ့ ကစားသမားခေါ်ယူမှု ပိတ်ပင်ခံထားရသော်လည်း ဆီဗီလာနောက်တန်းလူ အဲလစ်ဗစ်ဒဲလ်ကို ပေါင် ၁၆ သန်းနဲ့ ခေါ်ယူစာချုပ်လိုက်ပါတယ်။ ဘာစီလိုနာအနေဖြင့် အသက် ၁၈ နှစ်အောက် ကစားသမားများ မခေါ်ယူဖို့ ဖီဖာရဲ့စည်းမျဉ်းကို ချိုးဖောက်ခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ်အတွင်း ကစားသမားများခေါ်ယူရေး ပိတ်ပင်ခံထားပါတယ်။ ဗစ်ဒဲလ်ဟာ စာချုပ်သက်တမ်းကုန်ဆုံးသွားတဲ့ ဒန်နီအဲလ်ဗတ်ရဲ့ ညာနောက်တန်းနေရာမှာ ကစားရမှာဖြစ်ပါတယ်။

ဗစ်ဒဲလ်အနေနဲ့ ဘာစီလိုနာရဲ့ ပြိုင်ဘက် အက်စ်ပန်ညိုနဲ့ပွဲမှာ စတင်ကစားရမှာဖြစ်ပါတယ်။ ဗစ်ဒဲလ်ဟာ ပြီးခဲ့တဲ့လက ယူရိုပါလိဂ်ဖလားဆွတ်ခူးသွားခဲ့တဲ့ ဆီဗီလာအသင်းရဲ့ ဗိုလ်လုပွဲမှာတော့ ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ ဘာစီလိုနာအသင်းဟာ စနေ့နေ့က ကိုးနှစ်တာကာလအတွင်း စတုတ္ထအကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ဘာလင်မြို့မှာ ဂျူဗင်တပ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဖီဖာရဲ့ စည်းမျဉ်းအရ အသက် ၁၈ နှစ်ကျော်တဲ့ ကစားသမားများကိုသာ ခေါ်ယူခွင့်ရှိပါတယ်။

**ကောင်းမြတ်သူ ➢ ➢ စုစည်းသည်။**




# ကျောက်ပန်းတောင်း-မြင်းခြံလမ်းပေါ်မှ တံတားသုံးစင်းတည်ဆောက်ပြီးစီးသွားသဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်၍ ပြည်သူများသွားလာရေးအဆင်ပြေလျက်ရှိ

**ကျောက်ပန်းတောင်း ဇွန် ၉**

မန္တလေးတိုင်း ဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ရန်ကုန်-မကွေး-မြင်းခြံ-မန္တလေးလမ်းပေါ်၌ သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် ၂၀၁၃ ခုနှစ်အတွင်းက စတင်တည်ဆောက်ခဲ့သော တံတားသုံးစင်းကို ယခုနှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်ခဲ့ပြီးနောက် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်စည် စီးဆင်းမှုများ လွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့ (၄)က တာဝန်ယူ၍ ၂၀၁၃ ခုနှစ် မေလအတွင်းက စတင်တည်ဆောက်ခဲ့သော ချောင်းမချောင်းတံတားတည်ဆောက်မှုလုပ်ငန်းမှာ ယခုနှစ် ဖေဖော်ဝါရီလက ပြီးစီးခဲ့ခြင်းဖြစ်ကာ အဆိုပါတံတားသည် အလျား ၃၁၅ ပေ၊ ကားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင်နှစ်ပေခွဲစီရှိပြီး ခံနိုင်ဝန် တန် ၆၀ အထိရှိသည့် သံကူကွန်ကရစ်တံတားဖြစ်သည်။

ရန်ကုန်-မကွေး-မြင်းခြံ-မန္တလေးလမ်းပေါ်၌ ချောင်းမချောင်းတံတား၊ ဝဲလောင်တံတားနှင့် ဆီမီးကန်ချောင်းတံတားသုံးစင်းကို တစ်ပြိုင်နက်တည်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တံတားသုံးစင်းလုံး ပြီးစီးခဲ့ပြီဖြစ်၍ ကျောက်ပန်းတောင်း-တောင်သာ-မြင်းခြံလမ်းခရီးမှာ ရာသီမရွေး၊ အချိန်မရွေး လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သဖြင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်စေပြီး ဒေသဖွံ့ဖြိုးရေးအတွက်ပါ အထောက်အကူပြုလျက်ရှိသည်။

**နေအောင်(iprd)**

# စွပ်စွဲခံရသည့် မြန်မာအလုပ်သမားနှစ်ဦးအား ရုံးတင်စစ်ဆေးမည့်ရက် တစ်လသာကျန်ရှိ

**စူရတ်ဌာနီ ဇွန် ၉**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (Koh Tao) တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော့စမွေအကျဉ်းထောင်အတွင်း၌ လူသတ်မှုဖြင့် အစွပ်စွဲခံထားကြရသည့် မြန်မာအလုပ်သမားနှစ်ဦးအား လာမည့် ဇူလိုင် ၈ ရက်တွင် ရုံးတင်ပြန်လည်စစ်ဆေးတော့မည်ဖြစ်သောကြောင့် ရက်ချိန်း တစ်လသာလိုတော့ကြောင်း လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ ရွှေနေဦးအောင်မျိုးသန့်က ဇွန် ၈ရက်တွင် ဆက်သွယ်ပြောကြားသည်။

လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ ရွှေနေဦးအောင်မျိုးသန့်က "ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ကော့တောင်ကျွန်းမှာဖြစ်ပွားခဲ့တဲ့ ခရီးသွား ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုအတွက် ကော့စမွေတရားရုံးတော်က DNA စစ်ဆေးချက်များကို ထိုင်းနိုင်ငံမှုခင်းစစ်ဆေးရေး ပါရဂူ ဒေါက်တာ ပွန်သစ်ထံပေးပို့ပြီး လွတ်လပ်စွာ ပြန်လည်စစ်ဆေးရန် ဧပြီ ၃၀ ရက်မှာ အမိန့်ချမှတ်ခဲ့ပြီးပါပြီ၊ ထို့အတူ သက်သေအထောက်အထားအမှန်တွေကို ဖျောက်ဖျက်ထားကြတဲ့ ဒီလိပ်ကျွန်းအမှုအတွက် အမှုမှန်ပေါ်ပေါက်ရေးကိုလိုက်ရတာမှာ အခက်အခဲဆုံးပါပဲလို့ ထိုင်းရဲတွေ ရဲ့လုပ်ဆောင်မှု မှားယွင်းချက်တွေကို တရားရုံးမှာ ဦးဆောင်စစ်ဆေးရမယ့် ထိုင်းနိုင်ငံမှုခင်းစစ်ဆေးရေး ပါရဂူဒေါက်တာ ပွန်သစ်က DNA ရယူခိုက်မှာ ထောက်ပြပြောဆိုခဲ့ပါတယ်" ဟု ပြောကြားသည်။

"မိမိအနေနှင့် ဥပဒေဘောင်အတွင်းကသာ တင်ပြနိုင်ခြင်းဖြစ်ပြီး ထိုင်းတရားဥပဒေကို စွက်ဖက်ပိုင်ခွင့်မရှိပါဘူး၊ ပြီးတော့ ထိုင်းနိုင်ငံက တရားဥပဒေကို လေးစားလိုက်နာပြီး တရားသူကြီးများရဲ့ မျှတမှန်ကန်ကြောင်း လေ့လာသိရှိထားသူလည်း ဖြစ်ပါတယ်၊ ဒါကြောင့် ဆက်လက်၍ အမှန်အတိုင်း မျှတစွာဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိနိုင်ငံသားများကို ဥပဒေဖြင့်ကူညီရန်သာရှိပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံမှတရားစွဲဆိုအဖွဲ့၏ တစ်ခုတည်းသော အားကိုးအားထားပြုရာ DNA စစ်ဆေးမှုမှာ အမှန်မဟုတ်ဘဲ အစားထိုးဖန်တီးမှုမျိုးဖြစ်ခဲ့လျှင် အစွပ်စွဲခံထားကြရသည့် မြန်မာအလုပ်သမားနှစ်ဦးအား မည်သို့မျှပင် အပြစ်ပေး၍ရတော့မည်မဟုတ်ကြောင်းနှင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦး အသတ်ခံရမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာအလုပ်သမား ကိုဝင်းဇော်ထွန်းနှင့် ကိုဇော်လင်းတို့ကို ပြစ်မှုကျူးလွန်သည်ဟုထိုင်းရဲမှ တရားလိုပြုလုပ်တိုင်တန်းစွဲဆိုခဲ့ကာ လူသတ်မှု၊ မုဒိမ်းမှုအပါအဝင် အမှုငါးမှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး ကော့စမွေအကျဉ်းထောင်အတွင်း၌ လက်ရှိချုပ်နှောင်ထားကြောင်း လိပ်ကျွန်းအထူးစုံစမ်းစစ်ဆေးရေးကော်မတီမှ သိရသည်။

**စိုးဝင်း(SP)**



**မြင်းမူမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်ကြီးလေးခုနှင့် ကျေးရွာအုပ်စု ၄၈ခုမှ ကျေးရွာပေါင်း ၈၄ ရွာ၌ အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ရက်မှစတင်ကြေညာထားရာ မြင်းမူမြို့တောင်ပိုင်းရပ်ကွက် မဲဆန္ဒရှင်စာရင်းကို ပြည်သူများက စိတ်ဝင်စားစွာကြည့်ရှုနေစဉ်။** (အဆိုပါမဲဆန္ဒရှင်စာရင်းများကို ဇွန် ၂၁ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ ကြေညာထားမည်ဖြစ်ပြီး အမည်မပါခြင်း၊ အချက်အလက်များ မှားနေခြင်းနှင့် သေဆုံးသူများပါဝင်နေခြင်းတို့အတွက် ပြင်ဆင်ကန့်ကွက်ခြင်းများ ဆောင်ရွက်နိုင်ကြောင်း သိရသည်။) (ဝ၇၉)

# တောင်တွင်းကြီးမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော် ထုတ်ချေးမည်

**တောင်တွင်းကြီး ဇွန် ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၄ ခုမှ တောင်သူများအတွက် မိုးရာသီသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ဇွန် ၇ ရက်တွင် စတင်ထုတ်ချေးနေပြီး စုစုပေါင်းချေးငွေ ကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးရွာအုပ်စုအလိုက် တောင်သူသုံးဦး အဖွဲ့တစ်ဖွဲ့စနစ်နဲ့ စပါးတစ်ဧကကို ကျပ်တစ်သိန်းနှုန်း၊ အခြားသီးနှံတစ်ဧက ကျပ်နှစ်သောင်းနှုန်းနဲ့ ထုတ်ချေးမှာဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေထုတ်တဲ့အခါ အဓိကအနေနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရှိတဲ့ တောင်သူတွေကိုသာ ထုတ်ချေးမှာဖြစ်ပါတယ်"ဟု တောင်တွင်းကြီးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်စိန်စိန်က ပြောသည်။

ဇွန် ၇ ရက်တွင် ညောင်ပင်လှကျေးရွာအုပ်စုနှင့် သစ်ပုတ်ကုန်းကျေးရွာအုပ်စုများမှ တောင်သူ ၁၇၃ ဦးအတွက် ချေးငွေကျပ် ၅၂၇ သိန်းကို စတင်ထုတ်ပေးခဲ့ပြီးဖြစ်ကာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူ ၁၉၅၀၀ အတွက် ချေးငွေစုစုပေါင်း ကျပ်သိန်းပေါင်း ၅၀၀၀၀ ကို ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း**

# ပုံစံ(၇)မရသေးသဖြင့် တောင်သူများအခက်ကြုံနေ

**မလှိုင် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်အတွင်းရှိ မန်ကျည်းကုန်းကျေးရွာမှ တောင်သူအချို့သည် လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇)ရရှိရန် လျှောက်ထားသော်လည်း မရသေးသဖြင့် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။

"ကျွန်မတို့တောင်သူတွေအနေနဲ့ ဘိုးဘွားပိုင်မြေယာပေါ်မှာ သီးနှံစိုက်ပျိုးတဲ့အခါ ပုံစံ(၇)မရသေးလို့ အခက်အခဲဖြစ်ရပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ် ၁ လပိုင်းကတည်းက မလှိုင်မြို့နယ်က သက်ဆိုင်ရာဌာနတွေကို တင်ပြလျှောက်ထားခဲ့ပေမယ့် ယနေ့အထိမရသေးလို့ အခက်အခဲတွေဖြစ်နေရပါတယ်"ဟု မန်ကျည်းကုန်းကျေးရွာမှ တောင်သူအမျိုးသမီးတစ်ဦးက ပြောသည်။ မလှိုင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၄၇ရွာရှိသည့်အနက် မန်ကျည်းကုန်းကျေးရွာမှ တောင်သူအချို့သာ ပုံစံ(၇)မရသေးခြင်းဖြစ်ကာ ယခုအခါ မိုးရာသီစိုက်ပျိုးချိန်လည်းရောက်ရှိနေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ပုံစံ(၇)များ အမြန်ဆုံးဆောင်ရွက်ပေးရန် တောင်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ဆိုင်ကယ်အရှိန်မထိန်းနိုင်သဖြင့် ရပ်ထားသောကားကို ဝင်တိုက်

**မြင်းမူ ဇွန် ၉**

မြင်းမူမြို့ ဧရာလှိုင်းရေသန့်စက်ရုံရှေ့၌ လမ်းဘေးချရပ်တန့်ထားသောကားတစ်စီးကို အရှိန်မထိန်းနိုင်သည့်ဆိုင်ကယ်က ဝင်ရောက်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်လာသူမှာ ဒဏ်ရာများရခဲ့ကာ အရေးယူခံထားရကြောင်း သိရသည်။

ဇွန် ၇ ရက် မနက်ပိုင်းက ဧရာလှိုင်းရေသန့်စက်ရုံရှေ့၌ ယာဉ်မောင်းတင်မိုးသည် ၎င်းမောင်းနှင်သည့် ယာဉ်အမှတ် ဏ/---- တိုယိုတာကားကို လမ်း၏ညာဘက်ဘေးတွင်ရပ်ထားစဉ် မြင်းမူမြို့မဈေးဘက်မှ ကိုဖိုးချောမောင်းနှင်လာသည့် ဆိုင်ကယ်က နောက်မှဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်လာသူ ကိုဖိုးချောတွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ကိုဖိုးချောအား ဥပဒေအရအရေးယူပေးရန် တာဝန်မှူး ဒုတိယရဲအုပ်ထွန်းသိန်းက မြင်းမူမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**(ဝ၇၉)**

# ဘက်စုံထူးချွန် လူငယ်ဂုဏ်ပြုပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

**သဲကုန်း ဇွန် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ဘက်စုံထူးချွန်လူငယ်ဂုဏ်ပြုပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက အင်းမ အထကကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အင်းမ (အထက) ကျောင်းအုပ်ဆရာကြီး ဦးမြင့်ထွန်းဦးက အမှာစကားပြောကြားပြီး လေ့လာရေးခရီးစဉ် အုပ်ချုပ်သူ ဆရာဦးလှစိုးနှင့် ဘက်စုံထူးချွန်ဆုရနဝမတန်း ကျောင်းသား မောင်သက်ခိုင်ထွန်းတို့က လေ့လာရေးခရီးစဉ် အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် ပြန်/ဆက်**

# မုံရွာ ဗောဓိတစ်ထောင် သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် ကွန်တိုစိုက်ခင်းများ ဆက်လက်ထူထောင်မည်

**မုံရွာ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတ္တာကန်တောင်ကျေးရွာရှိ ဗောဓိတစ်ထောင်သာသနာ့နယ်မြေအတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအဖြစ် ယခုနှစ်မိုးရာသီတွင် ကွက်လပ်ဖြည့်စိုက်ပျိုးပင် ၄၅၀၀ နှင့် အပင် ၂၅၀ ပါ ကွန်တိုပေါင်စိုက်ခင်း ၅၀ ကို တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

”ဗောဓိတစ်ထောင်နယ်မြေက အပူပိုင်းဒေသအတွင်းမှာပါတယ်။ နောက်ပြီး ပြည်တွင်းခရီးသွားတွေနဲ့ နိုင်ငံခြားခရီးသွားတွေ အမြဲမပြတ် ဝင်ထွက်နေတဲ့ နေရာတစ်ခုဖြစ်တာကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ စိမ်းလန်းစိုပြည်ရေးအတွက် ဆက်လက်စိုက်ပျိုးတာပါ။ ၂၀၁၅ ခုနှစ်မှာလည်း ကွန်တိုတစ်ပေါင်ကို ၅ ပင်နှုန်းနဲ့ အပင် ၂၅၀ စိုက်မှာပါ။ ကွန်တိုစိုက်ခင်းတွေကိုတော့ ၂၀၀၇ ခုနှစ်ကတည်းက စစိုက်ခဲ့ပြီး နှစ်စဉ်စိုက်လာတဲ့ ကွန်တိုပေါင်တွေက အပင်တွေနဲ့ လမ်းဘေးစိုက်တဲ့အခင်းတွေမှာ သေတဲ့အပင်တွေကို အခုနှစ်မှာ ပြန်လည်ဖာထေးစိုက်ပျိုးမှုအနေနဲ့ အပင် ၄၅၀၀ ကို စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးမယ့်အပင်တွေအနေနဲ့ တမာ၊ သဘော်ငုစပ်၊ ပိတောက်၊ ယူကလစ်၊ မယ်ဇလီ၊ ညောင်၊ မြန်မာကုက္ကိုတွေကို စိုက်ပျိုးသွားမှာပါ”ဟု တိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဗောဓိတစ်ထောင်သာသနာ့နယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကွန်တိုပေါင်စနစ်ဖြင့် အပင်ပေါင်း ၃၅၀၅ ပင် စိုက်ပျိုးခဲ့သည်။

**ဖိုးချမ်း(မုံရွာ)**





**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးအတွက် အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိ ကျေးရွာလမ်းမကြီးကို ဒေသခံပြည်သူများ ထည့်ဝင်ငွေ ကျပ် ၁၀ သိန်းကျော်နှင့် လုပ်အားဒါနများဖြင့် ဇွန် ၇ ရက်က ကိုယ့်အားကိုယ်ကိုး ကျောက်ချောခင်းနေစဉ်။**

မျိုးဝင်းညို(ကျွန်းလှ)

## မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး မြေစိုက်ပိုစတာစိုက်ထူ

**ဂန့်ဂေါ ဇွန် ၉**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာများကို ဂန့်ဂေါမြို့တွင်း လူစည်ကားရာ နေရာများ၌ ဇွန် ၇ ရက်က စိုက်ထူခဲ့ကြောင်း သိရသည်။

ဂန့်ဂေါမြို့ မြို့မရဲတပ်ဖွဲ့စခန်းရှေ့၌ လည်းကောင်း၊ မြောက်ကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းထိပ်၌လည်းကောင်း၊ ကျောတိုက်ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဘူတာလမ်းထိပ်၌လည်းကောင်း၊ ဂန့်ဂေါမြို့ မြို့မဈေးအနီး ဗိုလ်ချုပ်လမ်းနှင့် မြစ်သာမြစ်ရှောင် လမ်းထောင့်တွင်လည်းကောင်း စိုက်ထူခဲ့ကြပြီး မြေစိုက်ပိုစတာစိုက်ထူပွဲများသို့ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(၁၀၁)





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ‘မန္တလေးမျဉ်းဖြောင့်များ’ အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ‘မန္တလေးမျဉ်းဖြောင့်များ’ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော မူလ ‘မန္တလေး မျဉ်းဖြောင့်များ’ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ကြေးရုပ်တွေနဲ့ လမ်းမတော်

ဆူးငှက်

*ယခင်အပတ်မှအဆက်*

မန္တလေးလူထုက ဓာတ်ရထားကို ကြိုဆိုကြတော့ ပညာကျော်တစ်ဦးကလည်း ဓာတ်ရထားဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်ကို ရေးစပ်ပါသေးသည်။

“ဘယ်ဝယ်ဆီ ဆွယ်ရည်ရွှယ်တတ်ဘု၊ ပြည်နယ်နဝရတ် သာတင့်ဟန်

ရှည်ကြွယ်ဒရပ်ခါသင့်ဖန်သည်၊ ရာဝင့်စကားသံ ရှိဘူး

မန်းမဏ္ဍလ မြန်ခန်းမယ်မှာ. . .၊ အံ့မခန်းဖွယ် အခင်းကြုံချက်ထူး။

ရထားဓာတ်စက် စေနှင်မှာမူ၊ ဝေဟင်အဋ္ဌာ ညွှန့်ယံဦး၊

လေယာဉ်ပမာ ကွန့်ပျံမြူးလိမ့်၊ အခွင့်ကံထူးရှိလို့သာ. . .”

အစရှိသည်ဖြင့် ရေးစပ်ခဲ့၏။ ထို့နောက် ဓာတ်ရထားကုမ္ပဏီသည် ဘေးအကာ အလယ်တံခါးပေါက်နှင့် ပိုမိုခံ့ညားသောပုံစံသစ်နှင့်ဓာတ်ရထားများ ပြောင်းလဲပြေးဆွဲခဲ့သေးသည်။ ထိုသို့ဓာတ်ရထားများ ပြေးဆွဲနေသောကာလတွင် ဓာတ်ရထားလမ်း တစ်လျှောက်တွင် ဖုန်မထစေရန်အတွက် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ရေဖျန်းသော ဓာတ်ရထားစိမ်းကြီးရှိခဲ့သည်။ အဖိုးအဖွားဝါသနာပါသူကို “ ဓာတ်ရထားစိမ်း” ကြီး ဟု ထိုခေတ်က ဘန်းစကားဖြင့်ခေါ်ခဲ့ကြောင်း မှတ်သားခဲ့ရဖူးသည်။

အခုတော့ ဓာတ်ရထားများ ဖျက်သိမ်းသွားတာကြာလှသော်ငြားလည်း နေရာတိုင်းမှာ ‘ဓာတ်ရထားစိမ်း’များကို တွေ့နေရသည်။ လမ်းမှာ ဓာတ်ရထားစိမ်း၊ မျက်စိထဲမှာ ဓာတ်ရထားစိမ်း၊ နားထဲမှာ ဓာတ်ရထားစိမ်း. . .။

ထိုသို့ဖြင့် ဓာတ်ရထားများ ထားရာနေရာကို ဓာတ်စက်ရုံဟု ခေါ်တွင်ခဲ့ရာ နောင်တွင် မန္တလေးမြို့၏ အဓိက လျှပ်စစ်ဓာတ်အားခွဲနေရာဖြစ်ပြီး တိုင်းလျှပ်စစ်ဓာတ်အားရုံးကြီးပါ ပူးတွဲဖွင့်လှစ်ထားသောကြောင့် ‘ဓာတ်စက်ရုံ’ ဟူသော အခေါ်အဝေါ်မှာ များစွာ လိုက်လျောညီထွေနေသော ယနေ့အထိဖြစ်ပါသည်။ ကျွန်တော်သည် မြို့တွင်းအလုပ်ခွင်မှ အိမ်အပြန် မိုးချုပ်၍ ပွဲထိုင်ကိတ်မုန့်တိုက်ထောင့်မှ ဆိုက်ကားစီးလျှင် ဓာတ်စက်ရုံအရှေ့ဘက်ဟုပြောလျှင် လွယ်လင့်တကူ လိုက်ပို့ကြသည်။ ယခုထိုနေရာ ဓာတ်အားခွဲရုံနှင့် လျှပ်စစ်ရုံးကြီးမရှိတော့. . . .။ ဘာဟိုတယ်၊ ဘာခန်းမတွေရောက်လာဦးမည်လည်း မသိ. .။ ထိုအခါ ‘ဓာတ်စက်ရုံ’ ဟူသော အခေါ်အဝေါ်ကလည်း နောင်နှစ်ဘယ်လောက်ကြာကြာ အထိခံလေမည်လည်းမသိ. .။ မလေးရှားကုန်တိုက်ကြီး၊ အင်ဒိုနီးရှားဟိုတယ်ကြီး၊ စင်ကာပူဈေးကြီးလို့များ ပြောင်းလဲခေါ်နေရဦးမှာလေလားမသိ. .။


ဓာတ်စက်ရုံ၏တောင်ဘက် ၂၇ လမ်းကစ၍ ၇၈ လမ်းဝဲယာသည် မီးရထားဌာနပိုင်နေရာများ၊ အဆောက်အအုံများဖြစ်ခဲ့သည်။ အနောက်ခြမ်းက သံလမ်းအုပ်ကြီးရုံးရှိသည်။ ၂၇ လမ်းနှင့် ၇၈ လမ်းထောင့်မှာ မီးရထား ဆရာဝန်ကြီးအိမ်နှင့် ဆေးရုံရှိခဲ့ဖူးသည်။ ယခုတော့ ဆေးရုံတစ်ထပ်တိုက်လေးမရှိတော့. . .၊ မီးရထားဝန်ထမ်းများ၏ စုပေါင်းအိမ်ရာတိုက်မြင့်ကြီးတွေ နေရာယူလာကြပြီ။ ဆေးရုံဝင်းကြီးထဲက အရိပ်ကောင်းကုက္ကိုပင်ကြီးတွေလည်း မရှိတော့. .။

လမ်းထောင့်ကုက္ကိုပင်ကြီးအောက်က စက်ဘီးပြင်ဆိုင်လေး. . .၊ ဖျော်ရည်သည်လေး. .၊ စမူဆာသုတ်သည်လေးလည်းမရှိတော့. . .၊ မီးရထားဆေးရုံဝင်း စုပေါင်းအိမ်ရာများ တောင်ဘက်မှာတော့ ယခင်က မီးရထားအရာရှိကြီးတစ်ဦး၏ ကိုလိုနီလက်ကျန် အုတ်ကြွပ်မိုး အုတ်ရိုးနီတိုက်ကြီးတစ်လုံး ဝင်းကျယ်ကြီးအလယ်မှာ ရှိသည်။ အဆောက်အအုံကား ဆေးအသစ်များဖြင့် ပြန်လည်ပြင်ဆင်ထားသည်။ ထူးခြားတာက ထိုအဆောက်အအုံရှေ့ကွက်လပ်မှာ အုတ်ခုံမြင့်မြင့်ပေါ်၌ ကိုယ်တစ်ပိုင်းကြေးရုပ်တစ်ခုကို မကြာမီကမှ တည်ဆောက်ထားလိုက်သည်။ ကြေးရုပ်မှာ တင်းသော ပါးရိုး၊ စူးရှသောမျက်လုံးနှင့်အတူ တိကျပါးလျားသည့် နှုတ်ခမ်းကဆေးတံကိုကိုက်ထား၏။

မန္တလေးသား စာရေးဆရာကြီး ရွှေဥဒေါင်း၏ ကြေးရုပ်တုကြီးဖြစ်သည်။ အောက်ခံခုံရှိကျောက်ပြားတွင် ဆရာကြီး၏ အထ္ထုပ္ပတ္တိအကျဉ်းနှင့် ပြုစုရေးသားခဲ့သော စာအုပ်စာရင်းကို ရေးထိုးထားသည်။ အဆောက်အအုံနီနီမှာက **‘ရွှေဥဒေါင်း စာကြည့်တိုက်’** ဟု ဆိုင်းဘုတ်ထားသည်။ ရွှေဥဒေါင်းစာကြည့်တိုက်မှာ မူလက မီးရထားအလုပ်သမားများ စာကြည့်သင်းဖြစ်သည်။ စည်းလုံးညီညွတ်ကာ စာအုပ်ရေများပြားစွာဖြင့် တည်တံ့နေသောစာကြည့်သင်းကြီးဖြစ်သည်။ မန္တလေးမြို့၏ အထင်ကရ စာပေဟောပြောပွဲကြီးများကို နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့သည်။ သို့သော် မနှစ်ကတော့ ကြေညာပြီးမှ မကျင်းပဖြစ်။

ရွှေဥဒေါင်းစာကြည့်တိုက်သည် ပြည့်လက်ရုံးများဖြစ်သည့် စာပေပညာရှင်၊ စာရေးဆရာ၊ သတင်းစာဆရာကြီးများကို ဂုဏ်ပြုပူဇော်အပ်သော ဓလေ့ကောင်းတစ်ခု၏ လမ်းစဖြစ်သည်။ ရွှေဥဒေါင်းစာကြည့်တိုက်ကို ပြုစုပျိုးထောင်လမ်းဖွင့်သူများသည် မြန်မာပြည်သူပြည်သားများအားလုံး လေးစားခဲ့ကြသော စာပေပညာရှင်၊ စာရေးဆရာ၊ သတင်းစာဆရာကြီးများကိုလည်း ထိုနည်းတူ ဆက်လက်ဂုဏ်ပြုအလေးမြတ်ထားကြရန် ရည်ရွယ်ပြီးလည်း ရှိကြပါလိမ့်မည်။ စာပေချစ်စိတ်၊ တိုင်းပြည်နှင့် လူမျိုးချစ်စိတ်တစ်ခုတည်းဖြင့် ဆန္ဒစွဲကင်းကာ ကိုယ့်အလုပ်ကိုယ် မျက်ခြည်မပြတ် ဆက်လက်လုပ်ဆောင်သွားမည်ဆိုလျှင် မကြာမီ ဆရာကြီးသခင်ကိုယ်တော်မှိုင်းစာကြည့်တိုက်၊ ဦးဖေမောင်တင်စာကြည့်တိုက်၊ ဆရာဇော်ဂျီစာကြည့်တိုက်၊ ဆရာဇေယျစာကြည့်တိုက်များအဖြစ် မြင်တွေ့ကြရတော့ပေမည်။

*(မန္တလေးမျဉ်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)*



## လျှပ်စစ်မီးရရှိရေး ဓာတ်အားခွဲရုံတည်ဆောက်မည်

**မကွေး ဇွန် ၉**

မကွေးမြို့နယ်ရှိ သစ်ရာကောက်ကျေးရွာအုပ်စု သစ်ရာကောက်ကျေးရွာတွင် လျှပ်စစ်မီးမရှိသောကြောင့် ဒေသခံကျေးရွာနေပြည်သူများ လျှပ်စစ်မီးလိုအပ်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

လျှပ်စစ်မီးရရှိစေရေးအတွက် ဇွန် ၂ ရက်က မကွေးခရိုင် လျှပ်စစ်အင်ဂျင်နီယာဦးအေးဝင်းနှင့် မကွေးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွှေးတို့ရောက်ရှိကာ သစ်ရာကောက်ကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဒေသခံကျေးရွာနေပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးကာ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း မကွေးခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သစ်ရာကောက်ကျေးရွာတွင် 66/ 11)KV ဓာတ်အားခွဲရုံတည်ဆောက်မည်ဖြစ်၍ မိမိတို့လျှပ်စစ်ဌာနအနေဖြင့် စီမံကိန်းရေးဆွဲနေပါကြောင်း မကွေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသိန်းထိုက်မွှေးက ပြောကြားသည်။

ထိုသစ်ရာကောက် တိုက်နယ်ကျေးရွာအုပ်စုဝင် ကျေးရွာများတွင် သစ်ရာကောက်ရွာ၊ ဖိုးဝေရွာ၊ သံတောကုန်းရွာနှင့် ဖလန်တောကျေးရွာတို့ပါဝင်ပြီး လက်ရှိသစ်ရာကောက်ကျေးရွာတွင် အိမ်ခြေ ၆၀၀၊ အိမ်ထောင်စု ၆၁၅ စုရှိပြီး လျှပ်စစ်မီးမရှိသော ကျေးရွာနေပြည်သူများ ဆိုလာပြားများနှင့် မီးစက်များ အသုံးပြုနေကြရကြောင်း၊ ဒေသခံကျေးရွာနေပြည်သူများ လျှပ်စစ်မီးရရှိရေးအတွက် မျှော်လင့်နေကြကြောင်း သစ်ရာကောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ပြောကြားသည်။ **ကျော်ဇေယျ**

## ဘိန်းအစားထိုးသီးနှံနှင့် မျိုးစေ့ပျိုးပင်များ ဖြန့်ဖြူး

**သီပေါ ဇွန် ၉**

ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုများ လျော့နည်းပပျောက်စေရန်၊ နှစ်ချင်းသီးနှံ၊ နှစ်ရှည်ပျိုးပင်များ စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးတက်မှုရရှိရန်နှင့် မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးခြင်းကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန် ဇွန် ၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် အစည်းအဝေးခန်းမ၌ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များပေးအပ်ပွဲ တောင်သူပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ ကျေးရွာအုပ်စု ၂၀ မှ တောင်သူ ၁၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်နမ္မတူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းဦးက စပါးတင်း ၁၀၀ ထွက်ရှိရန် သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်၊ ပိုးမွှားကာကွယ်ရေး၊ မြေဆီလွှာ ကာကွယ်ထိန်းသိမ်းခြင်းနည်းလမ်းများကို ရှင်းလင်းဆွေးနွေးပြီး အစားထိုးသီးနှံများဖြစ်သော ပုလဲသွယ်မျိုးစပါး၊ အစေ့ထုတ်ပြောင်းမျိုးနှင့် လက်ဖက်ပျိုးပင်များကို တောင်သူများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**တိုင်းပြည်ဘက်စုံ တိုးတက်ဖို့ ကျသင့်အခွန်ပေးဆောင်စို့**

# စက်မှုဇုန်များမှ စက်ရုံလုပ်သားများအတွက် အိမ်ရာသစ်များ အကောင်အထည်ဖော် ဆောင်ရွက်

**ရန်ကုန် ဇွန် ၉**

လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံလုပ်သားများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် လှိုင်သာယာစက်မှုဇုန်နှင့် ရွှေလင်ပန်း စက်မှုဇုန်တို့၏ စက်ရုံလုပ်သား အိမ်ရာသစ်များအား စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း လှိုင်သာယာ စက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။



အဆိုပါ အိမ်ရာစီမံကိန်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ပိုင် ရွှေလင်ပန်းစက်မှုဇုန်အနီးရှိ မြေနေရာ ၁၆ ဧကကျော်တွင် ၁၂ ခန်းတွဲပါဝင်သော ငါးထပ် အဆောက်အအုံ ၂၆ လုံးကို တိုက်ခန်းပေါင်း ၁၅၀၀ ကျော်အား ခွဲဝေ ဆောက်လုပ်ခွင့်ပြုထားကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ ရွှေလင်ပန်းစက်မှုဇုန်အတွက် ၁၂ ခန်းတွဲပါဝင်သော ငါးလွှာအဆောက်အအုံ ၁၈ လုံးတွင် တိုက်ခန်းပေါင်း ၁၀၈၀ ကို လည်းကောင်း၊ လှိုင်သာယာစက်မှုဇုန်အတွက် ၁၂ ခန်းတွဲပါဝင်သော ငါးလွှာအဆောက်အအုံရှစ်လုံးတွင် တိုက်ခန်းပေါင်း ၄၈၀ ကို လည်းကောင်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်မှုလုပ်သားအိမ်ရာ ၁၂ခန်းတွဲပါဝင်သော ငါးလွှာအဆောက်အအုံ ၁ နှင့် ၂ ကို ရွှေလင်ပန်း မိုးလုံလေလုံ အားကစားရုံအနီး၌ ဧပြီလက စတင်ဆောင်ရွက်လျက်ရှိရာ ဖောင်ဒေးရှင်းလုပ်ငန်းနှင့် စတီးလ် Structure တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်သည်။

ထို့အပြင် လှိုင်သာယာစက်မှုဇုန် စက်မှုလုပ်သားအိမ်ရာ ၁၂ ခန်းတွဲပါဝင်သော ငါးလွှာအဆောက်အအုံ ရှစ်လုံးအတွက် ရွှေလင်ပန်း မိုးလုံလေလုံအားကစားရုံ အနောက်ရှိမြေနေရာ ၂ ဒသမ ၈၁ ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖောင်ဒေးရှင်းလုပ်ငန်းများအပါအဝင် ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း စီမံကိန်းအင်ဂျင်နီယာရုံးမှ သိရသည်။ SMI ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ဆောက်လုပ်မည့် မြေနေရာတွင် ဆောင်ရွက်မည့် အဆောက်အအုံ လေးလုံးရှိရာ တစ်လုံးမှာ ကျူးကျော်တဲများရှိနေသောကြောင့် လျာထားသည့် သတ်မှတ်ရက်တွင် မပြီးနိုင်ကြောင်း လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာဦးခင်မောင်ဦးက ပြောကြားသည်။

အဆိုပါ အိမ်ရာစီမံကိန်းရှိ တိုက်ခန်းများသည် စတီးလ် Structure အမျိုးအစားဖြစ်ပြီး အုတ်ကာ၊ သွပ်မိုးဖြစ်သည်။ တစ်ခန်းလျှင် ၁၈ ပေ ပတ်လည် ကျယ်ဝန်း၍ အမြင့်ကိုးပေနှင့် ၁၀ ပေ ကြားရှိပြီး ရေမီး အစုံအလင်ပါဝင်ကြောင်း သိရသည်။ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများ၏ လုပ်ငန်းရှင်များ တိုက်ခန်းလျှောက်ထားလာမှုအပေါ် လှိုင်သာယာစက်မှုဇုန်အတွက် တိုက်ခန်းပေါင်း ၄၈၀ အား အရစ်ကျ ငါးရစ်ငွေပေးသွင်းစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအိမ်ရာ စီမံကိန်းအား ငွေကျပ် ၃ ဒသမ ၂ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် လာမည့် အောက်တိုဘာတွင် အပြီးသတ် ဆောင်ရွက်နိုင်ရန် လျာထားကြောင်း ထပ်မံသိရသည်။

စက်ရုံလုပ်သားများအား အရစ်ကျငွေပေးချေစနစ် သို့မဟုတ် အငှားစနစ်များဖြင့် သင့်တင့်လျောက်ပတ်အောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ရာ စက်ရုံလုပ်သားများ အဆင်ပြေ လွယ်ကူသက်သာစွာ နေထိုင်ခွင့် ရရှိကြတော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-တင်လှမောင်**

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

# မင်းလှတွင် စီမံကိန်းတာဝန်များပေးအပ်

**မင်းလှ ဇွန် ၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို သာယာဝတီခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းမှူး ဒေါ်နွယ်နီဦးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအကြောင်းကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

စီမံကိန်းတာဝန်များကို လယ်ယာကဏ္ဍကြီးထုတ်လုပ်မှုကိုယ်စား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်သန်းအား လည်းကောင်း၊ စက်မှုကဏ္ဍကြီး ထုတ်လုပ်မှုကိုယ်စား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကိုမောင်းအား လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီးထုတ်လုပ်မှုကိုယ်စား မြန်မာ့မီးရထားရုံပိုင်ကြီး ဦးဝင်းသူအား လည်းကောင်း၊ ကျေးရွာအုပ်စုကိုယ်စား သရက်တပင်ကျေးရွာအုပ်ချုပ်ရေးမှူးအား လည်းကောင်း တာဝန်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၈ ရက် နံနက် ၉ နာရီက အဆင့်မြင့် စက်ချုပ်သင်တန်း (၁/၂၀၁၅) ကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စီးပွားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အမာက အမှာစကားပြောကြားပြီး ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးက စက်ချုပ်သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုး၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့်အဖွဲ့ဝင်များ တက်ရောက်ပြီး သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

**ကိုမျိုး(ရွှေပေါက္ကံ)**





ကံ့ကော်ရိပ်

၂၀၁၅ ခုနှစ် ပြည်နယ်နှင့်တိုင်း ဒေသကြီးများတွင် စစ်ဆေးခဲ့သော

အဋ္ဌမတန်း မေးခွန်းဟောင်းနှင့်စံပြအဖြေ

(၁၇)စုံ

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr. TW(Maths.) |
| ပထဝီ | ဒေါက်တာမေမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| သိပ္ပံ | ဒေါက်တာနီ |

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများဖြင့် အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

ပြည်လုံးကျွတ်ဖြန့်ချိရေး - ကောရီစံစာပေ၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၅၁၁၁၄၊ ၀၉ ၅၁ ၂၉၆၇၀၊ ၀၉ ၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/5112, MITSUBISHI CANTER FE 70EB, LIGHT TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထက် ၁၂/မဂတ(နိုင်)၀၇၁၃၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့



မိတ်ကပ် ညီညီမောင် (စမ်းချောင်း)
B.Sc (Botany)

မိတ်ကပ်၊ ဆံထုံးသင်တန်း

ဇူလိုင်(၁)ရက်နေ့ စဖွင့်ပါမည်။

အမှတ်(၆၁)၊ ညောင်တုန်းလမ်း။ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၂၃၇၆၊ ၀၉ ၄၂၅၂၈၅၀၂၅



OXFORD MYANMAR MEDICAL COLLEGE



သင့်မနက်ဖြန် အောင်မြင်မှုအတွက် OMMC နှင့်အတူ ဒီနေ့ခြေလှမ်းစလိုက်ပါ

ဆေးပညာကို အမှန်တကယ် စိတ်ဝင်စားပါသလား?

ပြည်တွင်းသာမက နိုင်ငံတကာတက္ကသိုလ်များတွင်ပါ ဆေးပညာရပ်များကို လေ့လာ ဆည်းပူးချင်ပါသလား?

ဝင်ခွင့်အမှတ် သတ်မှတ်ချက်ကြောင့် ဆေးပညာသင်ကြားခွင့် မရမှာ စိုးရိမ်နေပါသလား?

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူတိုင်းအတွက် UK မှတိုက်ရိုက်ချီးမြှင့်သော HND Health & Social Care နှင့်ကိုယ်ရည်ရွယ်ရာဆေးပညာ၊ကျန်းမာရေး၊ဆေးဝါးနှင့်သူနာပြုဆိုင်ရာ နိုင်ငံတကာဘွဲ့ဒီဂရီများ၊ဘွဲ့လွန်များအထိ သင်ယူခွင့်ရနိုင်ရန် OMMC တွင်ကျောင်းစတင်အပ်နှံနိုင်ပါပြီ။

(ဇွန်လနောက်ဆုံးပတ်)တွင် Foundation တန်းသစ်များ စတင်ဖွင့်လှစ်မည်။

Contact & Get Advice Now!
အမှတ်(၃၅၁/၃၅၅)၊ ဒုတိယထပ်၊ သိမ်ဖြူလမ်း၊ (ဗိုလ်မင်းရောင်လမ်းထောင့်၊ ရန်ကုန်မြို့)
၀၉ ၃၀၀ ၇၁၇၀၃၊ ၀၉ ၂၄၄ ၃၄၄ ၉၂၄၊ ၀၉ ၂၅၀၅၀ ၉၀၁၆

## သတ္တုတွင်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းခုနစ်ခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

(က) မော်တော်ယာဉ် တာယာနှင့်ဘက်ထရီ

(ခ) မော်တော်ယာဉ်စက်ဆီ၊ ချောဆီ၊

(ဂ) Electronic & Accessories

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၆-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းခုနစ်ခုတွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ္တုတွင်းဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)**
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ် လမ်း-တံတား လုပ်ငန်းများတွင်ဆောင်ရွက်ရန်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ် ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၂၄-၆-၂၀၁၅ ရက်၊မွန်းလွဲ ၂း၀၀နာရီ

၂။ **တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၂၆-၆-၂၀၁၅ ရက်

၃။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံးလမ်းဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့တွင် ၁၁-၆-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၇၂-၂၂၂၃၄ သို့ ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုရဲအုပ်လောင်း
## (အမျိုးသား/အမျိုးသမီး)များ အလိုရှိသည်

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀-)ဖြင့် ဒုရဲအုပ်လောင်း (အမျိုးသား/အမျိုးသမီး)အတွက် လျှောက်လွှာများအလိုရှိသည်။

၂။ ရွေးချယ်ခြင်းခံရသူများသည် ဒုရဲအုပ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပြီးသောအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဒုရဲအုပ်အဖြစ် ခန့်ထားခြင်းခံရပါမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

(ခ) ၁-၄-၂၀၁၅ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီးဖြစ်ရမည့်အပြင် အသက်(၃၀) ထက် မကြီးသူဖြစ်ရမည်။

(ဂ) အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ် (မူရင်း) တင်ပြရမည်။ (ဘွဲ့ရသည့်ပညာသင်နှစ်အတွက် ဘွဲ့နှင်းသဘင်ကျင်းပပြီးစီးပါက ဘွဲ့လက်မှတ် မူရင်း/ဘွဲ့နှင်းသဘင် မကျင်းပရသေးပါက ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာမူရင်းတို့အား တင်ပြရမည်။)

(ဃ) အမျိုးသားများအတွက် အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ရင်အုပ်နဂိုနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်နှင့်အထက်ရှိရမည်။

(င) အမျိုးသမီးများအတွက် အရပ်အမြင့် ၅ပေ ၂ လက်မ၊ ကိုယ်အလေးချိန် အနည်းဆုံး ၉၅ ပေါင်နှင့်အထက်ရှိရမည်။

(စ) ဆေးအဆင့် (က)ရှိရမည်။

(ဆ) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

(ဇ) ကိုယ်အင်္ဂါချို့ယွင်းသူများ မဖြစ်စေရ။

(ဈ) သတ်မှတ်ထားသော ဆေးစစ်ခြင်းကို အောင်မြင်သူဖြစ်ရမည်။

(ည) နယ်ဘက်တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။

(ဋ) မြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၄။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲဖြေဆိုစေပြီး ဖြေဆိုအောင်မြင်မှသာ စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်။ စိတ်စစ်ဆေးခြင်းနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းများအတွက် ပဏာမဆေးစစ်ခြင်းခံရမည်ဖြစ်ပြီး ဆေးစစ်အောင်မြင်မှသာ ဆက်လက်ဖြေဆိုခွင့်ပြုပါမည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ရယူနိုင်သည်။ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ-

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံညာ(၁၀)တန်း အောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊

(ခ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊

(ဂ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်းဝန်ခံချက်၊

(ဃ) ဒုရဲအုပ်လောင်းသင်တန်းတက်ရောက်နိုင်ကြောင်းဝန်ခံချက်၊

(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်းဝန်ခံချက်၊

(စ) သင်တန်းပြီးဆုံး၍ တာဝန်ပေးအပ်ပါက အနည်းဆုံးငါးနှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံချက်၊

(ဆ) ပတ်စ်ပို့အရွယ် ဓာတ်ပုံသုံးပုံပါရှိရမည်။

၇။ လျှောက်လွှာကို ဒုရဲအုပ်လောင်းလျှောက်လွှာစိစစ်ရေးအဖွဲ့သို့လိပ်မူပြီး လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ ၃၀-၆-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်အတူ လျှောက်ထားခွင့်ရှိသည်။

၉။ စာရွက်စာတမ်းနှင့် သတ်မှတ်အချက်အလက်များ မပြည့်စုံသည့်လျှောက်လွှာများ၊ သတ်မှတ်ရက်ထက် နောက်ကျပြီးမှရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားဆောင်ရွက်ပေးမည်မဟုတ်ပါ။

၁၀။ လူတွေ့စစ်ဆေးသည့်အခါ အသက်စိစစ်အတည်ပြုရန်တွက် (၁၀)တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)ပြသနိုင်ရမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ ညောင်ပင်ကြီးစုကွက်သစ်တွင် နေပြည်တော်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ တိုင်းရုံး (ပေ၇၀×၅၁ပေ×၂၄ပေ) RC နှစ်ထပ်အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်**- ၅-၆-၂၀၁၅ ရက်

(ခ) **တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၅-၇-၂၀၁၅ ရက်၊ ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ နေပြည်တော်ရေအရင်းအမြစ်အသုံး ချရေးဦးစီးဌာန၊ ပေါင်းလောင်း၊ ၁၇လမ်း၊ ပေါင်းလောင်းတိုးချဲ့(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး တင်ဒါအာမခံကြေး ပေးသွင်းပြီးမှသာ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၃။ တင်ဒါဖွင့်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက နေပြည်တော်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၂၂၆၅၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နေပြည်တော်အဆင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပင်ပဓာတ်အားခွဲရုံများရှိ 25 Mvar Capacitor Bank များတွင် အသုံးပြုရန်လိုအပ်သော Capacitor Unit နှင့် Current Transformer များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင်ဓာတ်အားလိုင်းနှင့် ၂၃၀ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်းတို့အတွက် လိုအပ်သော Fitting ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၂-၆-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ဒဂုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်အစီအစဉ်ဖြင့် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | သင်တန်းအမည် | - ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ်ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma in Geographic Information System) (PGDGIS) |
| ၂။ | သင်တန်းဝင်ခွင့်အရည်အချင်း | - သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။ |
| ၃။ | သင်တန်းကာလ၊ အချိန် | - (၁) ၂၀၁၅ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် မတ်လအထိ ၉ လ သင်တန်း<br>(၂) စနေနေ့- နံနက် ၈း၃၀ နာရီမှ ညနေ ၃း၃၀ နာရီထိ<br>တနင်္ဂနွေနေ့- နံနက်၈း၃၀နာရီမှ မွန်းလွဲ၁၂း၃၀နာရီထိ |
| ၄။ | သင်တန်းဖွင့်မည့်ရက် | - သင်တန်းများကို ၂၇-၆-၂၀၁၅ ရက်မှစ၍ ဖွင့်လှစ်ပါမည်။ |
| ၅။ | သင်တန်းလက်ခံမည့်ရက် | - သင်တန်းကို ၂၂-၆-၂၀၁၅ ရက်မှစ၍ လက်ခံပါမည်။ |
| ၆။ | သင်ကြားမည့်ဌာန | - ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ် |
| ၇။ | ဆက်သွယ်ရန်လိပ်စာ | - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန ဖုန်း-၅၈၅၀၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ |

**သင်တန်းကြီးကြပ်ရေးကော်မတီ**
**ဒဂုံတက္ကသိုလ်**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန် (၃)အိမ်ရာရှိ တိုက်အမှတ် (၇)၊ အခန်းအမှတ် ၀၀၁ ကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းနိုင်ထွန်း ၁၂/ကမတ(နိုင်)၀၅၉၉၈၉ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်နွဲ့နွဲ့ဦး၁၂/လမန(နိုင်)၀၇၈၀၉၄က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ရွှေတိဂုံစနေထောင့် မူလမင်းကွန်း ပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအသင်းကြီး၏ (၆၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၄-၆-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁း၀၀နာရီ
နေရာ - မူလမင်းကွန်းဓမ္မာရုံရွှေတိဂုံစနေထောင့် အောက်ပစ္စယာအသင်း

**အမှုဆောင်အဖွဲ့**

## စိုက်ပျိုးရေးဟောပြောပွဲ
## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)

**၁၃-၆-၂၀၁၅ ရက် (စနေနေ့)** - ကြယ်ပဲစိုက်ပျိုးနည်း
ဦးမောင်မောင်ထွေး၊ ပါမောက္ခ(ငြိမ်း)
စိုက်ပျိုးရေးတက္ကသိုလ်

**၂၇-၆-၂၀၁၅ရက် (စနေနေ့)** - တောင်သူနည်းပညာရရှိရေးလုပ်ငန်းသိကောင်းစရာ
ဦးသန်းဌေး၊ အမှုဆောင်ဒါရိုက်တာ(နှစ်ရှည်)ငြိမ်း

**နေရာ** - မြေပဒေသာဥယျာဉ်သင်တန်းခန်းမ-ဗဟန်း
**အချိန်** - နံနက် ၉း၀၀နာရီမှ ၁၁း၀၀နာရီ
**ဖုန်း** - ၀၉-၂၅၄၀၂၂၄၁၈ သို့ ဆက်သွယ်စာရင်းပေးနိုင်ပါသည်။

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့လမ်းမတော်မြို့နယ်၊သရက်တောကျောင်းတိုက်၊ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါနပါဝင် လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | |
|---|---|
| ၁။ ပြတင်းတံခါးတစ်ပေါက် | ၁ သိန်း |
| ၂။ အခန်းတံခါး | ၂ သိန်း |
| ၃။ ရေချိုးခန်း | ၃ သိန်း |
| ၄။ ကုဋီတစ်ခန်း | ၅ သိန်း |
| ၅။ အဝင်တံခါးမကြီးတစ်စုံ | ၇ သိန်း |
| ၆။ သံကူကွန်ကရစ်လှေကားတစ်စုံ | ၉ သိန်း |
| ၇။ သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ သိန်း |
| ၈။ ရေတိုင်ကီတစ်လုံး | ၁၂ သိန်း |
| ၉။ သံဃာလေးပါးနေ တစ်ခန်း | ၂၀ သိန်း |
| ၁၀။ မုခ်ဦး | ၃၀ သိန်း |
| ၁၁။ ဘုရားခန်း | ၅၀ သိန်း |
| ၁၂။ စာသင်ခန်းမဆောင် | ၁၀၀ သိန်း |
| ၁၃။ ဆွမ်းစားဆောင် | ၃၅၀ သိန်း |
| ၁၄။ ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ သိန်း |
| ၁၅။ ကွန်ကရစ်တိုင်တစ်လုံး | ၃ သိန်း |
| ၁၆။ စာချဆရာတော်များနေ တစ်ခန်း | ၂၅ သိန်း |
| ၁၇။ စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀ သိန်း |
| ၁၈။ သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ သိန်း |

အလှူရှင်များကမ္ဗည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း -၀၁-၇၀၈၈၇၄၊၀၉-၈၆၃၀၅၁၆

ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ဗဟိုစည်လမ်းမတော်
**(Account No.061-301-06100921001)**
ရှီးမဘဏ်၊ဘုန်းကြီးလမ်း၊လမ်းမတော်
**(Account No.021-31-501798-9)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8056 Toyota Alphard MNH 10/M/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ကောင်းမြတ်လင်း ၁၂/တမန(နိုင်)၀၉၄၂၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**



## လူပျောက်ကြော်ငြာ

ဖော်ပြပါ ဓာတ်ပုံရှင်ကျွန်တော်၏သား မောင်ဟန်လင်းထွန်း အသက်(၁၀)နှစ်သည် ၃၁-၅-၂၀၁၅ရက် မွန်းလွဲ ၂း၀၀ နာရီတွင် နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားအပ်ပါသည်။ လက်ခံထားသူအား တရားဥပဒေအရ အရေးယူပါမည်။

**ဦးစောအောင်ထွန်း**
**အမှတ်၅၇၊လေးလွှာ၊ဇေယျာဝတီလမ်း၊ စမ်းချောင်း**
**ဖုန်း-၀၉-၇၃၂၂၄၉၂၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၈)လမ်း၊ အမှတ်(၁၁၆၂)နေ အဖဦးတင်ဝင်း-အမိဒေါ်ကေသီ တို့၏သား မောင်ဇော်ဝင်းအောင်(ခ)အသေးလေးသည် မိဘများပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏စိတ်ဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေစား၊ အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးတင်ဝင်း-ဒေါ်ကေသီ**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၄ခုနှစ်(သို့မဟုတ်)၂၀၁၅ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

( င ) **၂၀၁၅ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

( ခ ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၅ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအသစ် ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ၁၉-၅-၂၀၁၅ရက်တွင် ခေါ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးလက်ကျန်းမာရေးဌာန (၁၀) ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၂)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဝန်ထမ်းအိမ်ရာတစ်ခု စုစုပေါင်း(၄၃)ခု အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် သက်ဆိုင်ရာဆောက်လုပ်ရေး လိုင်စင်ရကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၆-၂၀၁၅ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၇-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ
**လျှောက်လွှာတင်သွင်းရန်နေရာ** - တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၊ သစ္စာလမ်း၊ ပုသိမ်မြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါကနေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့**
ဖုန်း-၀၄၂-၂၄၉၃၁၊ ၀၄၂-၂၁၁၇၃၊ ၀၄၂-၂၁၁၄၂

---

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးတွင် အသုံးပြုရန် လိုအပ်သော ရုံးသုံးစက်ကိရိယာနှင့်စာရေးကိရိယာများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၁၉-၆-၂၀၁၅ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။
၃။ အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း တစ်စောင်လျှင် ကျပ် ၅၀၀၀(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးအမှတ်(၄၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၀၂**

---

**ဖခင် အမည်မှန်** မော်လမြိုင်မြို့၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း စတုတ္ထတန်းမှ မစုမြတ်နိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းထွဋ်ဖြစ်ပါကြောင်း။ **ဦးဝင်းထွဋ် ၁၀/ဘလန(နိုင်)၀၆၅၇၆၁**

---

## ဦးနိုင်လင်း ၁၂/ဒပန(နိုင်)၀၄၆၉၅၁၊ ဦးကျော်သူ အမှတ်(၂၅)၊ မင်းရဲကျော်စွာလမ်း၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့ (ထန်းပင်ကုန်း ၃ လမ်း သန်လျင်မြို့)
## သိရှိစေရန်

လူကြီးမင်းတို့သည် ချမ်းသာပလာဇာ ဒုတိယထပ် အခန်းအမှတ်(၀၂-၁၉)အား ကုမ္ပဏီရုံးခန်းဖွင့်လှစ်ရန် ငှားရမ်းခဲ့သော်လည်း (၃)လစာ ငှားရမ်းခပေးသွင်းပြီး ဆက်လက်ပေးသွင်းခြင်းမရှိတော့ဘဲ ရုံးခန်းကို ပိတ်ထားခဲ့သည့်အတွက် ငှားရမ်းခကိစ္စရှင်းလင်းရန်နှင့် အခန်းပြန်လည်အပ်နှံရန် နည်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်ဆက်သွယ်ဆောင်ရွက်ခဲ့သော်လည်း လာရောက်ရှင်းလင်းဆောင်ရွက်ခြင်းမရှိပါသောကြောင့် ယနေ့မှ တစ်ပတ်အတွင်းပေးရန် တာဝန်ရှိသောငွေများအား ပေးသွင်းရန်နှင့် အခန်းလာရောက်အပ်နှံပါရန်၊ အပ်နှံခြင်းမပြုပါက အခန်းအား ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်းနှင့် လူကြီးမင်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဆောင်ရွက်တော့မည်မဟုတ်ဘဲ ဖြစ်ပေါ်သမျှ အကျိုးဆက်များအားလုံးသည် လူကြီးမင်းတို့၏တာဝန်သာဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ချမ်းသာပလာဇာအုပ်ချုပ်ရေးမှူး**
**ချမ်းသာပလာဇာ**
**အမှတ် (၁၀၀-၁၀၂)၊ အထက်ပုဇွန်တောင်လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ နတ်သျှင်နောင်၊ မြေကွက်/ဦးပိုင်အမှတ်(၁၈၅က)၊ ဧရိယာ ၀ဒသမ ၀၃၃ဧကရှိ ဦးကျော်ဝင်းအမည်ပေါက် အငှားဂရန်မြေကွက်အား ဦးကျော်ဝင်း ၉/တထန(နိုင်)၀၁၇၈၇၇ (ဘ)ဦးစံညီမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ မြေကွက်/ဦးပိုင်အမှတ် ၁၀၅၊ ဧရိယာ ၀ဒသမ ၂၀၆ဧကရှိ ဒေါ်ညွန့်ညွန့် ပါ(၃) အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးညွန့်ဝင်း (အထွေထွေကိုယ်စားလှယ်ရရှိသူ) ၉/တကန(နိုင်)၀၀၈၇၄၃ (ဘ) ဦးမြမောင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်လမ်း၊ မြေကွက်/ဦးပိုင်အမှတ် ၈၄/၈၈၊ ၈၉ ဧရိယာ ၀ဒသမ ၄၀၁ဧကရှိ မြေကွက်အား ဒေါ်ချိုချိုအောင် (ဘ) ဦးသိန်းအောင် ၉/တကန(နိုင်)၀၀၅၆၉၂က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညိမ်းပို(ထားဝယ်)
## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ် ၂၄၄နေ (ဦးဘအို-ဒေါ်သင်းမေ)တို့၏သမီး၊ (ဦးတင်ညွန့်)၏ဇနီး၊ (ဦးသောင်းညွန့်)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးထိန်မြင့်-ဒေါ်သောင်းရီ၊ ဦးသောင်းရှိန်-ဒေါ်မိုးမိုးမြင့်၊ (ဒေါ်ရီရီထွေး)၊ ဦးမောင်မောင်လေး၊ ဦးထွန်းထွန်းလတ်-ဒေါ်ရီရီအေးတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၈-၆-၂၀၁၅ရက်(တနင်္လာ နေ့)နံနက် ၃နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀တွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## တိုက်ခန်းရောင်းမည်

၁၅ပေ×၆၀ပေ (မြေညီ) မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၀၅၅၁၈၀၊ ၀၉-၇၉၅၈၅၆၆၈၅၊
**ရောင်းဈေး သိန်း(၉၀၀)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ပ/၉၃၄၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င/၁၁)၊ မြေကွက်အမှတ်(၇၇)၊ နှင်းဆီလမ်း၊ (၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် အမည်ပေါက်ဦးဇော်မင်း ၁၃/တကန(နိုင်)၁၃၅၅၃၉မှ မြေချပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံကတိ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် အဘိရာဇာရပ်၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၁၊ ဧရိယာ ၀ဒသမ ၀၇၄ဧကရှိ မြေကွက်အား ဦးအောင်မြင် (ဘ) ဦးထိန်ဝင်း ၁၂/မရက(နိုင်)၁၄၃၃၁၀က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ဒေါ်ညွန့်ရီ ၇/ဖမန(နိုင်)၀၂၇၆၅၄က ဦးဝင်းရွှေ၁၂/စခန(နိုင်)၀၃၄၀၈၉အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၆-၆-၂၀၀၇ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၇၃၈/၂၀၀၇ ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO(Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc, Hon(IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၉၄၈၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄**

---

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၃၈၃)၊ အိမ်အမှတ်(က/၃၀)တွင် တည်ဆောက်ထားသော သုံးထပ်ခွဲ၊ မှန်ခန်းပါ ကန်ထရိုက်တိုက်အဆောက်အအုံ၏ ဒါဘ(ခေါင်မိုး)ခြေရင်းခန်းအား ပိုင်ရှင် ဦးဇော်မင်းဦး ၁၂/ရပသ(နိုင်)၀၃၆၃၀၄ ၏ခွင့်ပြုချက်ဖြင့် မိမိကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု မြွက်ဟကြေညာသော ဦးဇော်မင်းဦး၏ဇနီး ဒေါ်တင်တင်စိန် ၁၂/မရက(နိုင်)၁၁၉၄၇၀ထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသဖြင့် ဤအရောင်းအဝယ်ဖြင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်ရန်မရှိပါက အဆိုပါအရောင်းအဝယ်အား အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းဘုန်းမြတ် LL.B**
**အထက်တန်းရှေ့နေ (စဉ်-၃၇၈၀၅)**
**ဖုန်း-၀၉-၃၁၀၅၇၅၈၂**
**အမှတ်(၅၂/ဘီ)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက် ဦးစောထွန်းအောင် ၁၁/စတန(နိုင်)၀၁၁၄၉၀ ၏သားကြီး မောင်အုံး ၁၁/စတန(နိုင်)၀၁၈၈၉၀၊ သားငယ် မောင်ထွန်းထွန်းဇော် ၁၁/စတန(နိုင်)၀၅၂၀၅၉တို့သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး စော်ကားရိုင်းပျစွာပြုလုပ်ပါသဖြင့် ၂၈-၅-၂၀၁၅ရက်မှစ၍ အမွေဆိုင်သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။ ၄င်းကိစ္စအားလုံးကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**(ဘ) ဦးစောထွန်းအောင်**
**ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့**

---

## အမည်ပြောင်း

ဒေါ်အေးခိုင် ၉/တကန(နိုင်)၁၂၈၉၆၄ ၏သား နေပြည်တော်၊ တပ်ကုန်း အထက (MRTV) အဋ္ဌမတန်းမှ မောင်စိုးလင်းခိုင်အား မောင်ဉာဏ်ထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏ်ထက်အောင်**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချမ်းသာ ၁၀/သဖရ(နိုင်)၁၄၉၃၁၂၏ Psno-(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်ဝင်း
## အသက် (၈၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးကြီး ရဲထွန်းဝင်း(ငြိမ်း)၏ဖခင် ဦးဟန်ဝင်းသည် ၇-၆-၂၀၁၅ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အပတ်စဉ် (၁၇)**
**မိသားစု**

---

## ဦးမောင်အေး(ခ)လင်ကွမ်ချွန်
ရွှေပလောင်မုန့်တိုက်နှင့် ကဖီး
## အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း၊ (၅၂)လမ်းသွယ်၊ အမှတ် ၁၀နေ ဒေါ်ဝေဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစောဝင်းအေး-မိုးစပါယ်အေး၊ ဦးထွန်းဝင်းအေး-မရွှေဝါ၊ မယဉ်မျိုးမျိုးအေးတို့၏ ချစ်လှစွာသောဖခင်၊ VIVIAN LIN၊ ဝင်းသုတအေး၊ ခိုင်ရွှေစင်အေးတို့၏ ဘိုးဘိုးကြီးသည် ၆-၆-၂၀၁၅ ရက်(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၅ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
## ဗိုလ်မှူးဇော်နိုင်မြင့်(ခ)ဝဏ္ဏမြင့် (ထားဝယ်)
## တပ်ရင်းမှူး
## D.S.A (၄၀)၊ ကြည်း-၃၀၃၈၇
## (၁၀-၆-၂၀၁၃) - (၁၀-၆-၂၀၁၅)

- အဆွေးရယ်ကြွေ၊ ဖေ့သားငယ်မှာကွယ်၊ ခွဲသွားတာ (၂)နှစ်ပြည့်တဲ့ ချိန်ခါဆိုက်လာပေမယ့်၊ လှိုက်လှိုက်ကယ်ဖို့၊ ရှိုက်ရှိုက်ကာ-ငိုဆဲ။
- ပဲခက်ရွာ၊ မေတ္တာရှင်ရေပူစမ်းဆရာတော်ထံပါးမှာလ၊ လှူဒါန်းကာသုကတိလားပါလို့၊ ဆုပန်တာ-အမြဲ။

ဇော်နိုင်မြင့်မည်၊ သားဇာနည်ရေ-
မေ-ဖေ-ပြုသမျှ မြတ်ပုညကို၊ သားလှမောင်တွက် ရည်စူးလျက်သာ၊ ဖြစ်ပျက်ရှုကာ၊ သာဓုခေါ်စေ၊ အမျှ-ဝေ၏။
အမျှ-အမျှ-အမျှ ရသည်ဖြစ်စေသော်ဝ်။
အမျှ-ရကာ၊ သာဓု-သာဓု-သာဓု ခေါ်စေသော်ဝ်။

**ဖေဖေ-မေမေ**
**အစ်ကို၊ အစ်မများနှင့်တူမများ၊**
**ထားဝယ်မြို့**

---

**အမှတ် ၂၅၄၊ စုပေါင်းရုံးလမ်း၊ (၁၀/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍**
## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တိုးချဲ့၊ မြေကွက်အမှတ် ၂၅၄၊ အလျားပေ ၆၀×အနံပေ၆၀ အကျယ်ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဒေါ်အမာရီ ၅/ခဥတ(နိုင်)၀၀၈၅၄၇ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၆၇၀၂**
**အမှတ် ၅၆၁၊ (M.A.C Tower)အခန်း ၁၀၂၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

**ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ လက်ပံတန်းစုကျေးရွာ ကွင်းအမည်-ကြေးတိုင်ပြင်(အင်းကန်ကြေးတိုင်ကွင်း) ကွင်းအမှတ် ၆၄၅(က)၊ ယခုဦးပိုင်အမှတ်(N-၅၃)၊ ယခင်ဦးပိုင်အမှတ်(N-၆၅) မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့်**
## အများသိစေရန် ကြေညာချက်

ဒေါ်ခင်သူဇာအောင် ၁၂/ဗတထ(နိုင်)၀၀၉၃၆၈ မှ ၄င်းပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလျက် အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်သော ပိုင်ဆိုင်မှုအရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြနှင်းစောထံသို့ ၇-၂-၂၀၁၅ရက်က ကတိစာချုပ်ချုပ်ဆို၍ အာမခံအဖြစ်ပေးအပ်ခဲ့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ အပြီးအပြတ် ရှင်းလင်းဆောင်ရွက်ရမည့် (၃)လပြည့်မြောက်သည့်တိုင် ဒေါ်ခင်သူဇာအောင်မှ တစ်စုံတစ်ရာဆက်သွယ်မှုမပြုခဲ့ပါ။

ထို့ကြောင့် ဒေါ်ခင်သူဇာအောင်မှ ဒေါ်မြနှင်းစောထံသို့ အာမခံအဖြစ်ပေးအပ်ထားသော အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်များအား ဒေါ်မြနှင်းစောမှ တရားဝင် လွှဲပြောင်းရယူရန်အတွက် လိုအပ်သည့်ကိစ္စရပ်များကို အစိုးရသက်ဆိုင်ရာရုံးဌာနအသီးသီးတွင် တရားဝင်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေါ်မြနှင်းစော၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါမြေကွက်နှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်းမှစ၍ အခြားတစ်နည်းဖြင့် လွှဲပြောင်းခြင်းတို့အား ပြုလုပ်ခြင်းမပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ်-၅၆၁၊ (M.A.C Tower)၊အခန်း ၁၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးဟန်ညွန့် (ငြိမ်း)
### စက်ရုံမှူး(ငြိမ်း)၊ ကပစ(၃)ဆင်တဲ
### အသက်(၈၀)

ဒေါ်မေသန်း၏ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးဟန်ညွန့်(ငြိမ်း)သည် ၇-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်သောင်းရီ မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို (မြိုင်ကလေး)
### အသက်(၇၇)နှစ်

စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်သီဝ -ဒေါ်နှင်းမြမြမိုးတို့၏ဖခင် ဦးအေးကိုသည် ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်မင်းသန့်၊ ဦးတင်လင်း**
**ဦးနေမျိုးသူ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးကိုကိုဌေး (ငြိမ်း)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊သုဝဏ္ဏနေ ဒေါ်နန်းခင်အုန်းကြည်၏ခင်ပွန်းဖြစ်သူ သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကိုကိုဌေး(ငြိမ်း)သည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အေးမြင့်မောင်-မေသက်ထွန်း**

---

## ဒေါ်သင်းသင်းအေး
### ဦးစီးအရာရှိ၊ ဝန်ကြီးဌာန(၁)၊ နိုင်ငံတော်သမ္မတရုံး
### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ယန္တရားဝင်းနေ (ဦးစိန်ကြွယ်-ဒေါ်မေမေခင်)တို့၏သမီး၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်အိမ်ရာ၊ တိုက် ၄၊ အခန်း ၁၆နေ ဦးခင်မောင်လင်း(ဦးစီးအရာရှိ၊ ငြိမ်း)၊ ဒုတိယသမ္မတ(၁)ဦးစီးရုံး၏ဇနီး၊ ဒေါက်တာအောင်ဇာနည်ဟိန်း၊ မအိန္ဒြာကျော်တို့၏မိခင်သည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၃နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။(ခုတင်-၁၀၀၀ဆေးရုံမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးနေမျိုးဦး(ခ)တူးတူး
### (ဒုတိယသဘော်အရာရှိ) (F.G)
### အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ အမှတ် (၅၉-ဘီ ၁)၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်းနေ ဦးမျိုးမြင့်(ဒု-ညွှန်မှူး၊ ငြိမ်း၊ စီမံ/ဘဏ္ဍာ)-ဒေါ်အေးအေးတင့် (ဦးစီးအရာရှိ၊ ငြိမ်း၊ ရသုံးမှန်းခြေ)တို့၏သားကြီး၊ (ဦးစိုးမောင်)-ဒေါ်ခင်မြင့်တို့၏သားသမက်၊ ဒေါ်နုနုဝင်း၏ခင်ပွန်း၊ မောင်ဘုန်းမော်ကွန်း(Grade-5၊ အမှတ်-၃၊ မူလွန်၊ ဗဟန်း)၏ဖခင်၊ မသူဇာမြင့်(WHH)၏အစ်ကိုသည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့)ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ကိုဘော်ဘော်ဦး (ဟသ်ာတ)
### အသက်(၃၉)နှစ်

ပုသိမ်မြို့(၃/ဂ)၊ပြည်တော်သာနေ ဦးစံလှဘော်(ဦး/ရှိ၊ ငြိမ်း၊ သ/မဦးစီးဌာန)-ဒေါ်ခင်ဦး(ဦး/ရှိ၊ ငြိမ်း၊ သ/မဦးစီးဌာန)တို့၏သားကြီး၊ ဒု-ဗိုလ်မှူးကြီးထင်အောင်ကျော်(ငြိမ်း)-ဒေါ်မူမူ၊ ဒေါ်နွယ်နွယ်ဦး(အထက်တန်းပြ၊ အမက-၃၃)၊ (ဦးမြတ်သာထွန်း၊ ဒု/တိုင်းဦးစီးမှူး၊ငါးလုပ်ငန်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး) - ဒေါ်မင်းမင်းစိုး(ဦး/ရှိ၊ ကျုံပျော်ငါးလုပ်ငန်းဦးစီးဌာန)တို့၏တူ၊ ဗိုလ်မှူးထက်နိုင်အောင် (တပ်မတော်၊ လေ)-ဒေါ်မြတ်သီရိစံ၊ ဒေါက်တာထွန်းလင်းနိုင်(ဒု-ပါမောက္ခ၊ TU ပုသိမ်)-ဒေါ်အေးသီတာစံ (ကထိက၊ TU ပုသိမ်)၊ကိုအောင်မြတ်ဘော်(ခေတ္တ-မလေးရှား)-မအိအိခိုင်(ခေတ္တ-မလေးရှား)၊ မမိုးမြင့်မြင့်စံ(ငယ်/ယာ-၃၊ လျှပ်စစ်၊ လမ်းဦးစီးဌာန၊ ဟသ်ာတခရိုင်)၊ မောင်မြတ်သူအောင်(ဒု-နှစ်၊ မြန်မာစာ)တို့၏အစ်ကိုကြီး၊ တူ/တူမ လေးယောက်တို့၏ဘကြီးသည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၃း၅၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဘော်ဘော်ဦး အသက်(၃၉)နှစ်သည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၃း၅၀နာရီတွင်ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**စတာသ အမှတ်စဉ်(၄၀)ရောင်းရင်းများ**

---

## ဦးအုန်းကြိုင်(ဆိပ်/ခနောင်တို)
### လ/ထတိုင်းမန်နေဂျာ
### (ကုန်သွယ်/လယ်ယာ) (ငြိမ်း)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြင့်မိုရ်လမ်း၊ အမှတ် ၃၃-A၊ မြေညီထပ်နေ (ဦးရွှေကြီး-ဒေါ်အေးရွှေ)တို့၏သား၊ (ဦးကျော်ငြိမ်း - ဒေါ်သောင်းကြည်)တို့၏သားသမက်၊ ဒေါ်ခင်မြင့်မြင့်၏ခင်ပွန်း၊ မဆွေဇင်လင်း၊ မောင်ဟိန်းထက်ဦး၊ မောင်ဟိန်းထက်အောင်တို့၏ဖခင်သည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြင့်မိုရ်လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဖေဝင်း
### စစ်မှုထမ်းဟောင်း
### (OTS အပတ်စဉ်-၇၇)
### အသက်(၅၀)

တောင်ငူမြို့နေ (ဦးကြည်ဝင်း-ဒေါ်ခင်တိုး)တို့၏သား၊ ဒေါက်တာကြည်ကြည်စိုး (ပါမောက္ခ/ဌာနမှူး၊ သတ္တဗေဒဌာန၊ ကလေးတက္ကသိုလ်)၏ခင်ပွန်း၊ မသီရိသဇင်၏ ဖခင်သည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ဒိုးဝိုင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းညွန့် (Daisy Khin Ohn)
### လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ ဂုန်နီစက်ရုံ(အုတ်ကျင်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၉၀နေ ရွှေကျီး(ဦးခင်အုန်း-ဒေါ်သိန်းရွှေ)တို့၏သမီး၊(ဦးစိန်လွင်)-ဒေါ်မြင့်မြင့်ရီ၊ (ဒေါ်ခင်အေးမြင့်)တို့၏ညီမ၊(ဦးအောင်ဇင်)၊(ဦးတင်မင်း)-ဒေါ်ကြည်ကြည်မြင့်၊ဦးလှမြင့်၊ ဒေါ်မေအုန်းမြင့်တို့၏အစ်မ၊ ဒေါက်တာသန်းစိန်(ဥက္ကဋ္ဌ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း)-ဒေါ်သီတာတို့၏မိခင်၊ ဦးသိန်းအုပ်စိန်၊ ဒေါ်ချယ်ရီညွန့်မြင့်စိန်တို့၏အဘွား၊ သာယာဝတီ ရွှေကျီးကျောင်းနှင့် ရန်ကုန် မိုးညှင်းဝိပဿနာတိုက်သစ် ဆွမ်းစားကျောင်းဒါယိကာမကြီးနှင့် ရဟန်းမယ်တော် ဒေါ်သန်းသန်းညွန့်သည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၂း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမဒေါ်ခင်ခင်အေး(ခ)ဟာဂျီမဒေါ်စကီနာဘီ
### အသက်(၆၄)နှစ်

မိုးကုတ်မြို့နေ (ဟာဂျီဦးသန်းရွှေ-ဟာဂျီမဒေါ်ခင်မူ)တို့၏သမီး၊ (ဟာဂျီဦးဘမောင် - ဟာဂျီမ ဒေါ်သိန်းကြည်)တို့၏သမီးချွေးမ၊ မလေးရှားနိုင်ငံနေ (ဟာဂျီ ဦးမျိုးမြင့်)၏ချစ်လှစွာသောဇနီး၊ Feroza, Nadiaတို့၏ ချစ်လှစွာသောမိခင်၊ မိုးကုတ်မြို့နေ (ဦးသန်းညွန့်-ဟာဂျီမဒေါ်ခင်ခင်ပြုံး)၊ ဟာဂျီဦးတင်မောင်ညွန့်-(ဟာဂျီမဒေါ်ခင်သီ)၊ ဟာဂျီဦးလှမောင်-ဟာဂျီမဒေါ်ခင်မမကြီး၊ ဟာဂျီဦးထွန်းမောင်-ဟာဂျီမဒေါ်ရန်၊ ဦးသန်းမောင်-ဒေါ်မြင့်မြင့်ရီ၊ (ဟာဂျီဦးဝင်းဇော်)-ဟာဂျီမဒေါ်ခင်လတ်လတ်၊(ဟာဂျီဦးမင်းလွင်)-ဟာဂျီမဒေါ်ခင်ခင်ဌေး၊ ဟာဂျီဦးမျိုးတင့်-ဟာဂျီမဒေါ်ထွေးထွေးရီ၊ ဟာဂျီဦးမျိုးလွင်- ဟာဂျီမဒေါ်အေးအေးသွင်၊ ဟာဂျီဦးသက်လွင်-ဟာဂျီမဒေါ်ရီရီမေ၊ ဟာဂျီဦးခင်မောင်ဝင်း-ဟာဂျီမဒေါ်ခင်ခင်ရီ၊ ဦးမြင့်သိန်း-ဒေါ်စန်းစန်းဝင်း (လပ်ကီးနိုင်း ခေါက်ဆွဲစက်မိသားစု)၊ ဟာဂျီဦးမြင့်အောင်-ဟာဂျီမဒေါ်ခင်ခင်ဝင်း၊ (ဟာဂျီဦးမြင့်အောင်)-ဟာဂျီမဒေါ်ရီရီဌေး၊ ဟာဂျီဦးခင်မောင်ဝင်း-ဟာဂျီမဒေါ်မြမြဝင်း၊ ဦးမောင်မောင်လွင်-ဟာဂျီမဒေါ်တင်တင်ဝင်း၊ ဟာဂျီဦးမြင့်တင်-ဟာဂျီမဒေါ်နီနီအေး၊ ဦးမြင့်သိန်း-ဒေါက်တာနန်းနွဲ့၊ ဟာဂျီဦးမြင့်ရွှေ-ဟာဂျီမဒေါ်မြင့်မြင့်ဝင်း၊ ဟာဂျီဒေါက်တာအုန်းမောင် - ဟာဂျီမဒေါ်ဌေးဌေးဝင်း၊ ဟာဂျီဦးခင်မောင်ထွေး-ဟာဂျီမဒေါ်လှလှဝင်း၊ ဟာဂျီဦးမျိုးမင်းခိုင်-ဒေါ်ကျော့ကျော့ခိုင်တို့၏ အစ်မ/ညီမသည် ၉-၆-၂၀၁၅ရက် မလေးရှားစံတော်ချိန် နံနက် ၂း၄၇နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်မြိုင်(မိတ္ထီလာ)
### အသက်(၇၄)နှစ်

မိတ္ထီလာမြို့၊ ငြိမ်းချမ်းဂေဟာ၊ ပေါက်ချောင်းကွက်သစ်ရပ်နေ [ဦးချမ်းငြိမ်း(အငြိမ်းစားစိုက်ပျိုးဝန်)-ဒေါ်ခင်ကြည်]တို့၏သမီးကြီး၊ မြေပြန့်မြိုင်နေ (ဦးဘိုးရင်-ဒေါ်မမလေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ရတနာအိမ်ရာ၊ မြလမ်း၊ အမှတ် ၁၃၂နေ [ဦးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)]၏ ဇနီး၊ ဦးသန့်ဇင်-ဒေါ်တိုးစန္ဒာဦး၊ ဦးထိန်လင်းဦး-ဒေါ်သင်းသင်း၊ ဗိုလ်မှူးဌေးလွင်-ဒေါ်လင်းလင်းဦးတို့၏ မိခင်၊ အိမ့်ဖြူသဲ၊ သီဟသန့်ဇင်ဦး၊ မင်းထက်အောင်၊ ချမ်းငြိမ်းလွင်၊ ဖြူစင်ချမ်းမြေ့တို့၏ဘွားဘွားသည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်မြိုင်(မိတ္ထီလာ)
### အသက်(၇၄)နှစ်

မိတ္ထီလာမြို့၊ ငြိမ်းချမ်းဂေဟာ၊ ပေါက်ချောင်းကွက်သစ်ရပ်နေ (ဦးချမ်းငြိမ်း၊ အငြိမ်းစားစိုက်ပျိုးဝန်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ မြေပြန့်မြိုင်နေ (ဦးဘိုးရင်-ဒေါ်မမလေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊အမှတ် ၁၃၂၊ မြလမ်းနေ (ဦးမြင့်ဦး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း)၏ဇနီး၊ မိတ္ထီလာမြို့၊ ရိပ်သာရပ်နေ (ဒေါ်စန်းရီ)၊ ဒေါ်စန်းတင့်(အထက ကျောင်းအုပ်၊ငြိမ်း)၊(ဦးအောင်မောင်း)-ဒေါ်စန်းမြင့်(အလပြ၊ ငြိမ်း)၊ ဒေါ်စန်းထွေး(အလပြ၊ ငြိမ်း)၊ ပြည်သာယာရပ်၊ နှင်းကမ္ဘောဇဘော်ဒါပိုင်ရှင်၊ ဦးမြင့်ကြည်-ဒေါ်ကြည်မြိုင်၊ ဦးအောင်သန်းမြင့် (ညွှန်မှူး၊ ငြိမ်း)-ဒေါ်စန်းစန်းအေး (ဒု-ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး)တို့၏ အစ်မကြီး၊ ဒေါ်မိုးသက်မာ(အလပြ)၊ ဒေါ်ခက်ခက်ငယ်(ဆည်မြောင်း)၊ ဗိုလ်ကြီးသန့်ဇင်-ဒေါ်တင်မြတ်ဇင်၊ စုနှင်းထွေး၊ အောင်ချမ်းမြေ့တို့၏ ကြီးကြီးသည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်လှိုင်(မြို့နယ်မန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ မန္တလေးတိုင်းဒေသကြီး၊မိတ္ထီလာ)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် B၊ အခန်း 442/A၊ မုဒိတာအိမ်ရာနေ (ဦးမောင်မော်-ဒေါ်ခင်လှ)တို့၏သားကြီး၊ (ဦးဘိုကြီး-ဒေါ်မြင့်)တို့၏သားသမက်၊ [ဒေါ်ခင်ဇော်ဌေး(ခ)ဒေါ်လှလှ]၏ ချစ်လှစွာသောခင်ပွန်း၊ (ကိုအောင်သက်ဦး)၊ ကိုအောင်သက်ခိုင်-မအဲအွတ်၊ ကိုသိန်းဌေး(AE ရေအရင်းအမြစ်ဌာန)-မမီမီမော်၊ ကိုအောင်သက်ထွေး(မန်းရတနာပုံလေကြောင်းလိုင်း)-မမြမြ၊ ကိုမင်းမင်းသိန်း-မခင်ဆုမွန်(USA)၊ မယဉ်ယဉ်သောင်း(ခ)မသဲသဲ (Laminaye Co.,Ltd.)တို့၏ဖခင်ကြီး၊ မောင်သက်ပိုင်ဦး(PEM-CO Co.,Ltd.)၊ မဌေးအဉ္ဇလီ(Third Year, Maths)၊ မောင်အောင်ခန့်မော် - မလွန်းရတနာမြင့်မိုရ်၊ နီနီ၊ ပိုပို၊ပြည့်ပြည့်၊ပိုးပိုး၊ ဖူးသစ်ဟန်နီတို့၏ဘိုးဘိုးကြီးသည် ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၅း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် 442/A၊ မုဒိတာအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ပြုံးပြုံးရီ(ခ)ကျင်ကျင်
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၅၊ အခန်း ၂၃နေ (ဦးမောင်ငယ် - ဒေါ်ရှိန်)တို့၏ သမီး၊ (ဦးထွန်းမှိ-ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ဦးဆန်းဌေးနိုင်(လ/ထဦးစီးမှူး၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ပြည်တွင်းအခွန်)-ဒေါ်ဝတ်ရည်ဦး (ဒု-ဦးစီးမှူး၊ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးမှူးရုံး၊ ပြည်တွင်းအခွန်)၊ မပြုံးသစ္စာဦး (YHTOO GROUP ကုမ္ပဏီ)၊ ကိုကောင်းထွဋ်ဦးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဦးမြင့်ဦး (ပြည်တွင်းအခွန်)၏ဇနီးသည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယိကာမကြီး
## ဒေါ်ညွန့်စိန်(ခလောက်ချိုက်)
### (ကြည့်မြင်တိုင်)
### အသက်(၈၉)နှစ်

တွံတေးမြို့နယ်၊ ခလောက်ချိုက်ကျေးရွာနေ (ဦးထွန်းတင်-ဒေါ်မြစိန်)တို့၏သမီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈K)ရပ်ကွက်၊ ဇင်ယော်လမ်း၊အမှတ် ၁၅၁၃(ခ)နေ ဒေါ်စန်းမြင့်၊ ဦးသန်းဌေး-(ဒေါ်ရင်မာ)၊ (ဦးမြင့်ကြည်)-ဒေါ်ညွန့်ညွန့်ရွှေ၊ ဦးမြင့်ဦး(ခ)ဦးပြုံး-ဒေါ်မြင့်မြင့်ချို၊ ကိုလှမင်း(အင်ဂျင်နီယာဌာန၊ ကပရ)၊ မနိုင်နိုင်ဝင်း (ရန်ကုန်တိုင်း GEC)တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၁ယောက်တို့၏ဘွားဘွားကြီး၊ (ဦးဟုတ်လှိုင်)၏ဇနီးသည် ၈-၆-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့ (ပြည်)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်၊ သုဇိတာလမ်း၊ တိုက် ၂၈၊ အခန်း ၁၁နေ ဦးလှအောင်-ဒေါ်ဒေါ်ပုတို့၏သမီးကြီး၊ ဦးကျော့ရှင်း-ဒေါ်ကုလားမတို့၏ သမီးချွေးမ၊ (ဗိုလ်ကြီးအောင်သောင်း၊ ငြိမ်း)၏ဇနီး၊ (ဦးမောင်မောင်)၊ (ဦးအောင်မြင့်ဝင်း-ဒေါ်ခင်သိန်းဝင်း)၊ ဦးကျော်ဝင်း-(ဒေါ်ဝင်းကြည်)၊ ဒေါ်သီသီအေးတို့၏အစ်မကြီး၊ဦးမြင့်သိန်း-ဒေါ်စုစုခိုင်၊ဦးအောင်ဝင်း - ဒေါ်မေမေသိန်း၊ (ဦးဝင်းအောင်)-ဒေါ်စုစုအောင်၊ ဦးခင်မောင်ဝင်း-ဒေါ်နုနုအောင်၊ ဦးဘိုဘိုလွင်-ဒေါ်စိုးစိုးအောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်၊ မြစ် ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၈-၆-၂၀၁၅ရက် ည ၈း၄၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်ယဉ်မြိုင်
### (မိတ္ထီလာမြို့)
### အသက်(၇၄)နှစ်

မိတ္ထီလာမြို့၊ ငြိမ်းချမ်းဂေဟာ၊ ပေါက်ချောင်းကွက်သစ်ရပ်နေ (ဦးချမ်းငြိမ်း၊ အငြိမ်းစားစိုက်ပျိုးဝန်-ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာမြိုင်အိမ်ရာနေ (ဦးမြင့်ဦး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဒေါ်နှင်းနှင်းရီ၊ ဒေါ်စက်စက်နိုင် (မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း)၊ ဒေါ်ခင်ခင်စိုး(မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း)၊ ဒေါက်တာဦးမျိုးဆန်း(သုခထီလာ အထူးကုဆေးခန်း)-ဗိုလ်မှူး ဒေါ်အုန်းအုန်းကြည် (ငြိမ်း)၊ ဒေါ်ရီရီစမ်း (ဆောက်လုပ်ရေး၊ ငြိမ်း)၊ ဦးမြင့်သိန်း (ဒု-ညွှန်မှူး၊ စက်မှု-၁၊ ငြိမ်း)-ဒေါ်ယဉ်ယဉ်ဝေ၊ ဒေါက်တာထင်အောင် (လ/ထညွှန်မှူး၊ ငြိမ်း)-ဒေါက်တာယုယုနွယ်၊ဦးဟန်ခင်(စက်မှုလယ်ယာတိုင်းဦးစီး၊ ငြိမ်း)-ဒေါ်ခင်စမ်းမြင့်(အထပြ၊ငြိမ်း)၊ ဒေါ်လှလှသိန်း(အလပြ၊ လ-၂)၊ ဦးရွှေညို-ဒေါ်စိန်စိန်ဌေး(ဇေယျာသီရိမြို့နယ် စာရင်းစစ်ရုံး)၊ ဦးဝင်းမြင့်(ညွှန်မှူး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့) - ဒေါ်တင်တင်ချို (လ/ထ၊ကထိက၊ငြိမ်း)၊ ဦးဝင်းထိန်-ဒေါ်ထွေးကြည်တို့၏အစ်မကြီး၊ တူ၊ တူမ ၁၆ယောက်တို့၏ကြီးကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဥဒေယျာဓမ္မ
### သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သစ်ဆိမ့်ကျေးရွာနေ ခမည်းတော် ဦးစံတေး-မယ်တော် ဒေါ်ငွေဘော်တို့၏သားတော်၊ ကုန်းမြင့်ကျောင်းတိုက်ကြီး ပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တဥဒေယျာဓမ္မသည် (၁၃၇၇ ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) ၈-၆-၂၀၁၅ရက်(တနင်္လာနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဆွေမျိုးများအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များ

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးဟန်ဝင်း (ပြင်ဦးလွင်မြို့)
### အသက်(၈၈)နှစ်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၃လမ်း၊ ၇၃လမ်းထောင့်နေ တရားလွှတ်တော်ရှေ့နေ ဦးမင်းအောင် - တရားလွှတ်တော်ရှေ့နေ ဒေါ်မြင့်မြတ်ဝင်း၊ (ဒေါ်ခင်မာကြွေ)၊ ၆၄လမ်း၊ ၄၁လမ်းထောင့်နေ ဗိုလ်မှူးကြီးရဲထွန်းဝင်း(ငြိမ်း)-ဗိုလ်ကြီးဒေါ်ခင်စန်းရီ(ငြိမ်း)၊ အောင်ချမ်းအေးအပိုင်း(၃)နေ ဆိုင်မန်နေဂျာ ဦးလှထွန်းဝင်း(ငြိမ်း)-ဆရာမဒေါ်ခင်ဌေးလှ(အလပြ၊ငြိမ်း)တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာသာဆန်း(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်အထူးကု MGH)-ကထိက ဒေါက်တာသက်သက်ဆွေ(ခွဲစိတ်ရုံ-၂၊ MGH)၊ အင်ဂျင်နီယာ ဦးအောင်ပြည့်-ဆရာမဒေါ်မေသီဟန်(Apex ပညာ့ရိပ်သာ)၊ ဦးလွှမ်းမိုးထွန်း(MPPE)-ဒေါ်ခင်သူဇာဝင်း၊ ဗိုလ်မှူးအေးကိုကိုဇင်(ရွှေညောင်)-ဒေါ်ပန်းအိအိထွန်း၊ ကိုပြည့်ဖြိုးထွန်းတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ညွန့်ညွန့်)၏ချစ်လှစွာသောခင်ပွန်းသည် ၆-၆-၂၀၁၅ရက် (စနေနေ့) ည ၈း၃၀နာရီတွင် ၆၄လမ်းနှင့် ၄၁လမ်းထောင့်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းမြင့် အသက်(၆၆)နှစ်
### မြန်မာ့သစ်လုပ်ငန်း ရောင်း/စက်(ငြိမ်း)
### အမှတ်(၁၁)သစ်စက်၊ ကျီကုန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျီကုန်းရွာနေ(ဦးကံလှ-ဒေါ်ဆန်းလှ)တို့၏သား၊ (ဦးစောဖေ-ဒေါ်အေးပေါ်)တို့၏သားသမက်၊ ဒေါ်သန်းမြင့်(မြစ်သာရှုခင်း)၏ခင်ပွန်း၊ ဦးကျော်မိုး-ဒေါ်ထွေးမာ၊ ဦးကျော်စိုး-ဒေါ်ကြည်ကြည်ဝင်း၊ မခင်လေးကျော်၊ ဗိုလ်ကြီးငြိမ်းချမ်းအောင်(ငြိမ်း)-ဒေါ်သန္တာကျော်၊ ဒုတိယဗိုလ်မှူးကြီးကျော်ထက်အောင်-ဒေါ်ငြိမ်းငြိမ်းစိုး၊ ဗိုလ်မှူးတင့်ထူးအောင်-ဒေါ်စုမွန်ကျော်၊ မအေးစုမြတ်တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၉-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၅ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒုဗိုလ်မှူးကြီးကိုကိုဌေး (ငြိမ်း)
### OTS (၅၁) စိန့်ပီတာကျောင်းသားဟောင်း B.Eco 1974
### အသက်(၆၃)နှစ်

မန္တလေးမြို့နေ [ဦးစိန်(မီးခြစ်စက်ရုံ-၁)-ဒေါ်ခင်လှလှ]တို့၏သား၊ သီပေါမြို့နေ (ဦးကျော်အေး-ဒေါ်ခမ်းဆာ)တို့၏သားသမက်၊ ဗိုလ်မှူးစိုင်းသူရဌေး၊ မောင်စိုင်းဇာဏီဌေး၊ မမေသူခင်ဇော်၊ မမ္ဗူကိုကိုတို့၏ဖခင်၊ ဒေါ်နန်းခင်အုံးကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၈-၆-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် ၂၄၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒုဗိုလ်မှူးကြီးကိုကိုဌေး (ငြိမ်း)
### OTS (၅၁)
### စိန့်ပီတာကျောင်းသားဟောင်း B.Eco 1974
### အသက်(၆၃)နှစ်

မန္တလေးမြို့နေ [ဦးစိန်(မီးခြစ်စက်ရုံ-၁)-ဒေါ်ခင်လှလှ]တို့၏သား၊ သီပေါမြို့နေ (ဦးကျော်အေး-ဒေါ်ခမ်းဆာ)တို့၏သားသမက်၊ ဦးကိုကိုကြီး [(Super Seven Stars Co.,Ltd)၊ စက်မှု-၂၊ ငြိမ်း)]-ဒေါ်ခင်ညိုဝင်း၊ (ဦးကိုကိုလေး၊ မီးခြစ်စက်ရုံ-၁)-ဒေါ်အေးအေးမြင့်၊ (ဦးခင်မောင်ထွေး)-ဒေါ်အုန်းမြင့်တို့၏ညီ၊ (ဦးကိုကိုအေး-ဒေါ်နုနုစိန်)၊ ဒုဗိုလ်မှူးကြီးကိုကိုသန့်(ငြိမ်း)-ဒေါ်ဝင်းမာလေးတို့၏အစ်ကိုသည် ၈-၆-၂၀၁၅ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ် ၂၄၉ နေအိမ်၌ ကွယ်လွန်သွားကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းစိန် (သိမ်ချောင်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ကျိုက္ကဆံလမ်း၊ တိုက် ၄၈၁(ခုနစ်လွှာ-အေ)နေ (ဦးညွန့်တင်-ဒေါ်နှင်းတင်)တို့၏သမီး၊ (ဦးသိန်းမောင် - ဒေါ်မယ်အုံ)တို့၏ ချွေးမ၊ (ဦးမောင်တင်)၏ဇနီး၊ (ဦးသိန်းရွှေ)-ဒေါ်တင်ဝင်း၊ (ဦးသန်းအေး၊ ဦးစံလွင်၊ ဦးထိန်ဝင်း-ဒေါ်နွယ်နီဌေး၊ (ဦးကြည်ဝင်း)-ဒေါ်မြင့်မြင့်ဝင်း၊ ဦးအောင်မြတ်ထွန်း-ဒေါ်သော်တာဝင်း၊ ဦးညီညီထွေး-ဒေါ်ဆုထွေးငယ်တို့၏မိခင်၊မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၅း၅၅နာရီတွင်အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၁-၆-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးဝင်းတင့်
### B.A (Law) LL.B
### အသက်(၆၂)နှစ်

ကောလင်းမြို့နေ (ဦးစက်နိုင်-ဒေါ်ကြည်)တို့၏သား၊ လားရှိုးမြို့နေ ဦးရင်မောင် - ဒေါ်စိုးစိုးဝင်းတို့၏မောင်၊ ကောလင်းမြို့နေ ဦးဝင်းမြင့်-ဒေါ်ကြင်ကြင်တို့၏အစ်ကို၊ မန္တလေးမြို့၊ ၂၂ လမ်း၊ ၈၈×၈၉လမ်းကြား၊ ယုဇနလမ်းထောင့်၊ စိန်ဒါးကုန်မာဆိုင်နေ မောင်ကိုကိုလေး - မယဉ်ငြိမ်းအေး၊ ဒေါက်တာသော်ဇင်၊ မောင်ဆက်ဖြိုးဝေတို့၏ဖခင်၊ ဒေါ်ယဉ်ယဉ်၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၅ ရက် မွန်းတည့် ၁၂နာရီတွင် ယူနန်ဘုံကျောင်း၊ လမ်း ၈၀မှ အေးရိပ်ငြိမ် ယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

28th SEA GAMES
SINGAPORE 2015
5 – 16 JUNE 2015

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ဆုတံဆိပ်များဆွတ်ခူး



**စင်ကာပူ ဇွန် ၉**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို ဇွန် ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြန်မာအားကစားအဖွဲ့များက ကနူးနှစ်ယောက်တွဲ လှေလှော်ပြိုင်ပွဲတွင် ပထမဆု၊ ကနူးတစ်ဦး လှေလှော်ပြိုင်ပွဲတွင် ဒုတိယဆု၊ စနူကာပြိုင်ပွဲတွင် ဒုတိယဆုနှင့် အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် တတိယဆုများ ဆွတ်ခူးလျက်ရှိကြောင်း သိရသည်။

**ကနူးနှစ်ယောက်တွဲ လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းထိုက်နှင့် မောင်မောင်တို့အတွဲ ပန်းဝင်လာစဉ်။** (အဆိုပါ ကနူးနှစ်ယောက်တွဲ လှေလှော်ပြိုင်ပွဲတွင် ပထမဆု ဝင်းထိုက်နှင့် မောင်မောင်တို့အတွဲ၊ ဒုတိယဆု စင်ကာပူ၊ တတိယဆု ဖိလစ်ပိုင်နိုင်ငံတို့ ရရှိခဲ့ကြသည်။)

**အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်စဉ်။** (အဆိုပါ အမျိုးသမီး မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖြူဝါသက်က တတိယဆုရရှိခဲ့သည်။)


ဓာတ်ပုံ-စိုးညွန့်

## ဆီးဂိမ်းအားကစားပြိုင်ပွဲ မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ဘောလုံးယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၉**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များမှ ဇွန် ၁၀ ရက်တွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ညနေ ၆ နာရီ ၃၅ မိနစ်မှစ၍ MRTV NEWS Channel နှင့် MRTV Entertainment Channel၊ မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာ့ရုပ်မြင်သံကြား MRTV NEWS Channel မှ ပုံမှန်ထုတ်လွှင့်လျက်ရှိသည့် ည ၈ နာရီသတင်းကို ည ၉ နာရီတွင် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အသံထက် မြောက်ဆမြန်စွာ ပျံသန်းနိုင်သည့် ပထမဆုံး မောင်းသူမဲ့လေယာဉ် SR-72

နိုင်ငံတကာသတင်းဆောင်းပါး
စာမျက်နှာ-၅




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။